# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက် | ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာ ၃ ရက်၊ စနေနေ့ | အတွဲ (၆၀)၊ အမှတ် (၀၀၃)


# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့်မိန့်ခွန်း



အခုဆိုရင် မြန်မာနိုင်ငံမှာ ကိုဗစ်ရောဂါ ကူးစက်မှုနှုန်းဟာဆိုရင် ၁၄၃၀၀ ကျော်သွားပါပြီ။ သေဆုံးမှုက ၃၀၀ ကျော်သွားပါပြီ။ အရင်အပတ်တုန်းက ပြောခဲ့တဲ့အတိုင်းပဲ အခုမြန်မြန်ဆန်ဆန်သိရတဲ့ Test Kit တွေ သုံးတဲ့အခါမှာဆိုရင် တွေ့ရှိမှုက ပိုများလာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မြန်လို့ပေါ့နော်။ တွေ့ရှိမှုက ပထမပိုင်း ပိုများလာမယ်။ နောက်ပိုင်းမှာတော့ ကျသွားမယ်လို့ မျှော်လင့်ပါတယ်။ ပထမပိုင်းမှာ ပိုပြီး များလာလို့လည်း သိပ်ပြီးတော့ စိုးရိမ်ကြောင့်ကြမှုတွေ မဖြစ်ပါနဲ့။ အရေးကြီးတာကတော့ စောစောစီးစီးသိရလို့ စောစောစီးစီး ကုနိုင်တာဟာ ကိုယ့်အတွက် ပိုပြီးကောင်းမယ်ဆိုတာကို ပြည်သူတွေ သိဖို့ပဲဖြစ်ပါတယ်။

အခုကြည့်လိုက်တဲ့အခါမှာ ကိုဗစ်ရောဂါနဲ့ပတ်သက်လို့ ကူးစက်မှုဟာ ရောဂါ လက္ခဏာရှိလို့ လာပြီးစစ်တဲ့ လူတွေထဲမှာဆိုရင် ၂၃ ဒသမ ၆ ရာခိုင်နှုန်းဟာ ရောဂါရှိတယ်ဆိုတာ တွေ့ရပါတယ်။ နောက်ပြီးတော့ ရောဂါရှိတဲ့သူနဲ့ တွေ့ ထိတွေ့မှုရှိလို့ လာပြီးတော့ အစစ်ခံတဲ့သူတွေထဲမှာဆိုရင် ၁၈ ဒသမ ၉ ရာခိုင်နှုန်းဟာ ရောဂါရှိတာကို တွေ့ရပါတယ်။ ပြည်ပ ဒါမှမဟုတ် ရောဂါ ပြန့်ပွားနေတဲ့ ပြည်တွင်းနေရာတွေကနေပြီးတော့ လာတဲ့လူတွေကို စစ်လိုက်တဲ့အခါမှာ ၁ ဒသမ ၈ ရာခိုင်နှုန်းဟာ ရောဂါပိုးရှိတယ်ဆိုတာကို တွေ့ရပါတယ်။ အရေးကြီးတာကတော့ ကိုယ့်မှာ ရောဂါလက္ခဏာရှိတာနဲ့ မြန်မြန်ဆန်ဆန်သွားပြဖို့ပါပဲ။

အဲဒါနဲ့ပတ်သက်ပြီး ပြည်သူတွေ တော်တော်များများ စိုးရိမ်နေတဲ့ကိစ္စက ဘာလဲဆိုတော့ အနံ့မရတဲ့ဟာပေါ့။ အနံ့မရတဲ့ ပုဂ္ဂိုလ်တွေမှာဆိုရင် ဘယ်လောက်အန္တရာယ်ရှိသလဲ ဆိုတာကို သိချင်ကြပါတယ်။ ကျွန်မတို့ သမားတော်ကြီးတွေအနေနဲ့ကတော့ အနံ့မရတဲ့ လက္ခဏာတွေပေါ်ပြီဆိုရင် စောစောစီးစီး အစစ်ခံလိုက်ပါက

စာမျက်နှာ ၃ ကော်လံ ၁ ❖

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့်မိန့်ခွန်း ပြောကြားစဉ်။

သတင်းစဉ်

## ယနေ့ သတင်းအညွှန်း


စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် ကိုဗစ် - ၁၉ ကူးစက်မှုများပြားလာသည့်အတွက် ကန့်သတ်မှုအသစ်များ ထုတ်ပြန် စာ ➢ ၁၂

သမ္မတထရမ့်နှင့် သမ္မတကတော် ကိုဗစ် - ၁၉ ကူးစက်ခံရ စာ ➢ ၁၃

ကိုဗစ် - ၁၉ နှင့် အောက်စီမီတာ စာ ➢ ၂၂


## ကချင်ပြည်နယ်အတွင်း ရွေးကောက်ပွဲအတွက် ဒုတိယအကြိမ်မဲစာရင်းတွင် လူဦးရေ ၁၁ သိန်း နီးပါးရှိလာပြီး မဲရုံပေါင်း ၉၀၀ ကျော်ဖြင့် လျာထားဆောင်ရွက်လျက်ရှိ

မြစ်ကြီးနား အောက်တိုဘာ ၂

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအတွက် ဒုတိယအကြိမ် မဲစာရင်းများကို အောက်တိုဘာ ၁ ရက်တွင် စတင်ကပ်ထားကြေညာပြီဖြစ်ရာ ကချင်ပြည်နယ်အတွင်း မဲဆန္ဒရှင်ဦးရေသည် ပထမအကြိမ်မဲစာရင်းထက် ၁၀၀၀၀ ကျော် တိုးလာခဲ့သဖြင့် မဲဆန္ဒရှင် ၁၁ သိန်းနီးပါးရှိလာပြီး မဲရုံပေါင်း ၉၀၀ ကျော်ဖြင့် လျာထားဆောင်ရွက်လျက်ရှိကြောင်း ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရှိရသည်။



ကချင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး။

ကချင်ပြည်နယ်အတွင်း ပထမအကြိမ် မဲဆန္ဒရှင်စာရင်းကို မဲဆန္ဒရှင် ဦးရေ ၁၀၈၅၀၈၁ ဦးဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီး မဲရုံအရေအတွက် ၈၉၀ ဖြင့် လျာထားဆောင်ရွက်ခဲ့သော်လည်း ဒုတိယအကြိမ် မဲစာရင်းအတွက် ကော်မရှင်အဖွဲ့ခွဲအနေဖြင့် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ခြင်းလုပ်ငန်းများ စိစစ်ပြီးစီးသည့်အချိန်အထိ လူဦးရေ ၁၀၀၀၀ ကျော် တိုးလာခဲ့သဖြင့် မဲဆန္ဒရှင်ဦးရေ ၁၀၉၆၇၀၁ ဦး ရှိလာကာ ၁၁ သိန်းနီးပါး ရှိလာခဲ့ကြောင်းနှင့် မဲရုံအရေအတွက်ကို လူဦးရေ ၃၀၀၀ အထက် မဲရုံများနှင့်

စာမျက်နှာ ၈ ကော်လံ ၁ ❋

မြန်မာ့အလင်း

# မစိုးရိမ် မတုန်လှုပ်နှင့် သို့သော် မပေါ့ဆပါနှင့်

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် သူ၏ ဇနီးသည်တို့ ကိုဗစ်ရောဂါပိုး ကူးစက်ခံရကြောင်း၊ ၎င်းတို့နှစ်ဦးလုံး ရောဂါပိုးရှိသူများကို သီးခြားကန့်သတ်ထိန်းချုပ်ထားသည့်ဌာနတွင် သွားရောက်နေရမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ အိမ်ဖြူတော်က သတင်းထုတ်ပြန်ပါသည်။

ယနေ့ထုတ် စာရင်းဇယားများအရဆိုလျှင် တစ်ကမ္ဘာလုံးတွင် ရောဂါပိုးကူးစက်ခံရသူ သုံးဆယ့်လေးသန်းခွဲနီးပါးခန့်ရှိပြီး သေဆုံးသူ တစ်သန်းထက် အနည်းငယ် ကျော်လွန်သွားခဲ့ပြီ။ အမေရိကန်နိုင်ငံတွင် ရောဂါပိုးရှိသူလူနာ စုစုပေါင်း ခုနစ်သန်းခွဲနီးပါးရှိကာ သေဆုံးသူ နှစ်သိန်းကျော်ကျော်ရှိ၏။ အမေရိကန်နိုင်ငံသည် ကမ္ဘာပေါ်တွင် ကိုဗစ်ရောဂါပိုး ကူးစက်ခံရမှု အများဆုံးနိုင်ငံလည်း ဖြစ်ပါသည်။ ခပ်စောစောပိုင်း ကာလကတည်းက အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က နှာခေါင်းစည်းတပ်ခြင်းသည် ရောဂါပိုးကူးစက်ခြင်းကို ကာကွယ်နိုင်ကြောင်း ရေရာသည့် အထောက်အထားမရှိဟုဆိုကာ နှာခေါင်းစည်းတပ်ခြင်းကို ဆန့်ကျင်ခဲ့သူဖြစ်သည်။ ရောဂါပိုးကူးစက်မှုများ အမေရိကန်နိုင်ငံတွင်း၌ တဖြည်းဖြည်းချင်း တိုးပွားများပြားလာသည်မှာ ဒေါ်နယ်ထရမ့်၏ တာဝန်မကင်းဟု ပြစ်တင်ဝေဖန်ပြောဆိုမှုများလည်း အမေရိကန်ပြည်တွင်း၌ရော ပြည်ပနိုင်ငံများတွင်ပါ ရှိနေခဲ့သည်။

လူ့သဘာဝအရ အနိဋ္ဌာရုံဖြစ်ပျက်မှုသတင်းများကို မည်သို့ပင်ကြားနေမြင်နေရသည်ဖြစ်စေ မိမိထံသို့ ရောက်လာလိမ့်မည်ဟု တော်ရုံမျှဖြင့် ယုံကြည်လေ့မရှိပါ။ အချို့ကလည်း ဤကဲ့သို့သော ဖြစ်ပျက်မှုများသည် မိမိ၏ ကုသိုလ်ကံအရ၊ သို့မဟုတ် မိမိ၏ ကိုယ်စွမ်း ဉာဏ်စွမ်းအရ မိမိထံတွင် ဖြစ်စရာအကြောင်းမရှိဟု ယူဆကြသည်လည်း ရှိ၏။ လက်တွေ့ဘဝတွင် မတော်တဆမှုဆိုသော အမှုများသည် ယခုလိုပင် ဖြစ်လာလိမ့်မည်ဟု မထင်ဘဲ ဖြစ်ခဲ့ရသည်တို့သာ များပါ၏။ ထို့ကြောင့်ပင် ယင်းကဲ့သို့သော မတော်တဆမှုများကြောင့် လူတို့ ထိခိုက်နစ်နာမှုများ မဖြစ်စေရန် ရည်ရွယ်၍ မတော်တဆမှု ကာကွယ်ရေး၊ လုံခြုံရေးစနစ်များကို တီထွင်ကြကာ ဥပဒေဖြင့် ပြဋ္ဌာန်းတားဆီးလေ့ရှိပါ၏။

သို့သော်လည်း အထက်တွင်ဆိုသကဲ့သို့ မိမိကိုယ်ကိုယ်ယုံကြည်မှု လွန်ကဲသည့်အခါ၊ သို့မဟုတ် ဥပဒေစည်းကမ်းတို့ကို အလေးအနက် မထားသည့်အခါ အနည်းငယ်သော ပေါ့ဆမှုတစ်ခုကြောင့်ဖြစ်စေ၊ မမျှော်လင့်သော ထိခိုက်နစ်နာဖွယ် ဖြစ်ပျက်မှုများနှင့် ကြုံရတတ်၏။ နစ်နာဆုံးရှုံးမှုများ ဖြစ်ရတတ်၏။ ကားလမ်းများပေါ်တွင်၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်များကြားတွင် ဖြစ်ပွားလေ့ရှိသည့် မတော်တဆမှုများကို ဥပမာအဖြစ် တွေ့နိုင်ပါမည်။ မိမိတွင် ဖြစ်လိမ့်မည်ဟု မည်သည့်အချိန်တုန်းကမှ တွေးထင်မထားကြသည့် အဖြစ်အပျက်များကို မတော်တဆမှုများတွင် တွေ့ရပါမည်။ ကိုဗစ်ကပ်ရောဂါသည်လည်း ထိုနည်းနှင်နှင်ဟု ဆိုရပါမည်။

နိုင်ငံတွင်း၌ ကူးစက်ပြန့်ပွားမှု ဖြစ်လာသောအခါ မိမိကိုဖြင့် မကူးစက်လောက်ဘူးဆိုသည့် အတွေးဖြင့် နေဖို့မဖြစ်ပါ။ ကိုဗစ်ရောဂါပိုးသည် လူ၏ခန္ဓာကိုယ်ကို အမှီပြု၍ ရှင်သန်တိုးပွားခြင်းဖြစ်၏။ လူတစ်ဦးမှ တစ်ဦးသို့ ကူးစက်ပေါက်ပွား၏။ လူတစ်ဦးမှ တစ်ဦးသို့ ကူးစက်သည့် ဖြစ်စဉ်ကို ရပ်လိုက်နိုင်သည်နှင့် ရောဂါပိုး ဆက်လက်ပြန့်ပွားရန် ခက်ခဲသွားမည်ဖြစ်ပါသည်။ ထို့ကြောင့် ကိုဗစ်ရောဂါပိုး ကူးစက်ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် လူချင်း ခြောက်ပေအနည်းဆုံး ခွာခွာနေကြရန်၊ ရောဂါပိုး ကူးစက်ပြန့်ပွားရာ အဓိကလမ်းကြောင်းဖြစ်သည့် အသက်ရှူလမ်းကြောင်းများကို ပိတ်ဆီးကာကွယ်ရေးအတွက် နှာခေါင်းစည်းများ၊ မျက်နှာဖုံးများ တပ်ဆင်ကြရန်၊ လက်နှင့် ထိကိုင်ခြင်းဖြင့် နှာခေါင်း၊ ပါးစပ်၊ မျက်လုံးတို့မှတစ်ဆင့် အသက်ရှူလမ်းကြောင်းတွင်းသို့ ပိုးရောက်ရှိ ပျံ့နှံ့မှုဖြစ်နိုင်သည့်အတွက် လက်ကို မှန်မှန်ဆေးကြောရန် အစရှိသည်တို့ကို သတိထားနိုင်ရေး နှိုးဆော်နေခြင်းဖြစ်ပါသည်။

ကိုဗစ်ရောဂါပိုး ကူးစက်မှုသည် မလွှဲရှောင်သာသည့် ဖြစ်ပွားမှုဖြစ်သောကြောင့် ရင်ဆိုင်ကြရမည်သာ ဖြစ်ပါသည်။ စိုးရိမ်တုန်လှုပ်ကြရန် မလိုပါ။ သို့သော်လည်း လုံးဝပေါ့ဆ၍မရပါ။ မမေ့မလျော့ မပေါ့မဆခြင်းဖြင့်သာ ကပ်ရောဂါဘေးကို ကာကွယ်ထိန်းချုပ်နိုင်မည်ဖြစ်ကာ အခက်အခဲနှင့် စိန်ခေါ်မှုများအားလုံးကို အောင်အောင်မြင်မြင် ကျော်လွှားနိုင်ကြမည် ဖြစ်ပါကြောင်း။ ။

# အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးကျင်းပ




အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးကျင်းပစဉ်။ သတင်းစဉ်

**နေပြည်တော် အောက်တိုဘာ ၂**

အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများ၊ ဗဟိုဘဏ်ဥက္ကဋ္ဌများနှင့် US ၊ EU Business Councils များအကြား ဆွေးနွေးပွဲ၊ (၁၆)ကြိမ်မြောက် အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေး၊ (၆) ကြိမ်မြောက် အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အောက်တိုဘာ ၂ ရက် နံနက်ပိုင်းက Video Conferencing စနစ်ဖြင့် ကျင်းပသည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်းတို့သည် အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများ၊ အာဆီယံ ဗဟိုဘဏ်ဥက္ကဋ္ဌများ၊ အာဆီယံ အထွေထွေ အတွင်းရေးမှူးချုပ်နှင့် ASEAN– Business Advisory Council (ABAC) ၊ EU–ASEAN Business Council (ABC)၊ US– ASEAN Business Council (ABC) တို့မှ ကိုယ်စားလှယ်များနှင့်အတူ အောက်တိုဘာ ၂ ရက် နံနက် ၇ နာရီခွဲတွင် ကျင်းပသည့် “Dialogue for Business Councils (ABAC, EU–ABC, US–ABC) – ASEAN Finance Ministers and Central Bank Governors” ဆွေးနွေးပွဲသို့ တက်ရောက်ကြသည်။

### အမြင်ချင်းဖလှယ်ဆွေးနွေး

ဆွေးနွေးပွဲတွင် European Union – ASEAN Business Council (EU–ABC) က “Advancing Sustainable Finance in ASEAN” ကို လည်းကောင်း၊ US–ASEAN Business Council (US–ABC) က “Digital Transformation in Financial Services for the Fourth Industrial Revolution” ကို လည်းကောင်း၊ ASEAN Business Advisory Council (ABAC) မှ “ASEAN Financial Inclusion Solutions” နှင့် “ASEAN Digital Trade Connect” ကို လည်းကောင်း တင်ပြခဲ့ကြပြီး အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများက အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

### အဖွင့်အမှာစကားပြောကြား

ဆက်လက်၍ (၁၆) ကြိမ်မြောက် အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေး (16th ASEAN Central Bank Governors’ Meeting – ACGM) ကို ကျင်းပရာ အစည်းအဝေးသဘာပတိ ဗီယက်နမ် ဗဟိုဘဏ်ဥက္ကဋ္ဌ Mr. Le Minh Hung က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အာဆီယံဗဟိုဘဏ် ဥက္ကဋ္ဌများနှင့် အာဆီယံကူးသန်းရောင်းဝယ်ရေးဘဏ်များမှ ကိုယ်စားလှယ်များအကြား ဆွေးနွေးပွဲကို “Policy Dialogue on Promoting Digital Transformation in Banking Sector” ခေါင်းစဉ်ဖြင့် ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် အပြည်ပြည်ဆိုင်ရာ စာရင်းရှင်းလင်းရေးဘဏ် (Bank for International Settlements–BIS) က “Central Bank Digital Currency” ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ထိုင်းနိုင်ငံဗဟိုဘဏ်က “Promoting Digital Transformation in Thailand’s Financial” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အာဆီယံကူးသန်းရောင်းဝယ်ရေးဘဏ်များမှ ကိုယ်စားလှယ်များက “Digital Banking” ခေါင်းစဉ်ဖြင့် လည်းကောင်း တင်ပြကြပြီး အစည်းအဝေး တက်ရောက်လာကြသည့် အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များက အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

### လမ်းညွှန်မှုများပေးခဲ့

ထို့နောက် အာဆီယံဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများ အစည်းအဝေး သဘာပတိက အာဆီယံငွေရေးကြေးရေးပေါင်းစည်းရေး လုပ်ငန်းစဉ်များ ကြီးကြပ်ထိန်းကျောင်းသည့် အာဆီယံအဆင့်မြင့် ကော်မတီအောက်ရှိ အာဆီယံဘဏ်လုပ်ငန်းပေါင်းစည်းရေး မူဘောင် (ASEAN Banking Integration Framework–ABIF) ၊ ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ် (Payment and Settlement Systems – PSS) ၊ စီးပွားရေးစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရေးတွင် အာဆီယံဗဟိုဘဏ်များ၏ အခန်းကဏ္ဍနှင့် အာဆီယံဘဏ်လုပ်ငန်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စည်းမျဉ်းများကို တင်ပြရာ အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများက ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ အပေါ်လမ်းညွှန်မှုများ ပေးခဲ့ကြသည်။

### မှတ်တမ်းတင်

အာဆီယံ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဆုံးရှုံးနိုင်ခြေအပေါ် ခံနိုင်ရည်ရှိမှုနှင့် သတင်းအချက်အလက်များအား မျှဝေခြင်းအစီအစဉ် (ASEAN Cybersecurity Resilience and Information Sharing Platform–CRISP) တည်ထောင်ခြင်းအတွက် Memorandum of Understanding (MoU) ကို Digital Technology Network (DTN) အဖွဲ့ဝင် အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများက လက်မှတ်ရေးထိုးခဲ့ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည်လည်း မကြာမီ DTN အဖွဲ့ဝင်ဖြစ်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က အစည်းအဝေးတွင် တင်ပြခဲ့ပြီး အစည်းအဝေး သဘာပတိကလည်း မှတ်တမ်းတင်ခဲ့သည်။

မွန်းလွဲပိုင်းတွင် (၆) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေး (6th ASEAN Finance Ministers’ and Central Bank Governors’ Meeting–AFMGM)ကို ကျင်းပရာ ၂၀၂၀ ပြည့်နှစ်အတွင်း အာဆီယံအလှည့်ကျဥက္ကဋ္ဌအနေဖြင့် ဆောင်ရွက်သည့် ဦးစားပေးလုပ်ငန်း အစီအစဉ်များနှင့် စပ်လျဉ်း၍ ဗီယက်နမ်နိုင်ငံမှ တင်ပြဆွေးနွေးပြီး အပြည်ပြည်ဆိုင်ငွေကြေးရန်ပုံငွေအဖွဲ့ (International Monetary Fund – IMF)က ကမ္ဘာ့စီးပွားရေး တိုးတက်မှုအခြေအနေနှင့် အလားအလာများ၊ အာဆီယံ+၃ မေခရိုစီးပွားရေး သုတေသနရုံး (ASEAN+3 Macroeconomic Research Office–AMRO)က ဒေသတွင်း စီးပွားရေးတိုးတက်မှု အခြေအနေနှင့် အလားအလာများနှင့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၏ COVID–19 နှင့် စပ်လျဉ်း၍ မူဝါဒဆိုင်ရာ တုံ့ပြန်ချက်များနှင့် ဆုံးရှုံးနိုင်ခြေများ၊ အာရှဖွံ့ဖြိုးရေးဘဏ် (Asia Development Bank–ADB)က ဒေသတွင်း စီးပွားရေးတိုးတက်မှုအခြေအနေနှင့် အခြေခံအဆောက်အအုံဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

### ဆွေးနွေးတင်ပြ

ယင်းနောက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဆွေးနွေးရာတွင် မြန်မာနိုင်ငံ၌ COVID–19 ကြောင့် စီးပွားရေးသက်ရောက်မှုအပေါ် တုံ့ပြန်ဆောင်ရွက်မှုများအတွက် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF)၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) တို့မှ သက်သာသောအတိုးနှုန်းဖြင့် ချေးငွေများ ပံ့ပိုးပေးခဲ့မှု၊ G–20 အဖွဲ့ဝင်နိုင်ငံများ၏ ချေးငွေပြန်လည်ပေးဆပ်ရန် ဆိုင်းငံ့ပေးမှုအစီအစဉ် (Debt Service Suspension Initiative – DSSI) ဖြင့် ပံ့ပိုးပေးမှု၊ အာဆီယံ+၃ မေခရိုစီးပွားရေးသုတေသနရုံး (ASEAN+3 Macroeconomic Research Office–AMRO) မှ နည်းပညာအကူအညီနှင့် Capacity Building Program များ ပံ့ပိုးပေးမှုတို့အတွက် ကျေးဇူးတင်ရှိကြောင်း၊ COVID–19 ကြောင့် ရငွေများ လျော့နည်းခဲ့မှု၊ အသုံးစရိတ်များ တိုးမြှင့်သုံးစွဲခဲ့ရမှုများကြောင့် ဘတ်ဂျက်လိုငွေများ များပြားလာပြီး အစိုးရကြွေးမြီ မြင့်တက်လာမှုကို ကြုံတွေ့ရမည်ဖြစ်ကြောင်း၊ သို့ဖြစ်ရာ အစိုးရ၏ ရငွေများ တိုးမြှင့်ရရှိနိုင်ရေးကိုလည်း အလေးထားစဉ်းစားရမည်ဖြစ်ကြောင်း၊ အစိုးရ ကြွေးမြီခံနိုင်ရည်ရှိမှုအတွက် အခွန်ရငွေများ တိုးမြှင့်ရရှိရေးကို မူဝါဒရေးရာ စဉ်းစားရမည့် အချက်များအဖြစ် အာရှဖွံ့ဖြိုးရေးဘဏ်၏ အဆိုပြုချက်ကို အပြည့်အဝ သဘောတူပါကြောင်း ဆွေးနွေးတင်ပြသည်။

ထို့နောက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကာလလတ် လေ့လာဆန်းစစ်မှု၊ ကြီးကြပ်ထိန်းကျောင်းမှုနှင့် အကဲဖြတ်သုံးသပ်မှုလုပ်ငန်းစဉ်များအပါအဝင် ၂၀၂၅ အာဆီယံစီးပွားရေးအသိုက်အဝန်း လမ်းပြမြေပုံ (AEC BLUEPRINT 2025) အောက်ရှိ လုပ်ငန်းတိုးတက်မှု အခြေအနေများကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ အာဆီယံဘဏ္ဍာရေးနှင့် ဒုတိယအကြီးအကဲများ အစည်းအဝေး ပူးတွဲသဘာပတိများက အာဆီယံငွေကြေးနှင့် ငွေရေးကြေးရေးပေါင်းစည်းမှုနှင့် စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်ခြင်း တိုးတက်မှုအခြေအနေနှင့် ၂၀၂၀–၂၀၂၁ ခုနှစ်အတွက် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စပ်လျဉ်း၍ တင်ပြသည်။

### ပူးတွဲကြေညာချက်ဆွေးနွေး

ယင်းနောက် (၆) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေး (6th AFMGM) ၏ ပူးတွဲကြေညာချက်ကို အပြီးသတ် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ၂၀၂၁ ခုနှစ် အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေး၊ အာဆီယံဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ၂၀၂၁ ခုနှစ်အတွက် အာဆီယံ အလှည့်ကျဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံတွင် ကျင်းပရန် သဘောတူညီခဲ့သည်။

**သတင်းစဉ်**

# ပြည်သူသာလျှင် အဓိက

**" ကိုဗစ်ရောဂါက ကြည့်လိုက်ရုံနဲ့ သူကတော့ ရောဂါရှိတယ်၊ သူ့ကို ရှောင်ရမှာပဲဆိုပြီးတော့ ဒီလိုတွက်လို့ မရပါဘူး။ ဘာမှမဖြစ်တဲ့ပုံစံနဲ့၊ တချို့ဆိုရင် ရောဂါပိုးရှိမှန်း တွေ့ရတာတောင်မှ ဘာရောဂါလက္ခဏာမှ ထင်သာမြင်သာ မပြတာကိုလည်း တွေ့ရပါတယ်။ ဒါကြောင့် အတင့်မရဲပါနဲ့။ အဲဒီနေရာမှာတော့ သတိ အင်မတန်ထားပါလို့ ကျွန်မအနေနဲ့ ထပ်ပြီးတော့ ပြောချင်ပါတယ် "**

❖ *ရှေ့ဖုံးမှ*

ရောဂါကသိပ်ပြီးတော့ မဆိုးရွားနိုင်ပါဘူး။ ဒါပေမယ့် ရောဂါစစ်တာ နောက်ကျလေလေ ပိုပြီးတော့ ကုသရတာ ခက်လေလေပဲ ဖြစ်ပါတယ်။ အခုဆိုရင် ရောဂါကို စမ်းသပ်ပြီး ရှိ၊ မရှိ ဆိုတာကို Test Kit တွေနဲ့ စစ်နေပါပြီ။ ကိုရီးယားကနေပြီး Test Kit ပေါင်း နိုင်ငံတော်ရဲ့အစီအစဉ်နဲ့ ဝယ်ယူတာက လေးသိန်းကျော်ပါပြီ။ နောက်ပြီးတော့ တောင်ကိုရီးယားအစိုးရကလည်း လှူဒါန်းတာတွေရှိပါတယ်။ အဲဒါတွေကို အခု ၂၉ ရက်နေ့ကနေစပြီးတော့ ရန်ကုန်တိုင်းဒေသကြီးမှာ စပြီး သုံးပါပြီ။ မြို့နယ်၊ ခရိုင် ဆေးရုံတွေမှာ စပြီးသုံးပါပြီ။ တခြားတိုင်းဒေသကြီး၊ ပြည်နယ်တွေမှာလည်း ဖြန့်ပြီးသုံးဖို့ စီစဉ်ပါမယ်။ အဲဒီတော့ မြန်မြန်ဆန်ဆန်သိလို့ ပထမပိုင်းမှာ ပိုပြီးများမယ်လို့ ထင်မြင်ရပေမယ့် ပိုပြီးထိရောက်တဲ့ ကုသမှုတွေပေးနိုင်မယ်ဆိုတာကို ပြည်သူတွေ နားလည်စေချင်ပါတယ်။

ဆေးရုံတွေမှာဆိုရင်လည်း ကုသမှုတွေ ပြည့်ပြည့်ဝဝပေးနိုင်ဖို့ ပစ္စည်းတွေ၊ ဆေးတွေ လုံလုံလောက်လောက်ရှိအောင် လုပ်ထားပါတယ်။ နောက်ပြီးတော့ ဆေးရုံလို သုံးရမယ့်နေရာသစ်တွေ လုပ်သလို ဆေးရုံအတွင်းမှာလည်း အထူးအာရုံစိုက်ပြီး ကုသပေးနိုင်မယ့် ဌာနတွေကို ချဲ့ထွင်ပြီးလုပ်နေပါတယ်။ နောက်ပြီး ပြည်သူတွေ သိတဲ့အတိုင်းပဲ အများကနေပြီး စိုးရိမ်ပူပန်မှုရှိရင် မေးနိုင်မြန်းနိုင်အောင်လို့ တစ်ပတ်မှာ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးရက်တွေမှာ သမားတော်ကြီးများနဲ့ အမေးအဖြေ အစီအစဉ်လုပ်ပါတယ်။ အဲဒီ အမေး၊ အဖြေအစီအစဉ်နဲ့ ပတ်သက်ပြီးတော့လည်း ပြည်သူတွေရဲ့ စိတ်ပါဝင်စားမှုကတော့ တော်တော်ကောင်းပါတယ်။ မေးခွန်း ၁၀၀၀ ကျော်လောက် ရောက်ပြီလို့ နားလည်ပါတယ်။ အဲဒီထဲမှာ ထပ်တဲ့မေးခွန်းတွေတော့ ရှိမှာပါ။ ဒါကို ကျွမ်းကျင်တဲ့ ကျွန်မတို့ရဲ့ ပညာရှင်ကြီးများက ဘယ်လိုပြန်ဖြေလဲဆိုတာ နားထောင်တဲ့ ပြည်သူတွေသိမှာပါ။ စိတ်ဝင်စားရင် နားထောင်ပါ။ အရင် ကျွန်မ သတိပေးသလိုပေါ့နော်။ ဆေးမြီးတိုတွေနဲ့ ကိုယ့်ကိုယ်ကိုယ် ကုဖို့ မကြိုးစားပါနဲ့။ တခြားသူတွေက ဘေးကနေ ဒီလို လုပ်ရင်ရတယ်၊ ဟိုလို လုပ်ရင်ရတယ်လို့ပြောရင် ဒါတွေကို မယုံပါနဲ့။ သမားတော်ကြီး အစုအဖွဲ့ကို မေးနိုင်တဲ့အစီအစဉ်တွေကနေ မေးပါ။ အွန်လိုင်းကနေပြီးတော့လည်း မေးခွန်းတွေကို ဖြေပေးနေတာတွေ ရှိပါတယ်။

ကျွန်မတို့ ကိုဗစ်ရောဂါနဲ့ ပတ်သက်ပြီး နိုင်ငံတကာသတင်းတွေကို လေ့လာမယ်ဆိုရင်လည်း တခြားနိုင်ငံတွေမှာလည်း တော်တော်ပြန့်နေတယ်ဆိုတာတော့ သတိပြုမိမယ်လို့ ထင်ပါတယ်။ ဒုတိယလှိုင်းပေါ့။ တချို့က တတိယလှိုင်းတောင်ရောက်ပြီလို့ ခန့်မှန်းတဲ့သူတွေ ရှိပါတယ်။ တချို့နိုင်ငံတွေမှာတော့ ဒုတိယလှိုင်း၊ တချို့နိုင်ငံတွေမှာတော့ ရောဂါအခြေအနေကို ထိန်းထားနိုင်တယ်။ ရောဂါအခြေအနေကို ထိန်းထားနိုင်တယ်ဆိုတာ ဘာကြောင့် ထိန်းထားနိုင်လဲလို့ ကြည့်လိုက်ရင် နိုင်ငံချမ်းသာတာနဲ့လည်း မဆိုင်ဘူး။ ဆင်းရဲတာနဲ့လည်း မဆိုင်ဘူး။ နောက်ဆုံးကျတော့ ပြည်သူတွေ စည်းကမ်းရှိမှု၊ ပြည်သူတွေ စည်းမျဉ်းစည်းကမ်းလိုက်နာမှုနဲ့ပဲ ဆိုင်တယ်ဆိုတာ ထပ်ပြီး ကျွန်မ သတိပေးပါရစေ။

ဘာဖြစ်လို့လဲဆိုတော့ ကိုဗစ်ရောဂါပြန့်ပွားမှုကို ကာကွယ်နိုင်တဲ့ အကောင်းဆုံးနည်းဟာ၊ တကယ်တော့ အရိုးရှင်းဆုံးနည်းကတော့ တခြားလူစုလူဝေးနဲ့ ထိတွေ့မှုမရှိအောင်လို့ သီးသီးသန့်သန့် နေဖို့ပဲ။ အဲဒီတော့ ကိုယ့်အိမ်မှာ ကိုယ်နေပါ။ မလိုအပ်ဘဲ မထွက်ပါနဲ့။ မလိုအပ်ဘဲနဲ့လည်း ဧည့်သည်တွေ လက်မခံပါနဲ့။ ဒါလည်း ကျွန်မ ပြောပြီးပါပြီ။ ထပ်သတိပေးပါရစေ။ ကိုယ်မထွက်ရုံနဲ့ မပြီးသေးဘူး။ ကိုယ်ကတော့ အိမ်မှာ ထိုင်နေပြီး ဧည့်သည်တွေ ဒလဟော လာနေတယ်ဆိုရင် အပြင်မှာ ထွက်တာနဲ့ အတူတူပါပဲ။ မလွှဲမရှောင်သာလို့ ထွက်တယ်ဆိုရင် ထွက်တဲ့အခါမှာ Mask တပ်ပါ။ နောက်ပြီးတော့ လက်အိတ် ဝတ်နိုင်ရင် ဝတ်ပါ။ လက်အိတ် မဝတ်ဘူးဆိုရင်လည်း ပြန်လာတာနဲ့ လက်ဆေးတာ သေသေချာချာ သန့်စင်အောင်လို့ စက္ကန့် ၂၀ လက်ဆေးပါ။ နောက်ပြီး သွားရင်း လာရင်းနဲ့လည်း လက်သန့်စင်တဲ့ ဆေးရည်ဘူးယူပြီးတော့၊ ဆေးရည်ပုလင်း အသေးလေးတွေလည်း အများကြီး ရှိပါတယ်။ ယူသွားပြီးတော့ ကိုယ့်လက်ကိုလည်း မကြာခဏ သန့်စင်အောင်လို့ ဆေးရည်နဲ့ သုတ်ပေးပါ။

အဲဒီနှစ်ခုလည်း လုပ်မယ်။ နောက်ပြီးတတ်နိုင်သမျှလည်း ခြောက်ပေခွာပြီးတော့ နေမယ်ဆိုရင် အကာအကွယ်အများကြီးရပါတယ်။ တစ်ခါတလေတော့လည်း ခြောက်ပေအကွာကနေဖို့က ခက်တဲ့အခြေအနေတွေ ရှိတာပေါ့။ ဒါပေမယ့် ခြောက်ပေကွာအောင် နေဖို့ခက်တဲ့အခြေအနေမှာ Mask လည်း တပ်ထားတယ်။ နောက်ပြီးတော့ လက်ကိုလည်း သန့်သန့်စင်စင်ဖြစ်အောင်လို့ လုပ်ထားမယ်ဆိုရင် ကူးစက်နိုင်တဲ့ အလားအလာက အင်မတန်မှ နည်းပါတယ်။ အဲဒီတော့ ကျွန်မတို့ ဒါကို ဦးတည်ဖို့ လိုပါတယ်။ Stay at Home ဆိုပြီးတော့ အိမ်မှာနေဖို့ ကြေညာချက်ထုတ်ထားတဲ့ မြို့နယ်တွေမှာ ပြန့်ပွားမှုများလို့ ဒီလိုထုတ်ထားတာပါ။ အဲဒီလို ပြန့်ပွားမှုများလို့ ထုတ်ထားတာဆိုတော့ သေသေချာချာ လိုက်နာစေချင်ပါတယ်။ အဲဒီမြို့နယ်တွေမှာ ရောဂါပြန့်ပွားမှုများနေတယ်ဆိုတော့ ကိုယ်ကအိမ်ပြင် ထွက်သွားပြီး အပြင်မှာတွေ့တဲ့သူတွေဟာ ဘယ်သူ့မှာ ရောဂါပိုးရှိတယ်ဆိုတာ ပြောလို့မရပါဘူး။ ရောဂါလက္ခဏာကို မပြတဲ့သူတွေကလည်း များပါတယ်။

ကိုဗစ်ရောဂါက ကြည့်လိုက်ရုံနဲ့ သူကတော့ ရောဂါရှိတယ်၊ သူ့ကိုရှောင်ရမှာပဲဆိုပြီးတော့ ဒီလိုတွက်လို့ မရပါဘူး။ ဘာမှမဖြစ်တဲ့ပုံစံနဲ့၊ တချို့ဆိုရင် ရောဂါပိုးရှိမှန်း တွေ့ရတာတောင်မှ ဘာရောဂါလက္ခဏာမှ ထင်သာမြင်သာ မပြတာကိုလည်း တွေ့ရပါတယ်။ ဒါကြောင့် အတင့်မရဲပါနဲ့။ အဲဒီနေရာမှာတော့ သတိ အင်မတန်ထားပါလို့ ကျွန်မအနေနဲ့ ထပ်ပြီးတော့ ပြောချင်ပါတယ်။

ဆေးတွေနဲ့ပတ်သက်လို့လည်း ဆေးရုံတွေမှာဆိုရင် နိုင်ငံတကာမှာပေါ့၊ ကိုဗစ်ရောဂါနဲ့ပတ်သက်လို့တော့ တစ်ချိန်လုံး ပိုပိုပြီးတော့ ပြည်သူတွေတင် မကဘူး။ တစ်တိုင်းပြည်လုံးတင် မကဘူး၊ တစ်ကမ္ဘာလုံးက သာမန်ပြည်သူတွေရော၊ ဆေးပညာရှင်တွေရော ပိုပိုပြီးတော့ နားလည်လာတယ်။ အခုဆိုရင် ကိုဗစ်ရောဂါဖြစ်နေတာလည်း ဒီနှစ်အစပိုင်းက ဖြစ်တာဆိုတော့ ၉ လကျော်လို့ ၁၀ လထဲရောက်သွားပြီ။ ၉ လကျော်လို့ ၁၀ လထဲ ရောက်သွားပြီဆိုတော့ အမျိုးမျိုး အခုမှ သိရတာတွေ ရှိပါတယ်။ အဲဒီ သိရတာတွေအပေါ်မှာ အခြေခံပြီးတော့ ကျွန်မတို့ကနေပြီး ကာကွယ်တာလည်း လုပ်တယ်။ ပြည်သူတွေရဲ့ နေရေးထိုင်ရေးကိုလည်း တတ်နိုင်သမျှ အဆင်ပြေအောင်လို့ ကြိုးစားပါတယ်။

ဥပမာဆိုရင် အခု ဆေးရုံဆင်းတဲ့ကိစ္စပေါ့။ ဆေးရုံဆင်းဖို့ စည်းမျဉ်းစည်းကမ်းတွေကိုလည်း နောက်ဆုံးတွေ့ရှိချက်တွေကို တစ်ကမ္ဘာလုံးက ကိုဗစ်ရောဂါနဲ့ ပတ်သက်လို့ တွေ့ရှိချက်တွေအပေါ်မှာ အခြေခံပြီးတော့ စည်းမျဉ်းစည်းကမ်းတွေကို ပြန်ပြီးတော့ ပြောင်းပါတယ်။ ပြန်ပြီးတော့ ပြောင်းတယ်ဆိုတာ ပိုပြီးတော့ ဆေးရုံကနေ စောစောဆင်းနိုင်ရင်၊ ဆေးရုံက ဆင်းပြီးတဲ့အခါကျရင် Quarantine ကိုယ့်အိမ်မှာကိုယ် တစ်ပတ်နေရမယ်။ အဲဒါပြီးမှ ရောဂါကင်းစင်ပြီလို့ သတ်မှတ်လို့ရမယ်။ အဲဒီမှာ ပြန်ပြီးတော့ စစ်ဆေးရမှာပေါ့နော်။ ဒါပေမယ့် ရောဂါကင်းစင်သွားပြီဆိုရင်တောင်မှ ငါရောဂါမရတော့ဘူးဆိုတဲ့ အတွေးတော့ မထားပါနဲ့လို့ ကျွန်မ ထပ်ပြီးတော့ သတိပေးချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီကိုဗစ်ရောဂါက နှစ်ခါမရနိုင်ဘူးလို့ ဘယ်သူကမှ အခုထိ ပြောလို့မရသေးပါဘူး။

တချို့ရောဂါတွေက တစ်သက်မှာ တစ်ခါပဲဖြစ်တဲ့ ရောဂါမျိုးတွေ ရှိပါတယ်။ ဒါပေမယ့် ကိုဗစ်ရောဂါက တစ်သက်မှာ တစ်ခါဖြစ်တဲ့ ရောဂါမျိုးမဟုတ်ဘူးလို့ တော်တော်များများ ဆေးပညာရှင်တွေက မြင်ပါတယ်။ အဲဒါကြောင့် ကိုယ်က တစ်ခါဖြစ်ပြီးတော့ ကုသလို့ ကောင်းသွားပြီ။ ကောင်းသွားပြီဆိုရင် ပိုပြီးတော့ ဂရုစိုက်ပါ။ နှစ်ခါ ပြန်မဖြစ်အောင်လို့ ဂရုစိုက်စေချင်ပါတယ်။ ကျွန်မ ထပ်တလဲလဲ ပြောနေတဲ့ကိစ္စက သက်ကြီးရွယ်အိုတွေက ပိုပြီးတော့ ဒီရောဂါအန္တရာယ်ကို သတိထားရပါလိမ့်မယ်။ နောက်ပြီးတော့ အခြေခံကျန်းမာရေး အားနည်းချက်ရှိတဲ့သူတွေပေါ့။ ကျွန်မတို့ ပြည်သူပြည်သားတွေမှာ အများကြီးရှိတာကတော့ သွေးတိုးရှိတယ်၊ ဆီးချိုရှိတယ်၊ ကျောက်ကပ်ရောဂါတွေရှိတယ်။ အဲဒီရောဂါတွေ အခံရှိတယ်ဆိုရင် ကိုဗစ်ရောဂါရပြီဆိုတာနဲ့ ပိုပြီး ပြင်းပြင်းထန်ထန် ခံစားရတယ်။ ဒါကြောင့် ရောဂါရှိတဲ့သူများ အထူးသတိထားစေချင်တယ်။ မိသားစုထဲမှာ ဒီလို အခြေခံရောဂါတွေရှိတဲ့သူတွေ၊ ကျန်းမာရေးမကောင်းတဲ့သူတွေ၊ အဘိုး၊ အဘွားတွေရှိတဲ့ မိသားစုတွေ အိမ်တွေမှာဆိုရင် ပိုပြီး သတိထားပါ။

လူငယ်တွေက ဖြစ်နှုန်းပိုပြီး နည်းပေမယ့် လူငယ်တွေက ခံနိုင်ရည်ရှိတယ်။ ခံနိုင်ရည်ရှိတဲ့အခါကျတော့ ရောဂါပြင်းပြင်းထန်ထန်ဖြစ်တဲ့ လူငယ်တွေရဲ့ ရာခိုင်နှုန်းက နည်းတယ်။ ဒါပေမယ့် ဒီလူငယ်တွေဆီကနေ အိမ်မှာရှိတဲ့ အဘိုးအဘွားတွေ၊ ဒါမှမဟုတ် ကျန်းမာရေး မကောင်းတဲ့ မိဘတွေကို ကူးသွားမယ်ဆိုရင် ဒီမိဘတွေ၊ အဘိုးအဘွားတွေအတွက် အန္တရာယ်အများကြီး ဖြစ်နိုင်ပါတယ်။ ဒါကြောင့် အဲဒါကိုတော့ သတိပြုစေချင်ပါတယ်။ ကိုယ်တစ်ယောက်တည်းအတွက်တင် လုပ်နေတာမဟုတ်ပါဘူး။ အများအတွက် လုပ်နေတာပါ။ အများအတွက် သတိထားနေရမယ်ဆိုတာကို အားလုံးကနေ နှလုံးသွင်းထားဖို့က အင်မတန်မှ အရေးကြီးပါတယ်။

ကိုဗစ်ရောဂါဟာ နေ့တိုင်း၊ နိစ္စဓူဝ ကိုယ့်ကိုယ်ကိုယ် သတိထားတတ်အောင်လို့၊ စည်းမျဉ်းစည်းကမ်းတွေ လိုက်နာအောင်လို့ သင်ပေးနေတယ်လို့ပဲ စိတ်ထဲမှာ ထားစေချင်ပါတယ်။ အင်မတန်မှ နေရထိုင်ရတာ ကျပ်တည်းပါတယ်။ တကယ် တင်းကျပ်ပါတယ်။ အပြင်မှာ လျှောက်ပြီးတော့ သွားချင်သလို သွားချင်ပါတယ် ဆိုတဲ့စိတ်တွေက သဘာဝအားဖြင့်တော့ တော်တော်များများ တစ်ခါတလေ ဒီလိုပဲ ခံစားရမှာပါ။ ဒီအချိန်မှာ ထိန်းထိန်းသိမ်းသိမ်းနေဖို့က အရေးကြီးပါတယ်။

ကာကွယ်ဆေးထွက်မှ ကာကွယ်ဆေးကို ကျွန်မတို့ပြည်သူတွေအားလုံးကို ထိုးပေးနိုင်ပြီးတဲ့အခါမှ ဒီရောဂါကို အောင်မြင်နိုင်ပြီလို့ သတ်မှတ်နိုင်မှာပါ။ နောက်ပြီးတော့လည်း အခုကတည်းက ပြောထားရမယ်ဆိုရင် ဒီကာကွယ်ဆေးနဲ့ပတ်သက်လို့လည်း ကာကွယ်ဆေးထိုးခြင်းဟာ တစ်သက်လုံး ကိုဗစ်ရောဂါအတွက် ကာကွယ်မှုလားဆိုတာကိုလည်း ပညာရှင်တွေက သေသေချာချာပြောလို့ မရပါဘူး။ အကာအကွယ်ပေးတယ်ဆိုရင်တောင်မှ ဒါဟာ နှစ်စဉ်ပြန်ပြီး ထိုးရမယ့်ဟာမျိုးလား။ ဒါထက်ပိုပြီးတော့ ခြားပြီးတော့ ထိုးလို့ရမှာလား။ ဒါတွေ လည်း သေချာမသိရသေးပါဘူး။ အခု စစ်ဆေးနေတာကတော့ တချို့ ကာကွယ်ဆေးထုတ်တော့မယ်ဆိုတဲ့ နိုင်ငံတွေမှာတော့ ကာကွယ်နိုင်တယ်ဆိုတာကိုတော့ ၁၀၀ ရာခိုင်နှုန်းနီးပါးလောက် သေချာနေပါပြီ။ ဘယ်လောက်ကြာကြာ ကာကွယ်နိုင်မယ်ဆိုတာတော့ မသေချာသေးပါဘူး။ တချို့ ကာကွယ်ဆေးတွေကျတော့ နှစ်စဉ်၊ နှစ်စဉ်ပြန်ပြီးတော့ ထိုးရတဲ့ဆေးမျိုး ရှိပါတယ်။ ကိုဗစ်ရောဂါနဲ့ပတ်သက်လို့လည်း ဒီလိုပဲ ဖြစ်နိုင်ပါတယ်။

ဒါကြောင့် ပြည်သူတွေက ကိုယ့်ရဲ့ အခြေခံကျန်းမာရေးကို သတိထားကြပါ။ အခြေခံကျန်းမာရေးကောင်းတာနှင့်အမျှ ကျွန်မတို့ ဒီရောဂါကို ခံနိုင်မှာဖြစ်ပါတယ်။ အင်မတန်မှ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတွေမှာ၊ တချို့ နိုင်ငံတွေမှာဆိုရင် ကိုဗစ်ရောဂါပြန့်ပွားမှုအင်မတန်မှ မြန်ပါတယ်။ အင်မတန်မှ များပါတယ်။ သူတို့ ချမ်းသာလို့လည်း မဖြစ်ဘူး မဟုတ်ပါဘူး။ ဖြစ်တာပါပဲ။ တချို့ နိုင်ငံတွေမှာ၊ တချို့ ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတွေမှာ သေဆုံးမှုနှုန်းမြင့်တဲ့၊ မြင့်မားတဲ့အကြောင်းတစ်ခုက ဘာလဲဆိုတော့ သူတို့နိုင်ငံတွေက ချမ်းသာတဲ့အခါကျတော့ ပြည်သူတွေက အသက်ရှည်ကြတယ်။ ပျမ်းမျှခြင်းသက်တမ်းက မြင့်ကြတယ်။ မြင့်ကြတဲ့အခါကျတော့ သက်ကြီးရွယ်အိုတွေ များတယ်။ များတဲ့အခါကျတော့ သက်ကြီးရွယ်အိုတွေက ကိုဗစ်ရောဂါရတဲ့အခါကျရင် သေဆုံးမှုများပါတယ်။ အဲဒါတွေ ထည့်တွက်လိုက်တဲ့ အခါကျတော့ အဲဒီနိုင်ငံတွေမှာ သေဆုံးမှုမြင့်မားလာတာကို သတိပြုမိပါတယ်။ ဒါပေမယ့် သူတို့က ရောဂါအခံကြောင့် သေဆုံးမှုပိုပြီးတော့ နည်းပါတယ်။ ပြောရမယ်ဆိုရင် ကျွန်မတို့နိုင်ငံက ပြည်သူတွေနဲ့စာရင် သူတို့ရဲ့ အခြေခံကျန်းမာရေးက ပိုပြီးတော့ ကောင်းတယ်။ အဲဒီတော့ ကျွန်မတို့ အခု ကိုဗစ်ရောဂါနဲ့ ရင်ဆိုင်နေရတဲ့ အချိန်မှာဆိုရင် နောက်တစ်ခု သတိထားရမှာက ကိုယ့်ရဲ့ အခြေခံကျန်းမာရေး၊ အခြေခံကျန်းမာရေးဆိုတာက အစားအသောက်၊ အနေအထိုင် ဆင်ခြင်ဖို့ပါ။

*စာမျက်နှာ ၄ သို့*

**" ကိုဗစ်ရောဂါဟာ နေ့တိုင်း၊ နိစ္စဓူဝ ကိုယ့်ကိုယ်ကိုယ် သတိထားတတ်အောင်လို့၊ စည်းမျဉ်းစည်းကမ်းတွေ လိုက်နာအောင်လို့ သင်ပေးနေတယ်လို့ပဲ စိတ်ထဲမှာ ထားစေချင်ပါတယ်။ အင်မတန်မှ နေရထိုင်ရတာ ကျပ်တည်းပါတယ်။ တကယ် တင်းကျပ်ပါတယ်။ အပြင်မှာ လျှောက်ပြီးတော့ သွားချင်သလို သွားချင်ပါတယ်ဆိုတဲ့စိတ်တွေက သဘာဝအားဖြင့်တော့ တော်တော်များများ တစ်ခါတလေ ဒီလိုပဲ ခံစားရမှာပါ။ ဒီအချိန်မှာ ထိန်းထိန်းသိမ်းသိမ်း နေဖို့က အရေးကြီးပါတယ် "**

*စာမျက်နှာ ၃ မှ*

အစားအသောက်ဆိုတာနဲ့လည်း ကျွန်မတို့ ထပ်တလဲလဲ သတိပေးပါတယ်။ သိပ်အငန်စားတာ တို့၊ ဆီစားတာတို့၊ အချိုစားတာတို့၊ ကိုယ်နဲ့ မတည့်တဲ့ဟာတွေ စားတာကို တတ်နိုင်သမျှ ရှောင်ကြဉ်ရမယ်။ သစ်သီးဝလံ များများစားရမယ်။ နောက်ပြီးတော့ လေ့ကျင့်ခန်းမှန်မှန်လုပ်ရမယ်၊ စသဖြင့် အခြေခံကျန်းမာရေးအရ လိုက်နာရမယ့်စည်းမျဉ်းစည်းကမ်းလေးတွေလုပ်တာ မပြောချင်ပါဘူး။ ကျန်းမာရေးနဲ့ ဆီလျော်တဲ့ နေပုံထိုင်ပုံကို လေ့ကျင့်ယူပါ။ လေ့ကျင့်ယူရင် ကျွန်မတို့ ပြည်သူတွေရဲ့ အခြေခံကျန်းမာရေးပိုကောင်းလာခြင်းအားဖြင့် နောင်ကျရင် ကိုယ်ခံအားတွေဟာလည်း ပိုပြီးတော့ ကောင်းလာမှာပဲ။ ရောဂါဖြစ်သည့်တိုင်အောင် ရောဂါဟာ အန္တရာယ်ရှိတဲ့အခြေအနေကို မရောက်သွားနိုင်အောင်လို့ ကိုယ့်ရဲ့ အခြေခံကျန်းမာရေးကောင်းခြင်းဟာ ထိန်းသိမ်းကာကွယ်ပေးမှာ ဖြစ်ပါတယ်။ အခု ကျွန်မတို့ ပြည်သူတွေအနေနဲ့ ကျန်းမာရေးနဲ့ ပတ်သက်လို့ သိချင်တဲ့အချက်တွေ ကိုလည်း တစ်ပတ်ကို သုံးခါ သမားတော်ကြီးတွေကို မေးလို့ရပါတယ်။ အဲဒါတွေကို မေးပါ။ ပြောတဲ့ဟာတွေကို သေချာနားထောင်ပါ။ နောက်ပြီးတော့ အကြံပြုချက်တွေကို လိုက်နာပါ။ ကျွန်မအနေနဲ့လည်း တစ်ပတ်ကို နှစ်ခါ နောက်ဆုံးအခြေအနေတွေကို တင်ပြပါမယ်။

ပြည်သူတွေရဲ့ ကျန်းမာရေးကို စောင့်ရှောက်ဖို့ဆိုတာ နိုင်ငံတော်ရဲ့ တာဝန်ဖြစ်တယ်ဆိုတာ ကျွန်မတို့ လက်ခံပါတယ်။ နောက်ဆုံးကျတော့ ကိုယ့်ကျန်းမာရေးကောင်းဖို့ဆိုတာ ကိုယ့်တစ်ယောက်ပဲ တတ်နိုင်ပါတယ်။ ဆရာဝန်က ဘယ်လိုပဲ ပြောပြော၊ ဆေးတွေ ဘယ်လိုပဲပေးပေး၊ ဥပမာဆိုရင် ဆေးတွေပေးပါတယ်။ ကိုယ်က ဆေးမသောက် ဘူးဆိုရင်လည်း ကျန်းမာသွားမှာမဟုတ်ဘူး။ ဆေးတွေ တော့ ပေးပါတယ်။ ဆေးတွေပေးတာလည်း သောက်ပါတယ်။ ဒါပေမယ့် ညွှန်းထားတဲ့အတိုင်း စနစ်တကျ မသောက်ဘူးဆိုရင် အဲဒီဟာကလည်း ကိုယ့်ရဲ့ ကျန်းမာရေးကို အကျိုးမပြုနိုင်ပါဘူး။ နိုင်ငံတော်နဲ့ ဆရာဝန်တွေ၊ ကျန်းမာရေးဝန်ကြီးဌာနကတော့ ပြည်သူ တွေရဲ့ ကျန်းမာရေးကို အတတ်နိုင်ဆုံး ထိန်းသိမ်းပေးပါ မယ်။ နောက်ဆုံးကျတော့ ကိုယ်ကိုယ်တိုင်သာ ကိုယ့်ကျန်းမာရေးကို အကောင်းဆုံးထိန်းသိမ်းနိုင်တဲ့ ပုဂ္ဂိုလ်ဆိုတာ ကျွန်မတို့ ပြည်သူတွေ မမေ့ပါနဲ့လို့ ဆော်ဩရင်း၊ သတိပေးရင်းနဲ့ နိဂုံးချုပ်ပါတယ်။ ကျန်းမာအောင်နေကြပါ။ ကျန်းမာမှ စိတ်ချမ်းသာမှာ။ ပြည်သူတွေ ကျန်းမာချမ်းသာမှ နိုင်ငံလည်း ချမ်းသာမှာ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မသန်စွမ်းရေးရာ အရပ်ဘက်လူမှုအဖွဲ့အစည်းများ အွန်လိုင်းတွေ့ဆုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မသန်စွမ်းရေးရာ အရပ်ဘက်လူမှုအဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် အွန်လိုင်းဖြင့် ကျင်းပသည်။ **(ယာပုံ)**



ဆွေးနွေးပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ မသန်စွမ်းရေးရာ အရပ်ဘက်လူမှုအဖွဲ့အစည်း ၂၉ ဖွဲ့မှ ကိုယ်စားလှယ်များ၊ International Institute for Democracy and Electoral Assistance (International IDEA) အဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**မသန်စွမ်းသူအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်**

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မသန်စွမ်းသူများ ပါဝင်ခွင့်ရရှိစေရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မသန်စွမ်းသူအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို ညှိနှိုင်းဆွေးနွေးခြင်းဖြစ်ကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၆၉(က) နှင့် ကုလသမဂ္ဂမသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာကွန်ဗင်းရှင်း အပိုဒ် ၂၉ တို့တွင် မသန်စွမ်းသူများ၏ နိုင်ငံရေးနှင့် ရွေးကောက်ပွဲဆိုင်ရာအခွင့်အရေးများကို တန်းတူရရှိရေးအတွက် ဆောင်ရွက်ထားသည်ကို သိရှိရပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်က ၂၀၁၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် မသန်စွမ်းသူများ၏အခွင့်အရေးဥပဒေပုဒ်မ (၂၉) နှင့် ပုဒ်မ(၃၀) တို့တွင် မသန်စွမ်းသူတိုင်းသည် ရွေးကောက်ပွဲများ၌ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရရှိရေးကို ဆောင်ရွက်ထားသည်ကို တွေ့ရှိရပါကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူဟာစီမံကိန်း (၂၀၁၄–၂၀၁၈) နှင့် (၂၀၁၉–၂၀၂၂) တို့တွင်လည်း အားလုံးပါဝင်ဆောင်ရွက်မှု မြှင့်တင်ခြင်းအခန်းကို ထည့်သွင်းရေးဆွဲခဲ့ပြီး မသန်စွမ်းသူများအားလုံး ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၇ ခုနှစ်၊ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲများတွင် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ငါးမြို့နယ်တွင် မသန်စွမ်း စံပြမဲရုံကိုးရုံ ဖွင့်လှစ်ပြီး မသန်စွမ်းမဲဆန္ဒရှင်များ အဆင်ပြေလွယ်ကူစွာဆန္ဒမဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ရွေးကောက်ပွဲများတွင် အမြင်အာရုံမသန်စွမ်းသူများအတွက် မျက်မမြင်လက်စမ်းစာပေ (Braille Template) ဖြင့် ကိုယ်တိုင်ကိုယ်ကျဆန္ဒပြုမဲပေးနိုင်ရေး ကူညီဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

၂၀၁၉ ခုနှစ် နိုဝင်ဘာလအတွင်း နေပြည်တော် Grand Amara Hotel ၌ ပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲဆိုင်ရာစွမ်းရည်မြှင့်သင်တန်းများတွင် မသန်စွမ်းသူများမဲပေးခြင်းဆိုင်ရာ သရုပ်ပြသင်ခန်းစာများနှင့် ဆင့်ပွားသင်တန်းများ ပို့ချဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မသန်စွမ်းမဲဆန္ဒရှင်ဦးရေ ၈၇၂၈၀ ရှိသည်ဟု သိရှိရပါကြောင်း။

**စိတ်ချလုံခြုံစွာ ဆန္ဒမဲပေးနိုင်ရေး**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲသည် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကာလနှင့် တိုက်ဆိုင်နေသည့်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်သည့် ညွှန်ကြားချက်၊ လမ်းညွှန်ချက်များနှင့်အညီ မသန်စွမ်းမဲဆန္ဒရှင်များအပါအဝင် မဲဆန္ဒရှင်ပြည်သူအားလုံး စိတ်ချလုံခြုံစွာဆန္ဒမဲပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် ယနေ့ ဆွေးနွေးပွဲသို့တက်ရောက်လာကြသည့် မသန်စွမ်းသူများရေးရာ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များအနေဖြင့်လည်း ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အကြံပြုဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် မသန်စွမ်းသူများရေးရာ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက မိတ်ဆက်စကားပြောကြားခဲ့ပြီး ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ သိရှိလိုသည့်မေးမြန်းချက်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်ရှင်ရာပြည့်အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ၌ ဆုရရှိသူများစာရင်း ထုတ်ပြန်

**ရန်ကုန် အောက်တိုဘာ ၂**


၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့တွင် ကျရောက်မည့် မြန်မာ့ရုပ်ရှင်ရာပြည့် အထိမ်းအမှတ် "မြန်မာ့ရုပ်ရှင်ရာပြည့်" ခေါင်းစဉ်ဖြင့် ပြုလုပ်ခဲ့သော ဆောင်းပါးပြိုင်ပွဲ၌ ဆုရရှိသူများစာရင်းအား ထုတ်ပြန်ကြေညာသည်။

မြန်မာ့ရုပ်ရှင်နှစ် (၁၀၀) ပြည့် အခမ်းအနားကို မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ယှဉ်တွဲပေါ်ပေါက်ခဲ့သည့် မြန်မာ့ရုပ်ရှင်၏ နှစ် (၁၀၀) ခရီးကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန်၊ ခေတ်အဆက်ဆက်ထင်ရှားခဲ့သည့် မြန်မာ့ရုပ်ရှင်ပညာရှင်ကြီးများ၏ အနုပညာနှင့် အတတ်ပညာစွမ်းပကားကို ရုပ်ရှင်လောကသားများ အားကျအတုယူ၍ မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြင့်မားစေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းအားထုတ်ရန်နှင့် ရုပ်ရှင်လောကသားများ၏ ညီညွတ်မှုစွမ်းအား၊ အနုပညာဖန်တီးမှုစွမ်းအားများဖြင့် နိုင်ငံနှင့် ပြည်သူ အကျိုးကို တိုးမြှင့်ဆောင်ရွက်ရန်ဟူသော ရည်ရွယ်ချက် (၃) ရပ်ဖြင့် စီစဉ်ကျင်းပရန် ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ ဆောင်းပါးပြိုင်ပွဲသို့ အနယ်နယ်အရပ်ရပ်မှ ပြိုင်ပွဲဝင်စာမူ အပုဒ် ၆၀ ပေးပို့ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲဝင်စာမူများအား ဆရာဂုဏ်ထူး ဦးသိန်းနိုင်၊ ဆရာကောင်းသန့်၊ ဆရာမ မစန္ဒာ၊ ဆရာမ ရွှေကူမေနှင်းနှင့် ဆရာဦးမြတ်ခိုင်တို့က စိစစ်ဆောင်ရွက်ခဲ့ကြရာ ပထမဆုကို "ကိုတူး (သာယာမြိုင်)"၊ ဒုတိယဆုကို "သက်ဝေမှူး"၊ တတိယဆုကို "သစ္စာဝါဒီဦးမြင့်အောင်"နှင့် အထူးဆုများကို "ခင်အေးအေးဟန်"၊ "မင်းဗေဒါ (ပွင့်ဖြူ)"၊ "မောင်သန်းဝင်း (ရန်ကုန်တက္ကသိုလ်)"၊ "လှတိုး (စိတ်ပညာ)"၊ "မင်းသွေးငယ် (ရာမည‌မြေ)" တို့က အသီးသီး ရရှိခဲ့ကြသည်။

ဆုရရှိသူများအား မြန်မာ့ရုပ်ရှင်ရာပြည့်အထိမ်းအမှတ်အခမ်းအနား ကျင်းပပြုလုပ်ချိန်တွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**FDC**



○ *ကျောဖုံးမှ*

ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်နှင့် ဗဟိုကော်မတီဝင်များ၊ နေပြည်တော်ကောင်စီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌများဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် အတွင်းရေးမှူးများ၊ လုပ်ငန်းကော်မတီ(၆)ခုမှ တာဝန်ရှိသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်၊ ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ဆွေးနွေးကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း

ရှေးဦးစွာ ဗဟိုကော်မတီ နာယက၊ ဒုတိယသမ္မတက အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီ၏ လေးနှစ်ကျော် ကာလအတွင်း အစည်းအဝေး (၉)ကြိမ် ကျင်းပခဲ့ရာ ဆုံးဖြတ်ချက်စုစုပေါင်း (၁၂၁)ချက်အနက် ဆောင်ရွက်ပြီး(၇၂)ချက်၊ ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအပါအဝင် ဆောင်ရွက်ဆဲ (၄၉)ချက်ရှိသည်ကို တွေ့ရပါကြောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများသည် မြန်မြန်ပြီးလေ အကျိုးရှိလေဖြစ်သည့်အတွက် အမြန်ပြီးစီးရေးအချိန်ကာလသတ်မှတ်ကာ ဆောင်ရွက်သွားကြရန် ပြောကြားလိုပါကြောင်း။

## သဘာဝတရား၏ ဟန်ချက်ညီမျှမှုကို ပြိုကွဲပျက်စီးစေ

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာကြီးမှာ စနစ်တကျစီမံမှုမရှိသည့် မြို့ပြများ၊ စက်မှုဇုန်များနှင့် စိုက်ပျိုးရေးလုပ်ငန်းများ အလွန်အကျွံ တိုးချဲ့မှုများကြောင့် ကာဗွန်ထုတ်လွှတ်မှု များပြားစေသည့်အပြင် ဂေဟစနစ်များပျက်စီးခြင်း၊ သစ်တောပြုန်းတီးစေခြင်း၊ တောရိုင်းတိရစ္ဆာန်များ၏နေရင်းဒေသများပျောက်ဆုံးခြင်း၊ တောရိုင်းတိရစ္ဆာန်များ တရားမဝင်ရောင်းဝယ်ခြင်း၊ ရာသီဥတုပြောင်းလဲမှုကို လျင်မြန်စေခြင်း တို့အပါအဝင် လူသားများ၏ လုပ်ဆောင်မှုများသည် သဘာဝတရား၏ ဟန်ချက်ညီမျှမှုကို ပြိုကွဲပျက်စီးစေသည့်အပြင် သက်ရှိများ၏ ရှင်သန်ရပ်တည်မှုနှင့် နိုင်ငံ၏ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ခြိမ်းခြောက်နေသည်ကို အားလုံးအသိပင် ဖြစ်ပါကြောင်း။

ထို့ကြောင့် နိုင်ငံအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်သည့်အခါမှာ စီးပွားရေးဖွံ့ဖြိုးမှုနှင့်အတူ ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်ထိခိုက်ယိုယွင်းပျက်စီးမှုများကို ရှောင်ရှားနိုင်ရန်နှင့် ပတ်ဝန်းကျင်နှင့် သဘာဝဂေဟစနစ် ရေရှည်တည်တံ့ ကောင်းမွန်စေရေးအတွက် ထိရောက်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို အဓိကဦးစားပေးတစ်ရပ်အနေဖြင့် အထူးဂရုပြုဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းဆိုသည်မှာ လက်ရှိကာလတွင်သာမဟုတ်ဘဲ မိမိတို့၏ အနာဂတ်သားစဉ်မြေးဆက်များကို ကောင်းမွန်သန့်ရှင်းသည့် ပတ်ဝန်းကျင် အခြေအနေကောင်းများ လက်ဆင့်ကမ်းပေးနိုင်ရန်အတွက် ဆောင်ရွက်နေရသည့် လုပ်ငန်းဖြစ်၍ မိမိတို့ ဗဟိုကော်မတီနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်ကြီးကြပ်မှု ကော်မတီတို့အနေဖြင့် ထိုတာဝန်ကို ဆောင်ရွက်နေရခြင်းသည် အလွန်ဂုဏ်ယူစရာ ဖြစ်ပါကြောင်း၊ ပြည်တွင်း/ ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ နိုင်ငံတော်က ချမှတ်ထားသည့် ပတ်ဝန်းကျင်ရေးရာမူဝါဒ၊ ဆက်စပ် မဟာဗျူဟာပင်မ လုပ်ငန်းစဉ်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် နိုင်ငံတကာ စံချိန်စံညွှန်း အလေ့အကျင့်ကောင်းများနှင့်အညီ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် အလွန်အရေးကြီးပါကြောင်း။

## တိုးတက်မှုများရရှိ

ကော်မတီ၏ ထူးခြားသည့် အောင်မြင်မှုအနေနှင့် နိုင်ငံတော်က ထုတ်ပြန်ထားသည့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) ပါ ရည်မှန်းချက်များ အောင်မြင်ရေးအတွက် တစ်နိုင်ငံလုံးလွှမ်းခြုံသည့် မြန်မာနိုင်ငံ အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ "မဟာဗျူဟာ" နှင့် "ပင်မ လုပ်ငန်း အစီအစဉ်"၊ မြန်မာနိုင်ငံ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်း အစီအစဉ်တို့ကို ထုတ်ပြန်နိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ အကောင်အထည်ဖော်မှု အပိုင်းအနေဖြင့် ချမှတ်ထားသည့် မူဝါဒ၊ မဟာဗျူဟာ၊ ပင်မ လုပ်ငန်းစဉ်များမှာ သတ်မှတ်ထားသော အခြေခံကျသည့် လမ်းညွှန်မူဘောင်များနှင့်အညီ ကဏ္ဍအသီးသီးမှာ ဆောင်ရွက်နေသည့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းလုပ်ငန်းများ၊ အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရာမှာ ပတ်ဝန်းကျင်ဆိုင်ရာ အစီအမံတွေကို ပေါင်းစပ်ဆောင်ရွက်နေသည့်အတွက် တိုးတက်မှုများ ရရှိနေပြီဖြစ်ပါကြောင်း။

## ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် တိုက်တွန်း

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေး လုပ်ငန်းများသည် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းများသည် အလွန်ကျယ်ပြန့်သည့် နယ်ပယ်များဖြစ်သည်နှင့်အညီ အရေးကြီးသည့် နယ်ပယ်သစ်များကိုလည်း ဖော်ထုတ်သွားရမည်ဖြစ်ပါကြောင်း၊ ဥပမာအားဖြင့် "သဘာဝသယံဇာတများ ရေရှည်တည်တံ့စေရေး၊ စက်ရုံ၊ အလုပ်ရုံနှင့် မြို့ပြလုပ်ငန်းများကြောင့် ဖြစ်လာသည့် လေထုညစ်ညမ်းမှုကို ထိန်းချုပ်ရေး၊ ပလတ်စတစ်အမှိုက်များထိန်းချုပ်ရေး၊ လူများ၏ ကျန်းမာရေးကို ထိခိုက်စေမည့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများထိန်းချုပ်ရေး" စသည့် နယ်ပယ်များအတွက် ရေရှည်အစီအမံများ ဆက်လက်ရေးဆွဲချမှတ်အကောင်အထည်ဖော် နိုင်ရေးကိုလည်း အားလုံးဝိုင်းဝန်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း။

မူဝါဒ၊ မူဘောင်များနှင့် ပင်မလုပ်ငန်းအစီအစဉ်များကို ချမှတ်ခြင်းသာမက ဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် လက်တွေ့ နယ်ပယ်အသီးသီးမှာ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးကိုလည်း အလေးပေးဆောင်ရွက်ကြရန် အလွန်အရေးကြီးပါကြောင်း၊ သို့မှသာ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုများ၊ ရာသီဥတုပြောင်းလဲမှု ဆိုးကျိုးများကို လျှော့ချနိုင်မည်ဖြစ်ပြီး မိမိတို့မျှော်မှန်းသည့် သန့်ရှင်းသည့် ပတ်ဝန်းကျင်၊ ကောင်းမွန်သည့် ဂေဟစနစ်များကို ထိန်းထားနိုင်ခြင်းအားဖြင့် သာယာဝပြောသည့် လူ့အဖွဲ့အစည်းကိုရရှိမည်ဖြစ်ပါကြောင်း၊ ချမှတ်ထားသည့် မူဝါဒ၊ မူဘောင်များနှင့် ပင်မလုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော်သည့်နေရာမှာ ပိုမိုထိရောက်စေရန်အတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ပြည်သူ




ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ

များအနေဖြင့် ပတ်ဝန်းကျင်ဆိုင်ရာ အစီအမံများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်ပြီး ပူးပေါင်းပါဝင် ဆောင်ရွက်လာနိုင်အောင် အသိပညာပေးခြင်းကို အဓိကလုပ်ငန်းတစ်ခုအနေဖြင့် အမြဲမပြတ် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဒ့ါအပြင် ခွင့်ပြုချက်၊ လိုင်စင် ထုတ်ပေးထားသည့် လုပ်ငန်းစီမံကိန်းများတွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်မှု ရှိ/မရှိ စစ်ဆေးကြပ်မတ် အရေးယူဆောင်ရွက်သွားကြရန်လည်း လိုအပ်ပါကြောင်း။

ထို့အပြင် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအနေဖြင့် အဖွဲ့ဝင်အဖြစ် လက်မှတ်ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များအရ သတ်မှတ်ထားသည့် ကတိကဝတ်များကို အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် အစီအမံများရေးဆွဲဆောင်ရွက်ရန် လိုအပ်သလို နည်းပညာနှင့် ဘဏ္ဍာငွေအထောက်အပံ့ ရရှိရေးအတွက်လည်း နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်သွားရန် တိုက်တွန်းလိုပါကြောင်း၊ ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီများနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်ကြီးကြပ်မှု ကော်မတီများ၏ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နိုင်မှု၊ ကြီးကြပ်ဆောင်ရွက်နိုင်မှုများကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးလုပ်ငန်းများ အောင်မြင်လာသည်ကို တွေ့ရသည့်အတွက် အလွန်ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ ထို့အပြင် ဆက်လက်ပြီး လက်တွေ့ကျသည့် နှစ်တို၊ နှစ်လတ်၊ နှစ်ရှည် စီမံကိန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း က ပတ်ဝန်းကျင်ဆိုင်ရာ နယ်ပယ်သစ်များဖော်ထုတ်၍ ရေရှည်အစီအမံများ၊ မဟာဗျူဟာမူဘောင်များ ဆက်လက်ရေးဆွဲရေးနှင့်စပ်လျဉ်း၍ "အစိမ်းရောင်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မူဝါဒမူဘောင်"၊ "အမျိုးသားအဆင့် ပတ်ဝန်းကျင်ဆိုင်ရာ မဟာဗျူဟာ မူဘောင်"၊ "ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု ပင်မလုပ်ငန်းအစီအစဉ်၊" "ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် လိုက်လျောညီထွေရေးဆိုင်ရာ နိုင်ငံအဆင့် လုပ်ငန်းအစီအစဉ်" တို့ကို ယနေ့ အစည်းအဝေးတွင် အတည်ပြုနိုင်ရေး ဝိုင်းဝန်းဆွေးနွေးပေးစေလိုပါကြောင်း၊ ပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကို ထိန်းသိမ်းနိုင်ရန်၊ ရာသီဥတုပြောင်းလဲမှုကို လျှော့ချနိုင်ရန်နှင့် စွန့်ပစ်ပစ္စည်းများကို စနစ်တကျ စီမံနိုင်ရေးအတွက် နိုင်ငံတော်မှချမှတ်ထားပြီးဖြစ်သည့် မူဝါဒ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ အကောင်အထည်ဖော်ရမည့် လုပ်ငန်းများကိုကဏ္ဍအလိုက်၊ နယ်မြေဒေသအလိုက် ဖွံ့ဖြိုးရေးအစီအစဉ်တွင် ထည့်သွင်းပေါင်းစပ်ပြီး ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီ အတွင်းရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်း က ဗဟိုကော်မတီ နဝမအကြိမ် ညှိနှိုင်းအစည်းအဝေးမှ ဆွေးနွေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ လုပ်ငန်းကော်မတီများမှ ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ရှေ့လုပ်ငန်းစဉ်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအမံများကို ပေါင်းစပ်ဆောင်ရွက်နိုင်မှု အခြေအနေနှင့် ဆွေးနွေးဆုံးဖြတ်ရန် အဆိုပြုတင်ပြချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗဟိုကော်မတီဝင် ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်နှင့် နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်းတို့က သတ္တုကဏ္ဍ၊ ရေအားလျှပ်စစ်ကဏ္ဍ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍများအတွက် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များ အပြီးသတ်ထုတ်ပြန်နိုင်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအနေဖြင့် ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာမှု ရှိ/မရှိ စစ်ဆေးကြပ်မတ်နေမှုများ၊ လက်ကိုင် Chainsaw သုံးစွဲမှုများအား ဒေသန္တရအမိန့် ထုတ်ပြန်နိုင်ရေး ဆောင်ရွက်မှုအခြေ အနေများ၊ ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌများဖြစ်ကြသည့် ဦးဒါရှီလဆိုင်း၊ ဦးတီရယ်၊ ဦးစောပြည်သာ၊ ဦးလာလ်ထောင်ထန်း၊ ဦးလှထွေး၊ ဒေါက်တာစောညိုဝင်း၊ ဦးမျိုးသစ်၊ ဒေါက်တာ မင်းကြည်ဝင်း၊ ဦးကျော်လွင်၊ ဦးဟံထွန်းနှင့် ဦးတင်အောင်ဝင်း တို့က ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုများ၊ ဆက်လက်




ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်

ဆောင်ရွက်မည့် အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန်များဖြစ်ကြသည့် ဦးစိုးဟန်၊ ဦးဇော်သန်းသင်း၊ ဦးခိုင်ထွန်းဦး၊ ဦးရဲနိုင်၊ ဦးကိုကိုလွင်၊ ဦးအောင်နိုင်ဦး၊ ဦးမျိုးမြင့်မောင်၊ ဦးထွန်းအုံ၊ ဦးဝင်းခန့်၊ ဦးခင်မောင်ရီ၊ ဦးသန်းဇော်၊ ဦးမြင့်လွင်နှင့် ဦးရွှေလေး၊ ညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသည့် ဒေါက်တာဇော်မြင့်နှင့် ဦးမောင်မောင်ကျော်၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်ဖြစ်သူ မြန်မာနိုင်ငံ သစ်တောအသင်းအတွင်းရေးမှူး ဦးတင်အေး၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်ဖြစ်သူ မြန်မာ့ပတ်ဝန်းကျင် ထူထောင်ထိန်းသိမ်းရေးကွန်ရက် ဒုတိယဥက္ကဋ္ဌ ဦးထွန်းပေါ်ဦးနှင့် ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်ဖြစ်သူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးသက်တို့က ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များ၊ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေမှုအပေါ် တွေ့ကြုံနေရသည့်အခက်အခဲများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နေမှုအခြေအနေများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေအရ ကာကွယ်ကြပ်မတ်ဆောင်ရွက်နေမှုအခြေအနေများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နေမှုအခြေအနေများ၊ ရန်ပုံငွေတိုးမြှင့်ရရှိရေးဆိုင်ရာ ကိစ္စရပ်များ၊ ဓာတုပစ္စည်းနှင့် စွန့်ပစ်ပစ္စည်းစွန့်ပစ်ခြင်းဆိုင်ရာကိစ္စရပ်များ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

## အတည်ပြု

ဆက်လက်၍ ဗဟိုကော်မတီအတွင်းရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းက ဗဟိုကော်မတီ၏ ဒသမအကြိမ် ညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များကိုတင်ပြပြီး အစည်းအဝေးတက်ရောက်သူအားလုံး၏ သဘောတူညီချက်အရ အစည်းအဝေးဆုံးဖြတ်ချက်ပေါင်း (၁၆)ချက်ကို အတည်ပြုချမှတ်ခဲ့သည်။

ထို့နောက် အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီနာယက၊ ဒုတိယသမ္မတ က ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အဆိုပါအသိပညာပေးဟောပြောပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ သတင်းအချက်အလက် နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနနှင့် အမျိုးသားဆိုက်ဘာလုံခြုံရေးဗဟိုဌာနတို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ Chief Information Officer များ၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်တို့မှ ဒုတိယပါမောက္ခချုပ်များ၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဆက်သွယ်ရေးအော်ပရေတာနှင့် အင်တာနက်ဝန်ဆောင်မှုပေးသည့် ကုမ္ပဏီများနှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများက သက်ဆိုင်ရာနေရာများတွင် အွန်လိုင်းမှ ချိတ်ဆက်တက်ရောက်ကြသည်။




ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပစဉ်။ သတင်းစဉ်

### ပိုမိုတိုးတက်အောင်ဆောင်ရွက်

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကားပြောကြားရာတွင် ဆိုက်ဘာလုံခြုံရေးသည် ကွန်ပျူတာ၊ အင်တာနက်သုံးစွဲနေကြသူများအတွက် အရေးကြီးသည်ကို အားလုံးသိရှိမည်ဖြစ်ကြောင်း၊ သတင်းအချက်အလက်လုံခြုံရန် မိမိတို့သုံးစွဲနေသည့် Hardware, Software များ မပျက်စီးရန်နှင့် လုပ်ငန်းယန္တရားများ ထိခိုက်ပျက်ယွင်းမသွားစေရန် ဌာနအားလုံးအတွက် အရေးကြီးကြောင်း၊ ICT နည်းပညာထွန်းကားပေါ်ပေါက်လာခြင်းနှင့်အတူ သတင်းမီဒီယာပုံစံအသစ်များ အလျင်အမြန်ပေါ်ထွက်လာကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း သုံးစွဲနေသည့် မီဒီယာများကို ခေတ်မီနည်းပညာအသစ်များနှင့်အညီ ပြုပြင် ပြောင်းလဲရန်နှင့် ပိုမို တိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်လာပါကြောင်း၊ ထို့ကြောင့် ယခုနှစ်ပိုင်းထဲတွင်သတင်းမီဒီယာဆိုင်ရာ နည်းပညာအသစ်များနှင့်စပ်လျဉ်းသည့် လေ့လာမှု၊ ဆွေးနွေးမှု၊ အသိပညာဗဟုသုတ ဖလှယ်မှုများကို ဌာနအတွင်း များစွာလုပ်လာရကြောင်း၊ မိမိတို့သည် သတင်းအလုပ်နှင့် ပတ်သက်၍ အတွေ့အကြုံရှိသော်လည်း နည်းပညာအသစ်နှင့်ပတ်သက်လျှင် သိနားလည်မှု အားနည်းသည့်အတွက် တတ်သိကျွမ်းကျင်သူများကို ဖိတ်ကြားပြီး ယခုကဲ့သို့ ဟောပြောပွဲများကို မကြာခဏ ပြုလုပ်ခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန သတင်းအချက်အလက် နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးစိုင်းစောလင်းထွန်းက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယနေ့ကမ္ဘာတစ်ဝန်းတွင် ဆိုက်ဘာတိုက်ခိုက်မှုဖြစ်စဉ်များစွာရှိပြီး ယင်းတိုက်ခိုက်မှုများကြောင့် အရေးကြီးသည့် သတင်းအချက်အလက်များ ခိုးယူဖျက်ဆီးခံရမှု၊ ခိုးယူဖျက်ဆီးခံရသည့် အချက်အလက်များကို ဆိုက်ဘာတိုက်ခိုက်သူများက ရောင်းချခြင်း၊ ထုတ်ဖော်ဖွင့်ဟခြင်းများ ပြုလုပ်ခြင်းကြောင့် တိုက်ခိုက် ခံရသည့်အဖွဲ့အစည်းများသည် ဂုဏ်သတင်းကျဆင်းခြင်း၊ လုံခြုံရေးဆိုင်ရာ အချက်အလက်များ ပေါက်ကြားခြင်းနှင့် အခြားသောဆုံးရှုံးနစ်နာမှုများ ဖြစ်ပွားလျက်ရှိမှု၊ မိမိတို့နိုင်ငံတွင်လည်း အစိုးရဝန်ကြီးဌာနများ အပါအဝင် ပုဂ္ဂလိကကုမ္ပဏီများ၏ website များ၊ Online shopping website များ နှစ်စဉ်တိုက်ခိုက်ခံရမှု၊ ကမ္ဘာတစ်ဝန်း ဖြစ်ပေါ်နေသည့် COVID-19 ကပ်ရောဂါကြောင့် အွန်လိုင်းအသုံးပြုပြီး ရုံးလုပ်ငန်းများ၊ ပညာရေးလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ၊ COVID-19 ဆိုင်ရာ အသိပညာပေးသတင်းများ ထုတ်ပြန်ခြင်းတို့ကို တွင်ကျယ်စွာ ဆောင်ရွက်နေသည့်အချိန်တွင် ဆိုက်ဘာတိုက်ခိုက်မှုများ၊ ဆိုက်ဘာအလွဲသုံးစားမှုများလည်း တစ်နေ့တခြားပိုမိုများပြားလာမှု၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ အမျိုးသားဆိုက်ဘာလုံခြုံရေးဗဟိုဌာန အနေဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လူငယ်များအကြား ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အသိပညာပြန့်ပွားရေး၊ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အသက်မွေးဝမ်းကျောင်းအခွင့်အလမ်း တိုးတက်လာစေရန် ရည်ရွယ်၍ Myanmar Cyber Security Challenge ပြိုင်ပွဲကို ၂၀၁၅ ခုနှစ်မှစပြီး နှစ်စဉ်ကျင်းပပေးကာ ဆုရရှိသူများကို နိုင်ငံတကာတွင် ကျင်းပနေသည့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ပြိုင်ပွဲသို့ စေလွှတ်ယှဉ်ပြိုင်စေခဲ့မှုနှင့် နောင်တွင် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ကွန်ပျူတာတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များအကြား၌ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ကိစ္စများနှင့်ပတ်သက်၍ ပိုမိုထိထိရောက်ရောက် ပူးပေါင်း ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

### ဟောပြောဆွေးနွေး

ယင်းနောက် အမျိုးသားဆိုက်ဘာလုံခြုံရေးဗဟိုဌာန ညွှန်ကြားရေးမှူး ဦးရဲနိုင်မိုးက ဆိုက်ဘာလုံခြုံရေးမူဝါဒနှင့် ဥပဒေမူဘောင်ရေးဆွဲ ဆောင်ရွက်နေမှုအခြေအနေ ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးရာတွင် ကမ္ဘာလုံးဆိုင်ရာဆိုက်ဘာလုံခြုံရေး အညွှန်းကိန်းမြင့်တက်ရေးအတွက် အစိုးရဌာနများ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မှု၊ နိုင်ငံအတွင်း ဆက်သွယ်ရေးကဏ္ဍ တိုးတက်ပြောင်းလဲလာမှုနှင့် မြန်မာနိုင်ငံ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ မူဝါဒနှင့် ဥပဒေရေးဆွဲနေမှုအခြေအနေများကို ဟောပြောဆွေးနွေးသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူး ဦးရန်နောင်စိုးက အစိုးရအဖွဲ့အစည်းအတွင်း ဆိုက်ဘာလုံခြုံရေး၏ အခန်းကဏ္ဍခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးရာတွင် အစိုးရဌာနများရှိ e-Government ဌာနများတွင် ဆိုက်ဘာလုံခြုံရေးအဖွဲ့ ထည့်သွင်းဖွဲ့စည်းရန် လိုအပ်မှု၊ ဆိုက်ဘာလုံခြုံရေး စိန်ခေါ်မှုများကို အစိုးရဌာနများ၊ ဆက်သွယ်ရေးအော်ပရေတာများ၊ ISC များ၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်များ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မှု အခြေအနေများကို ဟောပြောဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ထိုက်က ကမ္ဘာတစ်ဝန်း ဆိုက်ဘာတိုက်ခိုက်မှုများနှင့် ပတ်သက်သည့် PlugX RAT, CobaltStrike and Mustang Panda ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးရာ၌ အဆင့်မြင့်ဟက်ကာအဖွဲ့ (APT) ၏ အဓိပ္ပာယ်၊ APT များ၏ ပစ်မှတ်ထားတိုက်ခိုက်မှုများနှင့် နောက်ခံသမိုင်းကြောင်း၊ မြန်မာနိုင်ငံကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည့် အဆင့်မြင့်ဟက်ကာအဖွဲ့တစ်ခုဖြစ်သော Mustang Panda အဖွဲ့၏ သမိုင်းကြောင်းနှင့် ၎င်းတို့လုပ်ဆောင်ခဲ့သော ဆိုက်ဘာတိုက်ခိုက်မှုများ၊ Mustang Panda အဖွဲ့က ဆိုက်ဘာတိုက်ခိုက်ရာတွင် အသုံးပြုသော PlugX နှင့် Cobalt-Strike တိုက်ခိုက်ခံရမှုများတွင် သတင်းအချက်အလက်နှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနမှ တုံ့ပြန်ဆောင်ရွက်ခဲ့မှု၊ တိုက်ခိုက်မှုမှ လေ့လာသင်ယူရရှိခဲ့သော သင်ခန်းစာများကို ဟောပြောဆွေးနွေးသည်။


ဆက်လက်၍ အမျိုးသားဆိုက်ဘာလုံခြုံရေးဗဟိုဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်မဥ္ဇူက မြန်မာနိုင်ငံတွင် တိုက်ခိုက်ခံရလေ့ရှိသည့် Ransomware တိုက်ခိုက်မှုကို လေ့လာခြင်းနှင့် တိုက်ခိုက်မှု မခံရစေရန် ကာကွယ်ရန်နည်းလမ်းများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဦးစီးအရာရှိ ဦးဇော်မျိုးဦးက SIEM Platform အသုံးပြုပုံ မိတ်ဆက်ခြင်းခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဦးစီးအရာရှိ ဒေါ်သင်းနန္ဒာအောင်က Email လုံခြုံရေးနှင့် ပတ်သက်၍ အသိပညာပေးမိတ်ဆက်ခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဦးစီးအရာရှိ ဒေါ်အေးမြတ်သန္တာက ကွန်ပျူတာတစ်လုံးချင်းကို ဆိုက်ဘာတိုက်ခိုက်ခံရမှု နည်းပါးစေရန် ဆောင်ရွက်ရန် နည်းလမ်းများကို ချဉ်းကပ်လေ့လာခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း အသိပညာပေးဟောပြောဆွေးနွေးကြသည်။


### မေးမြန်းချက်များဖြေကြား

ဟောပြောမှုများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တက်ရောက်သူများက သိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး ဆိုက်ဘာလုံခြုံရေးဆိုင်ရာအသိပညာပေးဟောပြောပွဲကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂**

ထိုင်းနိုင်ငံသို့ မြန်မာအလုပ်သမားများ MoU စနစ်ဖြင့်စေလွှတ်ရေး၊ ထိုင်းနိုင်ငံအတွင်းရှိ မြန်မာအလုပ်သမားများ တရားဝင်ဆက်လက် အလုပ်လုပ်ကိုင်ခွင့်ရရှိရေးကိစ္စရပ်များနှင့် စပ်လျဉ်းသည့်ဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်၊ အမြဲတမ်းအတွင်းဝန်၊ ထိုင်းနိုင်ငံဆိုင်ရာ အလုပ်သမားသံအရာရှိ၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ဆွေးနွေးညှိနှိုင်းလျက်ရှိ

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ထိုင်းနိုင်ငံရှိ မူလအလုပ်ရှင်ထံတွင် ပြန်လည်အလုပ်လုပ်ကိုင်လျက်ရှိသော အလုပ်ခန့်ထားရေးစာချုပ်ချုပ်ဆိုပြီး အလုပ်လုပ်ခွင့်ပါမစ်ရရှိထားပြီးဖြစ်သော လုပ်သားဟောင်းများ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ရန် မလိုဘဲ မဲဆောက် - မြဝတီ နယ်စပ်ဂိတ်တွင် လက်ခံရေးစခန်း ဖွင့်လှစ်၍ MoU စနစ်ဖြင့် လုပ်သားများ ပြန်လည်စေလွှတ်မည့် အစီအစဉ်တင်ပြချက်ကို ရရှိခဲ့ကြောင်း၊ အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနအနေဖြင့် မြန်မာအလုပ်သမားများ ကုန်ကျစရိတ်သက်သာစေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်း ဆုံးရှုံးမှုမရှိစေရေးတို့အတွက် ထိုင်းနိုင်ငံအစိုးရဌာနများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည့်အပြင် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် အလုပ်သမားသံအရာရှိတို့ကလည်း သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများနှင့် ဆွေးနွေးညှိနှိုင်းလျက်ရှိကြောင်း၊ လတ်တလောဖြစ်ပွားနေသော ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ပြောင်းလဲနေသည့် အခြေအနေများ အပေါ်မူတည်ပြီး ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ နှစ်နိုင်ငံရှိ သက်ဆိုင်ရာဌာနများ၊ အလုပ်သမားစေလွှတ်သည့် အေဂျင်စီများ၊ အလုပ်သမားများက ညှိနှိုင်းပူးပေါင်း လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း ထိုသို့လုပ်ဆောင်နိုင်ရန် သတင်းအချက်အလက် မှန်ကန်စွာရရှိရန်လိုအပ်ကြောင်း၊ ထိရောက်သော လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဝန်ကြီးဌာန၊ သက်ဆိုင်ရာ မြန်မာသံရုံး၊ အလုပ်သမားသံအရာရှိတို့နှင့် အလုပ်ရှင်၊




အလုပ်သမား၊ ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီနှင့် ထိုင်းအေဂျင်စီတို့မှ စီမံချက်များရေးဆွဲ၍ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း။

### ချိတ်ဆက်ဆောင်ရွက်

အလုပ်အကိုင် ဝန်ဆောင်မှုပေးမည့် အေဂျင်စီများအနေဖြင့် ထိုင်းနိုင်ငံမှ သတ်မှတ်ထားသည့် လုပ်ငန်းစဉ်များ၊ ကန့်သတ်ချက်များ၊ လိုအပ်ချက်များကို သိရှိအောင် ဆောင်ရွက်ထားပြီး အလုပ်သမားများအား အသိပေးထားရန်၊ စာရင်းဇယားများ အချက်အလက်များ အထောက်အထားများ ကြိုတင်ပြုလုပ်ထားရန်၊ ထို့ပြင် ထိုင်းနိုင်ငံရှိ အလုပ်ရှင်များ၊ အေဂျင်စီများနှင့်လည်း မပြတ်ချိတ်ဆက် ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် တက်ရောက်လာကြသည့် မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ထိုင်းနိုင်ငံတွင် ရောက်ရှိနေသော မြန်မာအလုပ်သမားများ တရားဝင်ဆက်လက် အလုပ်လုပ်ကိုင်ခွင့်ရရှိရေး၊ MoU စနစ်ဖြင့် ထိုင်းနိုင်ငံသို့ သွားရောက် အလုပ်လုပ်ကိုင်ရန် အလုပ်ရှင် အလုပ်သမား အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် (EC) ချုပ်ဆိုပြီး မြန်မာနိုင်ငံတွင် စောင့်ဆိုင်းနေသည့် အလုပ်သမားများ အမြန်ဆုံးစေလွှတ်နိုင်ရေး၊ အလုပ်ရှင် အလုပ်သမား အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် (EC) ချုပ်ဆိုပြီး ထိုင်းနိုင်ငံသို့ ပြန်လည်ဝင်ရောက်လုပ်ကိုင်နေသော အလုပ်သမား (အဟောင်း) များအတွက် MoU လုပ်ငန်းစဉ်ဖြင့် နယ်စပ်၌ ဆောင်ရွက်ပေးနိုင်ရေးအစီအစဉ်များကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

တင်ပြ ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ အလုပ်သမားသံအရာရှိက MoU အလုပ်သမားဟောင်းများ တရားဝင်ဆက်လက်အလုပ်လုပ်ကိုင်ခွင့်ရရှိရေး ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးရရှိမှုများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ် အသေးစိတ်ကို ရှင်းလင်းတင်ပြဆွေးနွေးရာ တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၅) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံအတွင်း ကျင်းပသည့် စတုတ္ထအကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးညီလာခံ (၂၅) နှစ်ပြည့် အထိမ်းအမှတ် အဆင့်မြင့်အစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂**

(၇၅) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံကာလအတွင်း ပြုလုပ်သည့် စတုတ္ထအကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးညီလာခံ (၂၅) နှစ်ပြည့်အထိမ်းအမှတ် အဆင့်မြင့်အစည်းအဝေးကို အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တွင် အောက်တိုဘာ ၁ ရက် နယူးယောက်စံတော်ချိန် နံနက် ၉ နာရီတွင် ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ အဆင့်မြင့်အစည်းအဝေးကို ကျား/မ တန်းတူညီမျှမှုရရှိရေးနှင့် အမျိုးသမီးနှင့် မိန်းကလေးငယ်များ၏ စွမ်းပကားမြှင့်တင်ခြင်းတို့ကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ခြင်းခေါင်းစဉ်ဖြင့် ကျင်းပခြင်းဖြစ်သည်။

ညီလာခံဖွင့်ပွဲတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံခေါင်းဆောင်များက Video Message ဖြင့် အဖွင့်မိန့်ခွန်းများပြောကြားခဲ့ကြပြီး၊ နိုင်ငံအလိုက် အမျိုးသမီးရေးရာကိစ္စရပ်များတွင် တာဝန်ယူဆောင်ရွက်လျက်ရှိကြသော ဝန်ကြီးများနှင့် တာဝန်ရှိသူများက အမှာစကားများ ပြောကြားခဲ့ကြသည်။



### အမှာစကားပြောကြား

ညီလာခံတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဗီဒီယိုဖြင့် အမှာစကားပြောကြားရာတွင် ယခုအချိန်တွင် တစ်ကမ္ဘာလုံးရှိ နိုင်ငံများအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကို ရင်ဆိုင်တုံ့ပြန်နေကြရသဖြင့် အပြောင်းအလဲများ များစွာဖြစ်ပေါ်နေပါကြောင်း၊ မိမိတို့ မြန်မာနိုင်ငံအနေဖြင့်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကို ကာကွယ်ခြင်း၊ ထိန်းချုပ်ခြင်း၊ ကုသခြင်းနှင့်တုံ့ပြန်ခြင်းဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်နေသကဲ့သို့ တစ်ဖက်တွင်လည်း ဒီမိုကရေစီစနစ်သို့ပြောင်းလဲခြင်း လုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိရာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အပါအဝင် ဒီမိုကရေစီပြောင်းလဲရေး လုပ်ငန်းစဉ်များတွင် အမျိုးသမီးများ တန်းတူကိုယ်စားပြုပါဝင်နိုင်ရန် ဆောင်ရွက်နေပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်သူများအားလုံး သဘောတူထားသည့် ပြည်ထောင်စု၏ သဘောတူညီချက်တွင် ကျား/မဆိုင်ရာ လိင်ကွဲပြားမှုကို အခြေခံသော ခွဲခြားဆက်ဆံမှုမရှိစေရေး၊ တန်းတူညီမျှမှုရှိစေရေးတို့အတွက် မူဝါဒချမှတ်ဆောင်ရွက်ရန်၊ ကဏ္ဍအသီးသီးတွင် အမျိုးသမီးများအနည်းဆုံး (၃၀)ရာခိုင်နှုန်း ပါဝင်ရေးကိုအားပေးရန်၊ ကျား/မ ရေးရာအခြေပြု အကြမ်းဖက်မှုများကို ကာကွယ်နိုင်သည့်မူဝါဒများ ချမှတ်အကောင်အထည်ဖော်ရန်၊ အမျိုးသမီးများ၏စွမ်းဆောင်မှုကို မြှင့်တင်ရန်စသည့် ကျား/မဆိုင်ရာတန်းတူညီမျှမှုအတွက် ဆောင်ရွက်ရန် သဘောတူညီချက်များပါဝင်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် ကျား/မတန်းတူရည်တူရှိမှု မြှင့်တင်ရေးနှင့် ထိခိုက်ခံစားလွယ်သော အုပ်စုများအား ကာကွယ်ရေးလုပ်ငန်းများကို ကြိုတင်ကာကွယ်ခြင်း၊ တားဆီးခြင်း၊ တုံ့ပြန်မှုပေးခြင်း နည်းလမ်းအမျိုးမျိုးဖြင့် ဥပဒေများ၊ မူဝါဒများ ချမှတ်ခြင်းမှသည် လက်တွေ့အကောင်အထည်ဖော်ခြင်းအထိ အဆင့်ဆင့်၌ အားသွန်ခွန်စိုက် ဆောင်ရွက်နေပါကြောင်း၊ အစိုးရဌာနများအပြင် အမျိုးသမီးအရေးကို တက်ကြွစွာ ဆောင်ရွက်နေကြသည့် အမျိုးသမီးအဖွဲ့ (၁၁) ဖွဲ့တို့ဖြင့် ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏ လမ်းညွှန်မှုဖြင့်အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂) ကို အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းပါအချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ မဟာဗျူဟာစီမံကိန်း၏ ကျန်ရှိသည့် စီမံကိန်းကာလ (၃)နှစ်အတွက် လုပ်ငန်းစီမံချက် (၂၀၂၀-၂၀၂၂) ကိုလည်း ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များအပေါ် လိင်အကြမ်းဖက်မှုအပါအဝင် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုများကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်ပေးနိုင်ရန် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေ (မူကြမ်း) အား လွှတ်တော်သို့ တင်ပြထားရှိပါကြောင်း။

### လုပ်ငန်းစီမံချက်(မူကြမ်း)ကို ရေးဆွဲထား

ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုတားဆီး ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးအတွက် လုပ်ငန်းစီမံချက်(မူကြမ်း)ကို ရေးဆွဲထားရှိပြီး အတည်ပြုနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကို ရင်ဆိုင်တုံ့ပြန်ရာတွင်လည်း အမျိုးသမီးများ၊ မိန်းကလေးငယ်များနှင့် ထိခိုက်လွယ်အုပ်စုများ အပါအဝင် မည်သူတစ်ဦးတစ်ယောက်မျှ ကျန်ရစ်ခြင်းမရှိစေရဟူသော မူအတိုင်း ကာကွယ်တုံ့ပြန်မှုများကို ဆောင်ရွက်နေပါကြောင်း၊ ထို့အပြင် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်နိုင်ရန်အတွက် စီမံချက်ရေးဆွဲ၍ နိုင်ငံတော်မှ ငွေကျပ် (၂ ဒသမ ၁) ဘီလီယံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ကြောင့် သက်ရောက်မှုရှိလာမည့် လူမှုစီးပွားရေးအခြေအနေများကို ကုစားနိုင်ရန် လတ်တလောအကူအညီပေးအပ်မှုအစီအစဉ်နှင့် ရေရှည်ပြန်လည်ထူထောင်ရေး လုပ်ငန်းများပါဝင်သည့် ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်ကိုလည်း ဆောင်ရွက်လျက်ရှိရာ အဆိုပါအစီအစဉ်တွင် ကျား/မ ရေးရာကို ထည့်သွင်းစဉ်းစားထားသည့် လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်များလည်း ပါဝင်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကျား/မ တန်းတူညီမျှမှုရရှိရေးနှင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများကို ဆက်လက်၍ ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရမ်းဗြဲမြို့နယ်တွင် ဒေသခံများ ဝင်ငွေရရှိရေးစီမံကိန်းလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီး

**ရမ်းဗြဲ အောက်တိုဘာ ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရမ်းဗြဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကိုဗစ် - ၁၉ ကာလ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးဆောင်ရွက်သော စီမံကိန်းတစ်ခုဖြစ်သည့် ဒေသခံများ ဝင်ငွေရရှိရေးစီမံကိန်းကို ကျေးရွာအုပ်စု ၂၀ အတွင်းရှိ ကျေးရွာ ၅၀ တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ဒေသခံများ ဝင်ငွေရရှိရေးစီမံကိန်းကို ခွင့်ပြုရန်ပုံငွေအဖြစ် နိုင်ငံတော်မှ ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၁၀၀ ထောက်ပံ့ပေးခဲ့ပြီး ကျေးရွာများအလိုက် ကျေးရွာကော်မတီမှ ဦးဆောင်ကာ ကျေးရွာသူ ကျေးရွာသားများက ပူးပေါင်းပါဝင်မှုဖြင့် လုပ်အားခပေးချေမှုစနစ်ကို ကျင့်သုံးကာ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ ရမ်းဗြဲမြို့နယ်တွင် ဒေသခံများ ဝင်ငွေရရှိရေးစီမံကိန်းလုပ်ငန်းများအဖြစ် ကျေးရွာ ၅၀ တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ကျေးရွာတွင်းကျောက်ခင်းခြင်း ၄၉ ခု၊ ကျေးရွာတွင်း ရေမြောင်းတူးခြင်း ၃၁ ခု၊ Box Culvert သုံးခု၊ ကွန်ကရစ်ရေပြွန် ၁၉ ခု၊ ရေကန်ဖြစ်ညည်းရိုး လေးခု၊ စာသင်ကျောင်း ခြံစည်းရိုးတစ်ခု စုစုပေါင်း ၁၀၇ ခု ကို ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**ကံထွန်း(ဟံတာမြေ)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ကိုဗစ်- ၁၉ လူနာများအတွက် ကုသရေးလုပ်ငန်းများ လက်တွေ့မြေပြင်တွင်ဆောင်ရွက်နေသူများနှင့် တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး သည် ယနေ့ နံနက်ပိုင်းက ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မြောက်ဥက္ကလာပပြည်သူ့ ဆေးရုံကြီး၊ သဃ်န်းကျွန်း ပြည်သူ့ဆေးရုံကြီးနှင့် အင်းစိန်ပြည်သူ့ဆေးရုံကြီးတို့မှ ကိုဗစ်-၁၉ လူနာများအတွက် ကုသရေးလုပ်ငန်းများအား လက်တွေ့မြေပြင်တွင် ဆောင်ရွက်နေသည့် ကထိက(ဆေးပညာ)/ အထူးကု ဆရာဝန်များ၊ အထူးကု လက်ထောက်ဆရာဝန်၊ လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာမကြီးများ၊ အထက်တန်းသူနာပြုများ၊ သူနာပြုများနှင့် Video conferencing စနစ်ဖြင့် တွေ့ဆုံဆွေးနွေးသည်။**(ယာပုံ)**



တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ယခုဆွေးနွေးရခြင်းမှာ လက်တွေ့ မြေပြင်တွင် ကိုဗစ်-၁၉ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ဆရာဝန်များ၊ သူနာပြုဆရာမကြီးများနှင့် သူနာပြုများထံမှ လိုအပ်ချက်များ၊ ဗဟိုမှပံ့ပိုး ဆောင်ရွက်ပေးရမည့်ကိစ္စရပ်များနှင့် အကြံပြုချက်များကို တိုက်ရိုက်သိရှိလို၍ ဖြစ်ပါကြောင်း၊ ယခု ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုသည် ဝန်ကြီးဌာန၏ သမိုင်း တစ်လျှောက်လုံးတွင် အကြီးမားဆုံး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေး စိန်ခေါ်မှု တစ်ရပ်ဖြစ်ပြီး ရုတ်တရက်များပြားလာသော လူနာများကို ကိုင်တွယ်ကုသမှု ပေးရာတွင် လိုအပ်ချက်များရှိနိုင်မည် ဖြစ်ပါကြောင်း၊ ထိုသို့လိုအပ်ချက်များ၊ အားနည်းချက်များကို အသင်းအဖွဲ့ စိတ်ဓာတ်ကောင်းများဖြင့် အတတ်နိုင်ဆုံး ဖြေရှင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

## မှန်ကန်သောဆုံးဖြတ်ချက်ဖြစ်နိုင်မည်

ဝန်ကြီးဌာနအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဘက်စုံလိုအပ်ချက် များကို အချိန်နှင့် တစ်ပြေးညီ ပံ့ပိုးနိုင်ရန်အတွက် “ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့" ကို စက်တင်ဘာလ ၁၁ ရက်တွင် ဖွဲ့စည်းကာ ဆေးရုံများ၏ လိုအပ်ချက်များကို လည်းကောင်း၊ အသွားအလာကန့်သတ်နေရာများ စီမံခန့်ခွဲမှု ပိုမိုပီပြင် အဆင်ပြေ စေရန်လည်းကောင်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုကဲ့သို့ ကပ်ရောဂါကို တုံ့ပြန်ဆောင်ရွက်ရာတွင် အဘက်ဘက်မှ အမြင်များ၊ အထူးသဖြင့် လက်တွေ့မြေပြင်တွင် ဆေးရုံများ၌ ကုသမှုဝန်ဆောင်မှုကိုပေးနေ သူများထံမှ အကြံပြုချက်များသည် အထူးအရေးကြီးပြီး ဝန်ကြီးဌာနအနေဖြင့် ၎င်းအချက်များကို စဉ်းစားသုံးသပ်ပြီး ဆုံးဖြတ်ချက်ချမှသာလျှင် မှန်ကန်သော ဆုံးဖြတ်ချက်ဖြစ်နိုင်မည်ဖြစ်ပါကြောင်း။

ယနေ့တွေ့ဆုံရာတွင် ဆရာဝန်များ၊ သူနာပြုများထံမှ အကြံပြုချက်များကို အသေအချာ မှတ်သားထားရှိကာ ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခ ဆရာဝန်ကြီး များနှင့်တိုင်ပင်ကာ အမြန်ဆုံး ပံ့ပိုးဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ဆေးရုံ အုပ်ကြီးများအနေဖြင့်လည်း ဆရာဝန်များ၊ သူနာပြုများ၊ ကုသရေးဆိုင်ရာ ပညာရှင်များ၊ ဝန်ထမ်းများအားလုံး၏ အသံများကို အမြဲနားထောင်ကာ လိုအပ် သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန်မှာ အထူးအရေးကြီးပါကြောင်း၊ မိမိတို့ အတိုင်းအတာဖြင့် မဆောင်ရွက်နိုင်ပါက ဗဟိုသို့ ချက်ချင်းအကြောင်းကြားပါက ဗဟိုမှ အချိန်နှင့်တစ်ပြေးညီ ပြန်လည်တုံ့ပြန် ကူညီပေးမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရမှ ဘဏ္ဍာငွေများကို ဝန်ကြီးဌာနမှ တောင်းခံသည့်အတိုင်း လုံလောက်စွာ ခွင့်ပြုပေးလျက်ရှိကြောင်းကိုလည်း ဆေးရုံအုပ်ကြီးများကို ပြောကြားထားပြီးဖြစ်သည့်အတွက် ဆေးရုံအုပ်ကြီးများမှ လိုအပ်ချက်များကို ဗဟိုသို့ အချိန်မရွေး လျင်မြန်စွာအသိပေးစေလိုပါကြောင်း၊ ယခုကဲ့သို့ လက်တွေ့ မြေပြင်တွင် လုပ်ငန်းဆောင်ရွက်နေသူများထံမှ လိုအပ်ချက်များ၊ အကြံပြုချက် များကို မိမိအပါအဝင် ဝန်ကြီးဌာန အကြီးအကဲ ငါးဦးထံသို့တစ်ပြိုင်နက်တည်း အချိန်မရွေးပေးပို့နိုင်ရန်အတွက် အစီအစဉ်တစ်ရပ် အမြန်ဆုံးပြုလုပ်သွားမည် ဖြစ်ပြီး တင်ပြချက်နှင့် အကြံပြုချက်များကို အမြန်ဆုံး တုံ့ပြန်ခြင်းနှင့် ပံ့ပိုးခြင်း တို့ကို ပြုလုပ်မည်ဖြစ်ပါကြောင်း။

## အထူးကိစ္စရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိ

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် ဆေးရုံများ၌ ဆေးနှင့်ဆေး ပစ္စည်းများ ပြတ်လပ်မှုမရှိစေရန်အတွက် ဗဟိုမှတာဝန်ရှိသူများအနေဖြင့် အထူးကိစ္စရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် “ဆေးနှင့် ဆေးပစ္စည်းစီမံခန့်ခွဲမှု သတင်းအချက်အလက် စာမျက်နှာ (dashboard)” ကို ပြုလုပ်ထားရှိပြီး အဆိုပါ dashboard မှ ဆေးရုံအသီးသီးရှိ ဆေးစာရင်း လက်ကျန်များကို အချိန်နှင့်တစ်ပြေးညီ ကြည့်ရှုကာ ကြိုတင် တွက်ဆဝယ်ယူထားပြီး ဆေးရုံများသို့ ပေးပို့လျက်ရှိပါကြောင်း၊ ဆေးရုံအုပ်ကြီး များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် မိမိတို့၏ ဆေးစတိုအတွင်းမှ ဆေးနှင့်ဆေးပစ္စည်းများကို သက်ဆိုင်ရာ လူနာဆောင်များသို့ လုံလောက်စွာ ပေးပို့ရမည်ဖြစ်ပြီး ဆေးစာရင်းလက်ကျန်များကို dashboard တွင် အချိန်နှင့် တစ်ပြေးညီ ဖြည့်သွင်းမှသာလျှင် ဗဟိုမှသိရှိ၍ ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါ ကြောင်း၊ ဆေးရုံအလိုက် ‘‘ဆေးရုံတွင်းနှင့် လူနာဆောင်များအတွက် လိုအပ် ချက်များ ဖြည့်ဆည်းဆောင်ရွက်ရေးအဖွဲ့” ကို ဖွဲ့စည်းစေမည်ဖြစ်ပြီး သက်ဆိုင် ရာ လူနာဆောင်မှ ကိုယ်စားလှယ်တစ်ဦးက လူနာဆောင်တွင် တွေ့ကြုံရသော အခက်အခဲနှင့် လိုအပ်ချက်ကို အဆိုပါအဖွဲ့ထံ တိုက်ရိုက်ပြောကြားရမည် ဖြစ်ပါကြောင်း၊ အဆိုပါအဖွဲ့အနေဖြင့် လိုအပ်ချက်များကို ချက်ချင်းဆုံးဖြတ် ဖြည့်ဆည်းပေးသွားရန်ဖြစ်ပြီး ဆေးရုံအနေဖြင့် လုပ်ဆောင်နိုင်စွမ်းမရှိသည် များကို အထက်အဆင့်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြတောင်းခံရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကိုဗစ်-၁၉ လူနာများအတွက် ကုသရေးလုပ်ငန်းများဆောင်ရွက် နေသည့် အထူးကု ဆရာဝန်၊ ဆရာဝန်နှင့် သူနာပြုများက ပြောကြားရာတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ကထိက (ဆေးပညာ)/ အထူးကုဆရာဝန် ဒေါက်တာ စန္ဒာပြုံး၊ လက်ထောက်ဆရာဝန် ဒေါက်တာ မြတ်မင်းမောင်၊ အထက်တန်း သူနာပြု ဒေါ်သီသီလွင်နှင့် သူနာပြု ဒေါ်လှဲ့လှဲ့ကေခိုင်တို့က ဆေးရုံကြီးသည် နိုင်ငံတစ်ဝန်းလုံးမှ အားကိုးအားထားပြု လာရောက်ကုသမှုခံယူနေသော ဆေးရုံဖြစ်သဖြင့် ပုံမှန်အချိန်တွင်ပင် လူနာများပြားမှု၊ ပြင်ပလူနာဌာန၊ High Dependency Unit နှင့် Intensive Care Unit (အထူးကြပ်မတ်ကုသဆောင်) တို့တွင် လူနာဝင်ဆံ့မှုအခြေအနေ၊ လက်ရှိတွင် ကိုဗစ်-၁၉ သံသယလက္ခဏာရှိ သည့် လူနာများ များပြားစွာ လာရောက်ပြသလျက်ရှိသဖြင့် ဆရာဝန်များ၊ သူနာပြုများနှင့် ဝန်ထမ်းများ လုပ်ငန်းဝန်များ ပိနေမှု၊ လူနာမှတ်တမ်းများ စာရွက်စာတမ်းများ ဖြည့်စွက်ရန်အတွက် အချိန်များပေးနေရမှု၊ ဆရာဝန်၊ သူနာပြုအင်အားလိုအပ်မှု၊ ဆရာဝန်၊ သူနာပြုများ တစ်ကိုယ်ရေသုံးရောဂါ ကာကွယ်ရေးဝတ်စုံ (PPE) များ အချိန်ကြာမြင့်စွာ ဝတ်ဆင်ပြီး လုပ်ကိုင်နေရ သည့်အတွက် ပင်ပန်းနွမ်းနယ်နေမှုနှင့် ရေချိုးခန်းများ ထပ်မံလိုအပ်မှု၊ အောက်ဆီဂျင် ပိုက်လိုင်းများလိုအပ်မှု၊ ကိုဗစ်-၁၉ လူနာများအား ရောဂါလက္ခဏာရှိသူနှင့် မရှိသူများအား သီးခြားလူနာဆောင်ခွဲထားရန်၊ လူနာများအား လွှဲပြောင်းကုသမှု ပေးရန်အတွက် သယ်ယူပို့ဆောင်ရေးအတွက် ချိတ်ဆက်ဆောင်ရွက်ရန်အတွက် သီးခြားအဖွဲ့များ ဖွဲ့စည်းတာဝန်ယူဆောင်ရွက်စေရန်တို့ကိုလည်းကောင်း။

မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးမှ ကထိက (ဆေးပညာ)/ အထူးကု ဆရာဝန် ဒေါက်တာ သန်းသီရိထွေး၊ လက်ထောက်ဆရာဝန် ဒေါက်တာ နေခြည်ဝင်း၊ သူနာပြုဆရာမကြီး ဒေါ်လွင်လွင်ငြိမ်း နှင့် သူနာပြု ဒေါ်စုလှိုင်တင် တို့က ကိုဗစ်-၁၉ သံသယလူနာများတွင် ရောဂါလက္ခဏာပြင်းထန်သူများ ယခင်ကထက် သိသာစွာ ပိုမိုများပြားလာမှု၊ လူနာပြသရန် စောင့်ဆိုင်းနေရာများ တိုးချဲ့ရန် ထပ်မံလိုအပ်မှု၊ ဆရာဝန်၊ သူနာပြုအင်အားနှင့် အသက်ရှူစက်ထပ်မံ လိုအပ်မှု၊ ကိုဗစ်-၁၉ လူနာ များအား ကိုင်တွယ်ကုသမှုပေးနေသည့် ကျန်းမာရေး ဝန်ထမ်းများ နေထိုင်ရန်အတွက် အဆောင်၊ နေရာထပ်မံလိုအပ်မှု၊ ဆရာဝန်နှင့် သူနာပြုများကို ကူညီရန် အထွေထွေလုပ်သားများ လိုအပ်မှု၊ ပြင်းထန်လူနာများ အထူးသဖြင့် လူနာစောင့်မရှိသူများအတွက် အစားအသောက်၊ သန့်ရှင်းရေး ဆိုင်ရာများ ပြုစုပေးနိုင်ရေးအတွက် လိုအပ်မှု၊ လူနာများအား အထူးကြပ်မတ် ကုသဆောင်များသို့ ပို့ဆောင်ရာတွင် အဆောင်များမှ လက်ခံနိုင်သည့် အနေ အထားကို ညှိနှိုင်းပေးရန် လူနာဆောင် နေရာချထားရေးတာဝန်ခံထားရှိရန်၊ ပြင်းထန်လူနာများအား လူနာစောင့်များက အစားအသောက်နှင့် သန့်ရှင်းရေး ဆိုင်ရာကိစ္စရပ်များ လုပ်ဆောင်ရန်အတွက် ရောဂါကာကွယ်ရေးအသုံးအဆောင် များ ဝတ်ဆင်ဆောင်ရွက်စေရန်၊ လူနာတင်ယာဉ်များကို မောင်းနှင်ရာတွင် ဝန်ကြီးဌာနမှ ယာဉ်မောင်းဝန်ထမ်းများကို အသုံးပြုရန်၊ ဆေးရုံကြီးတွင် ကိုဗစ်- ၁၉ လူနာများကို စနစ်တကျ လက်ခံကုသမှုပေးရန်အတွက် သီးခြားလူနာ ဆောင်များ၊ အထူးကြပ်မတ်ကုသဆောင်များအတွက် ထားရှိမည့် အနေအထား အကြံပြုမှုတို့ကို လည်းကောင်း။

## N95 Mask များ ပိုမိုပေးအပ်ရန်လိုအပ်

သဃ်န်းကျွန်းပြည်သူ့ဆေးရုံကြီးမှ ကထိက (ဆေးပညာ)/ အထူးကုဆရာဝန် ဒေါက်တာ သင်ဇာချိုဦး၊ လက်ထောက်ဆရာဝန် ဒေါက်တာဇင်ထက်နိုင်၊ သူနာပြု ဆရာမကြီး ဒေါ်ခင်စန်းဝင်းနှင့် သူနာပြု ဒေါ်လင်းလင်းဖြူတို့က ကိုဗစ်-၁၉ သံသယလူနာများအား လူနာရှင်များက ဆေးရုံသို့ လာရောက်ပို့ဆောင်ပြီးနောက် ဆက်သွယ်၍ မရတော့သည့် ဖြစ်စဉ်များ၊ အထွေထွေလုပ်သားများလိုအပ်နေမှု၊ N95 Mask များ ပိုမိုပေးအပ်ရန်လိုအပ်မှုကို လည်းကောင်း။

အင်းစိန်ပြည်သူ့ဆေးရုံကြီးမှ လက်ထောက်ဆရာဝန် (ဆေးပညာ) ဒေါက်တာမင်းသန့်ကျော်၊ လက်ထောက်ဆရာဝန် ဒေါက်တာသူရိန်မင်းဇော်၊ အထက်တန်းသူနာပြု နော်ဟေဆာဖေ့နှင့် သူနာပြု ဒေါ်ချမ်းချမ်းမွန်တို့က အခြားဆေးရုံကြီးများနည်းတူ လူနာများ များပြားနေမှုနှင့် လိုအပ်ချက်များ၊ ကိုဗစ်-၁၉ လူနာများအား ကုသနေသည့် ကျန်းမာရေးဝန်ထမ်းများ နေထိုင်ရန် အဆောင်၊ နေရာ ထပ်မံလိုအပ်မှု၊ အထွေထွေလုပ်သား အင်အားလိုအပ်မှု၊ အောက်ဆီဂျင်ပိုက်လိုင်းများ တိုးချဲ့ တပ်ဆင်ရန်တို့ကိုလည်းကောင်း တင်ပြ ကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ရောဂါကူးစက်ခံရနိုင်ခြေများ ရှိနေသော်လည်း ယခုကဲ့သို့ ပြည်သူများအတွက် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို အစွမ်းကုန် ဆောင်ရွက်နေသည့်အတွက် အထူးအသိအမှတ်ပြု ကျေးဇူးတင်ရှိပါကြောင်း၊ ယခုကဲ့သို့ ပွင့်လင်းစွာ ပြောကြားမှုများနှင့် အကြံပြု ချက်များကို ဝန်ကြီးဌာနအထူးကိစ္စရပ်အနေဖြင့် စဉ်းစားပြီး အမြန်ဆုံးနှင့် အတတ်နိုင်ဆုံးဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန၏ e-Health Unit မှ COVID-19 ဆိုင်ရာ အသွားအလာကန့်သတ်မှု၊ ဓာတ်ခွဲစစ်ဆေးမှု၊ လူနာကုသမှု စသည်တို့ ပါဝင်ပြီး ကွန်ပျူတာ (သို့မဟုတ်) android စနစ်သုံး မိုဘိုင်းဖုန်းများအသုံးပြု ဖြည့်စွက်နိုင်သည့် စာရင်းပုံစံကို ပြုစုထားရှိပြီး အပြီးသတ်ရေးဆွဲရန် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဆွေးနွေးဆောင်ရွက် လျက်ရှိပါကြောင်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အောက်ဆီဂျင်ပိုက်လိုင်းများ တိုးချဲ့တပ်ဆင်လျက်ရှိပြီး ကျန်ဆေးရုံကြီး သုံးခုတွင်လည်း တိုးချဲ့တပ်ဆင်ရန် အတွက် ညွှန်ကြားထားပြီး ဖြစ်ပါကြောင်း၊ ဆရာဝန်များနှင့် သူနာပြုများအတွက် ရေချိုးခန်းများကို အသင့်တပ်ဆင်ပြီးရေချိုးခန်းများ ထားရှိပေးသွားမည်ဖြစ်ပါ ကြောင်း၊ ကိုဗစ်-၁၉ လူနာများအားကုသမှုပေးနေသည့် ကျန်းမာရေးဝန်ထမ်းများ နေအိမ်သို့မပြန်လိုပါက နေထိုင်ရန် အဆောင်များနှင့် ဟိုတယ်များ ထားရှိရန် စီစဉ်ပေးမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနမှ အသစ်ခန့်အပ်တာဝန်ပေးအပ် ထားသည့် သူနာပြုသစ်လွင်များအား တာဝန်ကျရာ နေရာဒေသများသို့ မသွား ရောက်စေသေးဘဲ ရန်ကုန်တိုင်းဒေသကြီးတွင် ယာယီတွဲဖက်တာဝန်ချထားပေး မည်ဖြစ်ပါကြောင်း၊ လိုအပ်နေသော အထွေထွေလုပ်သားများအား ဆေးရုံ အုပ်ကြီးများက ချက်ချင်းတာဝန်ယူ ခန့်အပ်နိုင်ပါကြောင်း၊ လူနာများအား လွှဲပြောင်းကုသမှုပေးရန်အတွက် သယ်ယူပို့ဆောင်ရေးအတွက် ချိတ်ဆက်ဆောင် ရွက်ရန်အတွက် သီးခြားအဖွဲ့များဖွဲ့စည်းရန်၊ လူနာများအား အထူးကြပ်မတ် ကုသဆောင်များသို့ပို့ဆောင်ရာတွင်အဆောင်များမှလက်ခံနိုင်သည့်အနေအထား ကို ညှိနှိုင်းပေးရန် လူနာဆောင်နေရာချထားရေးတာဝန်ခံထားရှိရန်၊ ပြင်းထန် လူနာများအား လူနာစောင့်များက အစားအသောက်နှင့် သန့်ရှင်းရေးဆိုင်ရာ ကိစ္စရပ်များ လုပ်ဆောင်ရန်အတွက် ရောဂါကာကွယ်ရေးအသုံးအဆောင်များ ဝတ်ဆင်ဆောင်ရွက်စေရန်နှင့် ဆေးရုံကြီးတွင် ကိုဗစ်-၁၉ လူနာများကို စနစ် တကျ လက်ခံကုသမှုပေးရန်အတွက် သီးခြားလူနာဆောင်များ၊ အထူးကြပ်မတ် ကုသဆောင်များအတွက် ထားရှိမည့်အနေအထား အကြံပြုမှုများကို ဆေးရုံ အုပ်ကြီးများ၊ အထူးကုဆရာဝန်ကြီးများနှင့်တိုင်ပင်ကာ ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း။

## အစည်းအဝေးတစ်ခုပြုလုပ်မည်

အဆိုပါ အချက်များအား လက်တွေ့အခြေအနေနှင့်ကိုက်ညီစွာ ဖြည့်ဆည်း ဆောင်ရွက်ပေးရေး ညှိနှိုင်းဆောင်ရွက်ရန်နှင့် ထပ်မံလိုအပ်မှုများရှိက တောင်းဆို နိုင်ရန်အတွက် မိမိအနေဖြင့် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဆေးတက္ကသိုလ် (၁)၊ ပါမောက္ခချုပ်၊ ရန်ကုန်တိုင်းဒေသကြီး ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး) တို့ကို ဆေးရုံကြီး လေးရုံသို့ ယနေ့ သွားရောက်ကာ သက်ဆိုင်ရာ ဆေးရုံအုပ်ကြီး များ၊ လူနာဆောင်တာဝန်ခံများ၊ ဆရာဝန်များ၊ သူနာပြုများနှင့် တွေ့ဆုံဆွေးနွေး ခြင်းများ ပြုလုပ်စေမည်ဖြစ်ပါကြောင်း၊ ၎င်းအဖွဲ့အနေဖြင့် ချက်ချင်းဖြည့်ဆည်း ပေးနိုင်သည်များကို ချက်ချင်းဖြည့်ဆည်း ဆောင်ရွက်ပေးရန် ညွှန်ကြားမည် ဖြစ်ပါကြောင်း၊ လူနာတင်ယာဉ်များကို မောင်းနှင်ရာတွင် ဝန်ကြီးဌာနမှ ယာဉ်မောင်းဝန်ထမ်းများကို အသုံးပြုနိုင်ရန်အတွက် နေပြည်တော်မှ ယာဉ်မောင်းများ စေလွှတ်ပေးမည်ဖြစ်ပါကြောင်း၊ N95 Mask များလည်း ဆေးရုံကြီးများသို့ ပေးပို့ထားပြီး ဖြစ်ပါကြောင်း၊ မိမိတို့ကျန်းမာရေးဝန်ထမ်းများ ရောဂါကူးစက်ခံရမှု မရှိစေရေးအတွက် ယခုထပ်မံ၍ ရောက်ရှိလာသည့် N95 Mask ခုရေ ၂၀၀၀၀၀ လည်း ကိုဗစ်-၁၉ လူနာများပြားနေသော ဆေးရုံများ သို့ ချက်ချင်း ထပ်မံပေးပို့မည်ဖြစ်ပါကြောင်း၊ ဆေးရုံပိုင်းဆိုင်ရာ ကိစ္စရပ်များကို တာဝန်ရှိသူများနှင့် အသေးစိတ်ထပ်မံဆွေးနွေးရန်အတွက် ယနေ့ ညနေတွင် အမြဲတမ်းအတွင်းဝန်က ဦးဆောင်သော အစည်းအဝေးတစ်ခုပြုလုပ်မည်ဖြစ် ပါကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❊ *ရှေ့ဖုံးမှ*

အလှမ်းဝေးကွာသည့် မဲရုံများကို ခွဲထုတ်ပေးခြင်းဖြင့် ပြည်နယ်အတွင်း မဲရုံပေါင်း ၉၁၈ ရုံဖြင့် လျာထား ဆောင်ရွက်ထားကြောင်း ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အရာရှိ ဦးထွန်းအောင်ခိုင်က ပြောကြားသည်။

ကချင်ပြည်နယ်အတွင်း ပထမအကြိမ် မဲဆန္ဒရှင် စာရင်းတွင် လူဦးရေ ၁၀၈၅၀၈၁ ဦးဖြင့် ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၇ ရက်အထိ ထုတ်ပြန်ကြေညာခဲ့ရာ မဲဆန္ဒရှင် ဦးရေ ၃၈၆၃၄၄ ဖြင့် လာရောက်ကြည့်ရှုခဲ့ကြပြီး ပုံစံ (၃) ဖြင့် တောင်းဆိုသူ ၃၂၅၈၉ ဦး၊ ပုံစံ (၄)ဖြင့် ပယ်ဖျက်သူ ၁၈၄၅၆ ဦး၊ ပုံစံ (၄-က)ဖြင့် ပြင်ဆင်သူ ၂၂၀၀၆ ဦးရှိကြောင်း သိရသည်။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ကချင်ပြည်နယ်အတွင်း ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေး ပါတီအသီးသီးမှ လွှတ်တော်မဲဆန္ဒနယ်အသီးသီးတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများမှာ စာရင်းအရ ပြည်သူ့လွှတ်တော်တွင် ၁၁၉ ဦး၊ အမျိုးသား လွှတ်တော်အတွက် ၈၇ ဦး၊ ပြည်နယ်လွှတ်တော် ၂၄၅ ဦး တို့နှင့် ဗမာတိုင်းရင်းသားကိုယ်စားလှယ် ခုနစ်ဦး၊ ရှမ်းတိုင်းရင်းသား ကိုယ်စားလှယ် ရှစ်ဦး၊ လီဆူတိုင်းရင်းသား ကိုယ်စားလှယ် ရှစ်ဦး၊ ရဝမ်တိုင်းရင်းသားကိုယ်စားလှယ် ခြောက်ဦးတို့ဖြင့် စုစုပေါင်း ၄၈၀ တို့ ပါဝင်ယှဉ်ပြိုင်မည် ဖြစ်ကြောင်း သိရသည်။

**မျိုးမြင့်စိုး(မြန်/ဆက်)**

# ကိုဗစ် - ၁၉ ရဲ့ အဓိက လိုအပ်ချက်ဖြစ်တဲ့ အောက်ဆီဂျင်ကုထုံး (Oxygen Therapy) ကိုလည်း တတ်နိုင်သမျှ အစွမ်းကုန် အများဆုံးရအောင် ဆေးရုံတွေမှာ ယခုဆိုရင် ကျွန်တော်တို့ ထပ်မံပြီး စီမံချက်အသစ်တွေနဲ့ ဆောင်ရွက်လျက်ရှိပါတယ်

ပါမောက္ခ ဒေါက်တာဇော်ဝေစိုး

**ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်းပြီး ရန်ကုန်တိုင်းဒေသကြီး ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ (၁)၊ ဆေးတက္ကသိုလ် – ၁ (ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခဒေါက်တာဇော်ဝေစိုးနှင့် မြန်မာ့ရုပ်မြင်သံကြားမှ သတင်းအဖွဲ့က အောက်တိုဘာ ၁ ရက်တွင် ဆက်သွယ်မေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ပါသည် –**

**ပါမောက္ခ ဒေါက်တာဇော်ဝေစိုး [ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ် – ၁ (ရန်ကုန်)]**

ဒီနေ့အခြေအနေကို တင်ပြရရင် ကျွန်တော်တို့ ၂၆ – ၉– ၂၀၂၀ တုန်းက ရန်ကုန်မှာ Positive ပိုးတွေ့လူနာ ပေါင်း ၇၈၁ ဦးရှိတယ်။ စက်တင်ဘာ ၂၇ ရက်မှာ အကြောင်းအမျိုးမျိုးကြောင့် စစ်ဆေးတဲ့ပုံစံ ပြောင်းသွားတဲ့အတွက်ကြောင့် ၄၈၂ ဦးရှိတယ်။ နောက်စက်တင်ဘာ ၂၈ ရက်မှာ ၇၀၉ ဦး၊ စက်တင်ဘာ ၂၉ ရက်မှာ ၇၁၇ ဦး၊ စက်တင်ဘာ ၃၀ ရက်မှာ ၆၀၀ နဲ့ ဒီနေ့ညက ၆၉၂ ဦး ရှိတယ်။

ကျွန်တော်တို့ အနေအထားက နည်းနည်းတန်းလာတဲ့ သဘောရှိပါတယ်။ ဒါကျွန်တော်တို့ ပြောမယ်ဆိုရင် Flatten ဖြစ်သွားသလားလို့ ယူဆရပါတယ်။ ကျွန်တော်တို့ ဒါကို တိတိကျကျကြီး မပြောပါဘူး။ ကျွန်တော်တို့ ဒါတန်းသွားပြီ၊ ရပ်သွားပြီ ဒီလိုပြောတာ မဟုတ်ဘူး။ ဒီဟာ ကျွန်တော်တို့ တက်နေတဲ့ ဂရပ်ဖ်က ဒီလို Flatten များဖြစ်သွားသလားလို့ ကောင်းတဲ့ဘက်က တွေးကြည့်တာပါ။

ပြည်သူလူထုက လိုက်နာနေတယ်။ ပြည်သူလူထုက စည်းကမ်းတွေကို ထိန်းသိမ်းနေတယ်။ ပြည်သူလူထု တစ်ဦးချင်း၊ တစ်ယောက်ချင်းစီက ပါဝင်နေတယ်လို့ ကျွန်တော်တို့ ထင်ပါတယ်။ ယူဆပါတယ်။ ဒါကြောင့်လည်း ပြည်သူလူထုရဲ့ ပါဝင်မှုကြောင့် ဒီတက်နေတဲ့နှုန်းက ခုနကပြောသလိုပဲ အပေါ်ကို တက်တာကနေရပ်နေပြီး Flatten ဖြစ်သွားတယ်လို့ ကျွန်တော်တို့ ထင်ပါတယ်။ တန်းသွားတယ်လို့ ထင်ပါတယ်။

**နောက်ဆုံးအကြိမ်အနေနဲ့ ကြိုးစားကြမယ်**

တစ်ပြိုင်နက်တည်းမှာ ကျွန်တော်တို့ ဆောင်ရွက်နေတာတွေကို ပြောရရင်တော့ နံပါတ် (၁) က အရင်တုန်းက ပြောခဲ့သလို ကျွန်တော်တို့ အင်နဲ့အားနဲ့ နောက်ဆုံးအကြိမ်အနေနဲ့ ကြိုးစားကြမယ်။ Containment တွေအကုန်လုံးကို ဝိုင်းလုပ်ပြီးတော့ ကြိုးစားကြမယ်။ ကျွန်တော် အရင်တုန်းက ပြောဖူးပါတယ်။ Spin Effects ပေါ့နော်၊ ဖရိန် တစ်ခုကို ကျွန်တော်တို့က ဖိထားတယ်။ ကျွန်တော်တို့က တင်းတင်းကျပ်ကျပ် Control လုပ်ပြီး Containment လုပ်ခဲ့တာကနေ ဖြည်းဖြည်းချင်း တစ်ဆင့်ချင်း လျှော့လာတာပါ။

အဲဒီလိုလျှော့တဲ့အခါမှာ ယခုနောက် ကျွန်တော်တို့ ဒီဟာကိုဝိုင်းပြီး ရှိသမျှစွမ်းအင် အကုန်သုံးပြီး တားထားတာကို လုပ်မယ်ဆိုပြီး Containment လုပ်နိုင်ဖို့အတွက် စောစောကပြောတဲ့ ပိုးတွေ့လူနာတွေကို စောင့်ရှောက်နိုင်ဖို့အတွက် အစွမ်းကုန်ကြိုးစားပြီး တစ်ဖက်ကနေ သူတို့အတွက် COVID Medical Center တွေ တစ်ခုပြီး တစ်ခု တိုးချဲ့တည်ဆောက်ပြီး လူအင်အားတွေ သုံးပြီးတော့ ဒါကို ဝိုင်းဝန်းပြီး ဆောင်ရွက်ခဲ့ကြပါတယ်။

**ကျွန်တော်တို့ နိုင် နိုင်တယ်**

ဒါကြောင့်လည်း ယခုအချိန်မှာဆိုရင် ကိုဗစ်စင်တာတွေ၊ ကျွန်တော် အရင်တစ်ခေါက်က ပြောခဲ့ပါတယ်။ လွန်ခဲ့တဲ့ တစ်ပတ်လောက်က ခုတင်အရေအတွက် ၅၀၅၀ ကနေ ယခုအချိန်မှာ ခုတင်အရေအတွက် ၈၀၀၀ နဲ့ ကျွန်တော်တို့ ဝိုင်းပြီးထိန်းမှာ ဖြစ်ပါတယ်။ ခုတင်အရေအတွက် ၈၀၀၀ ဆိုတာ တစ်နေ့ကို လူ ၇၀၀ / ၈၀၀ ကို လက်ခံနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အနေအထားနဲ့ တစ်နေ့တစ်နေ့ကို ၇၀၀ ထွက်တဲ့ နှုန်းနဲ့ ဒီဘက်ကရှိတဲ့ ခုတင်အရေအတွက်ဟာ အခြေအနေက တော်တော်လေး ညီမျှလာတဲ့သဘောရှိတော့ ကျွန်တော်တို့ ဒီဟာလေးကို ဆက်ထိန်းထားလိုက်ရင် ဒီပွဲကို ကျွန်တော်တို့ နိုင်နိုင်တယ်လို့ ယူဆပါတယ်။

အဲဒီလိုနိုင်တာက ကျွန်တော်တို့ ဒီဘက်က ထိန်းတာကြောင့် မဟုတ်ပါဘူး။ ပြည်သူလူထုရဲ့ တစ်ဦးချင်း၊ တစ်ဦးချင်း၊ တစ်ယောက်ချင်း၊ တစ်ယောက်ချင်းစီက ကျွန်တော်ပြောသလိုပေါ့နော်၊ နောက် တစ်ရပ်ကွက်ချင်းစီ၊ တစ်လမ်းချင်းစီ၊ တစ်မြို့ချင်းစီ၊ တစ်နယ်ချင်းစီ၊ တစ်ဒေသချင်းစီ အားလုံးလုပ်နေလေ့အောင်း မြင်းဇောင်း မကျန် လူတိုင်း၊ လူတိုင်းက ပါဝင်ပြီး ဒါကို လိုက်နာပြီးတော့ ကျွန်တော်တို့ စောင့်ထိန်းခြင်းအားဖြင့် ဒါကို ထိန်းနိုင်မှာ ဖြစ်ပါတယ်။

**ပိုမိုပြီးတော့ ကောင်းမွန်လာ**

ဒီလိုထိန်းလိုက်နိုင်ရင် ကျွန်တော်တို့အခြေအနေက အသာစီးပြန်လည်ရရှိလာနိုင်တဲ့ အနေအထားရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဒီဟာတွေ့ရှိတာကို ဆွေးနွေးခြင်း ဖြစ်ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ရဲ့ ဆရာကြီး ပါမောက္ခ ဒေါက်တာကျော်မြင့် ဦးဆောင်တဲ့အဖွဲ့နဲ့လည်း နီးနီးကပ်ကပ်ကို ဆောင်ရွက်လျက်ရှိပါတယ်။ နေ့စဉ် ကျွန်တော်တို့ကို တယ်လီဖုန်းနဲ့ ဆွေးနွေးတယ်။ အကြံဉာဏ်တွေပေးတယ်။ ယခု Zoom တွေလုပ်တယ်။ နေ့စဉ်ကိုပဲ ဆရာကြီးတို့ရဲ့ အဖွဲ့တွေနဲ့ ဒီဘက်မှာရှိတဲ့ ကျွန်တော်တို့ ပြည်သူ့ကျန်းမာရေးအဖွဲ့၊ ကုသရေးအဖွဲ့၊ နောက်ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့ရဲ့ တကယ်ကို နီးနီးကပ်ကပ်နဲ့ အသေးစိတ် ဆွေးနွေးအကြံပြုချက်တွေ ရယူပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ အခြေအနေက ပိုမိုပြီးတော့ ကောင်းမွန်လာတယ်လို့ ကျွန်တော့်အနေနဲ့ သုံးသပ်မိပါတယ်။

> **“ကျွန်တော်တို့ လက်ရှိအခြေအနေကနေ တစ်ဆင့်ပြီး တစ်ဆင့်ကို တကယ်လိုအပ်ရင် လျှော့ချနိုင်ဖို့ကိုလည်း စီစဉ်လျက်ရှိပါတယ်။ ကျွန်တော်တို့ရဲ့ Containment ကို တဖြည်းဖြည်းနဲ့ Containment အဆင့်ကို နောက်တစ်ဆင့် နည်းနည်းလျှော့ပေါ့ပြီးတော့ တစ်ဆင့်ချင်း၊ တစ်ဆင့်ချင်း ထိန်းသွားနိုင်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်”**

နောက် ကျွန်တော်တို့ လက်ရှိအခြေအနေကနေ တစ်ဆင့်ပြီး တစ်ဆင့်ကို တကယ်လိုအပ်ရင် လျှော့ချနိုင်ဖို့ကိုလည်း စီစဉ်လျက်ရှိပါတယ်။ ကျွန်တော်တို့ရဲ့ Containment ကို တဖြည်းဖြည်းနဲ့ Containment အဆင့်ကို နောက်တစ်ဆင့် နည်းနည်းလျှော့ပေါ့ပြီးတော့ တစ်ဆင့်ချင်း၊ တစ်ဆင့်ချင်း ထိန်းသွားနိုင်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် အများစိတ်ဝင်စားနေတဲ့ Rapid Antigen Test နဲ့ပတ်သက်ပြီး ပြောရရင်၊ အများက ဒီ Test က ဘာဖြစ်တယ်။ Test က မှန်ကန်တာ / မမှန်ကန်တာနဲ့ ပတ်သက်ပြီး ဝေဖန်ပြောဆိုနေတာ ရှိပါတယ်။ ကျွန်တော်တို့ တွေ့ရှိတာကိုပြောရရင် ဒါဟာ Availability စမ်းသပ်ထားပြီးသား Test ဖြစ်ပါတယ်။ Availability ဘယ်လောက် Sensitive ဖြစ်တယ်။ Accuracy ဘယ်လောက် ရှိတယ်ဆိုတာကို ကျွန်တော်တို့ စမ်းသပ်ထားပြီးသား ဖြစ်ပါတယ်။ ဒီ Test နဲ့ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

ပထမဦးဆုံးနေ့က ကျွန်တော်တို့ ဆေးရုံ ၉ ရုံမှာ စမ်းသပ်တာဖြစ်ပါတယ်။ ယခုကျွန်တော်တို့ မြို့နယ်တွေ အားလုံးကိုဖြန့်ပြီး စတင်ပြီးတော့ ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဒီ Test ရဲ့ သဘောတရားနဲ့ ကိုက်ညီတဲ့ လူနာတွေကို စမ်းသပ်မှသာလျှင် ကျွန်တော်တို့ ဒီ Test တွေရဲ့ အဖြေကို ပိုမိုပြီး အကျိုးရှိရှိအသုံးချနိုင်မှာ ဖြစ်ပါတယ်။ ဒီ Antigen Test ဟာ ရောဂါလက္ခဏာမပေါ်မီ ၂ ရက်နဲ့ ရောဂါလက္ခဏာ ပေါ်ပြီး ၆ ရက်မှာ ပိုပြီးတော့ Positive ဖြစ်ပြီး သူ့ရဲ့ Availability ဟာ Positively ဖြစ်တာ ပိုပြီး ကောင်းမွန်တာဖြစ်ပါတယ်။ ဒါကြောင့် အဲဒါနဲ့ ကိုက်ညီတာတွေကို ယခုစမ်းသပ်လျက်ရှိပါတယ်။

ကျွန်တော်တို့ တွေ့ရှိချက်အရ ဒီ Test က ကောင်းပါတယ်။ ဒါပေမယ့် ဒီဟာကို လိုအပ်ရင် ယခင်တုန်းက စမ်းသပ်နေတဲ့ TCR နဲ့ လိုအပ်ရင် စမ်းသပ်တာတွေလုပ်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီဟာက ကျွန်တော်တို့ ယခင်က ရေးဆွဲထားပြီးသားဖြစ်တဲ့ လမ်းညွှန်ချက်တွေအတိုင်းပဲ ကျွန်တော်တို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဒါနဲ့ပတ်သက်လို့ ဆွေးနွေးပြီး Guidelines ဆုံးဖြတ်ထားပြီးသားရှိပါတယ်။ အဲဒီ Guidelines အတိုင်း ကျွန်တော်တို့ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဆောင်ရွက်လျက်ရှိပါတယ်။

ဒါကြောင့် ဒီကနေ ထွက်လာတာတွေ၊ ခုနက Test လုပ်လိုက်ပြီးတော့ ယခုဆိုရင် Anosmia တွေ၊ ခုနက သံသယလူနာ (PUI) တွေကို စမ်းသပ်ဖို့ ဖြစ်ပါတယ်။ ဒီဟာနဲ့ စမ်းသပ်လိုက်ရင် Positive ပိုးတွေ့လူနာတွေကို ပိုမိုပြီးတွေ့ရှိလာမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ အနေအထားကိုပြောရရင် တကယ်တော့ ကျွန်တော်တို့ ခုနက ဒီဟာနဲ့ ဆုံးပါးသွားတဲ့သူ ၃၀၀ ကျော်ရှိပါတယ်။ ဒီထဲမှာ တချို့ဟာတွေက ကျွန်တော်တို့အနေနဲ့ Car Accident ဖြစ်ပြီးတော့ သေဆုံးတဲ့သူမှာ ပိုးတွေ့တာ ဒါမျိုးတွေကိုလည်း တွေ့ရှိရတဲ့အတွက် ဒီဟာကို ကိုဗစ်ကြောင့် သေဆုံးတယ်။ ဒါဟာ Car Accident ကြောင့် သေဆုံးတယ်ဆိုတာတွေကို Defined လုပ်ဖို့ လိုပါတယ်။ ဒါကို အသေအချာ Defined လုပ်ဖို့ ကျွန်တော်တို့ ဒီကိစ္စတွေကို အသေအချာ သက်ဆိုင်ရာဆရာကြီးတွေ/ကျွမ်းကျင်သူတွေနဲ့ ဆွေးနွေးပြီး ဒါတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

**လက္ခဏာရှိရင် ဆေးရုံကိုရောက်လာဖို့အရေးကြီး**

အလားတူ ဒီလို လူအသေအပျောက်နှုန်းကိုလည်း တတ်နိုင်သမျှ လျှော့ချနိုင်ဖို့အတွက် ကျွန်တော်တို့ ဘက်ပေါင်းစုံက စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်ပြောသလို လူနာတွေ အမြန်ဆုံးဆေးရုံကို ရောက်လာဖို့၊ လက္ခဏာရှိရင် အမြန်ဆုံးဆေးရုံကို ရောက်လာဖို့အရေးကြီးပါတယ်။ ရောက်လာပြီးတဲ့နောက်မှာ ကျွန်တော်တို့ အမြန်ဆုံးပြုစုမှုကို ခံယူရဖို့ကလည်း အရေးကြီးပါတယ်။ နောက် ကိုဗစ် – ၁၉ ရဲ့ အဓိက လိုအပ်ချက်ဖြစ်တဲ့ အောက်ဆီဂျင်ကုထုံး (OxygenTherapy) ကိုလည်း တတ်နိုင်သမျှ အစွမ်းကုန် အများဆုံး ရအောင် ဆေးရုံတွေမှာ ယခုဆိုရင် ကျွန်တော်တို့ ထပ်မံပြီး စီမံချက်အသစ်တွေနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။

နောက်တိုးချဲ့တဲ့ ကိုဗစ်စင်တာတွေမှာလည်း ဒီ Oxygen Therapy ပေးနိုင်တဲ့နေရာတွေ အများဆုံးရရှိအောင် ကျွန်တော်တို့ ကြိုးစားပြီးဆောင်ရွက်လျက်ရှိပါတယ်။ ဒီနည်းအားဖြင့် ကျွန်တော်တို့ ခုနက သေပျောက်နှုန်းကို လျှော့နိုင်မှာ ဖြစ်ပါတယ်။ တစ်ဖက်ကလည်းပဲ ကျွန်တော်တို့ က Positive ဖြစ်တဲ့ လူနာတွေကို ပိုမိုပြီးတွေ့နိုင်ပါမှ စောစောက ရောဂါဖြစ်ပွားမှု သေဆုံးမှုနှုန်း (Case Fatality Rate) ကို တွက်တဲ့နေရာမှာ အမှန်ကိုရမှာဖြစ်ပါတယ်။

**ပိုးတွေ့တဲ့သူကို ပိုမိုပြီးတွေ့အောင်ရှာနိုင်ဖို့ လို**

ကျွန်တော်တို့က Positive တွေ့တဲ့သူကို၊ ခုနက ပိုးတွေ့တဲ့သူကို ပိုမိုပြီးတွေ့အောင်ရှာနိုင်ဖို့ လိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ ပြင်းထန်တဲ့သူတွေ အားလုံးက ဆေးရုံကိုလာမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပြင်းထန်တဲ့သူတွေကိုသာ ကျွန်တော်တို့ စစ်ဆေးနေမယ်။ Positive ဖြစ်တဲ့ လူတွေအတွက်က စစ်ဆေးမှု မှန်မှန်ကန်ကန် မရရှိရင် ကျွန်တော်တို့ရဲ့ Case Fatality Rate ကို တွက်တာမှာ နိုင်ငံတကာနဲ့အညီ နှိုင်းယှဉ်ဖို့ ခက်ခဲမှာဖြစ်ပါတယ်။ ဒါကြောင့် ဒါကိုလည်း ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။

ကျွန်တော်တို့ရဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးနေတဲ့ ဆရာဝန်၊ ဆရာမ၊ သူနာပြု၊ ဝန်ထမ်း ပေါ့နော်၊ ကျွန်တော်တို့ရဲ့ သားတွေ၊ သမီးတွေ၊ ကလေးတွေအတွက် ပြောလိုပါတယ်။ သူတို့ Volunteer တွေ အပါအဝင် သူတို့တစ်တွေ အတော်ကို ပင်ပန်းနေပါတယ်။ သူတို့အတွက် ကျွန်တော်တို့ အစစအရာရာ အဆင်ပြေအောင် ဆောင်ရွက်ပေးဖို့ လိုပါတယ်။ အဲဒါတွေကလည်း သိပ်အရေးကြီးပါတယ်။ ကျွန်တော်တို့ရဲ့ ကျန်းမာရေးစောင့်ရှောက်မှု စနစ်အတွက် အဓိက လိုအပ်တဲ့ ဒီအင်အားစုတွေကို အကောင်းဆုံး ဖြစ်အောင် ဆောင်ရွက်ပြီး မြန်မာနိုင်ငံရဲ့ ကျန်းမာရေးအနာဂတ်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်ဖို့အတွက်က အရေးကြီးပါတယ်။ ဒါကိုလည်း ကျွန်တော်တို့ နိုင်ငံတော်အနေနဲ့ရော၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ရော၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အနေနဲ့ရော၊ ကျွန်တော်တို့ အဖွဲ့တွေအနေနဲ့ရော ဒီကိစ္စကို ကျွန်တော်တို့ရဲ့ အဓိကလုပ်ငန်းအနေနဲ့၊ အဓိကဆောင်ရွက်ရမယ့်ကိစ္စ အနေနဲ့လည်း အလေးထားပြီး ဆောင်ရွက်လျက်ရှိပါတယ်။

**ကျေးဇူးတင်ဂုဏ်ယူ**

ကျွန်တော်တို့ ဝန်ထမ်းတွေ၊ ကျွန်တော်တို့ရဲ့ ဆရာဝန်၊ ဆရာမ၊ သူနာပြုနဲ့ ဝန်ထမ်းတွေ၊ Volunteer တွေအတွက် သူတို့ရဲ့နေရေးထိုင်ရေး၊ စားရေးသောက်ရေး အဆင်ပြေအောင် အထူးအာရုံစိုက်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ဟိုတယ်လုပ်ငန်းရှင်များနဲ့ ဆွေးနွေးပါတယ်။ ဒီမှာရှိနေတဲ့ အဆောက်အအုံပေါ့နော်၊ Apartments တွေရှိတယ်။ အဲဒါတွေထဲမှာ အဆင်ပြေအောင် ကျွန်တော်တို့ ကြိုးစားပြီး အဖွဲ့တစ်ဖွဲ့ သီးခြားဖွဲ့ပြီး ယခုအခါမှာ ဆောင်ရွက်လျက်ရှိပါတယ်။ တစ်ဖက်ကလည်း ကျွန်တော်တို့ရဲ့ သားတွေ၊ သမီးတွေ၊ ကလေးတွေကို ကျွန်တော့်အနေနဲ့ ဒီနေရာကနေ ကျေးဇူးတင်ကြောင်း၊ ဂုဏ်ယူကြောင်း ပြောကြားလိုပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

ထက်လျှံ

# တန်းတူတန်ဖိုးထား



ကိုဗစ်ရောဂါရဲ့ပြဿနာက ဘာလဲဆိုတော့ ရောဂါရှိပြီဆိုရင် တခြားရောဂါတွေဖြစ်တဲ့ အခါမှာလို ဘေးကနေပြီးတော့ မိသားစုတွေ၊ မိတ်ဆွေတွေက ဝန်းရံပေးလို့မရပါဘူး။ သတ်သတ်စီနေရတယ်။ နေရတဲ့အခါကျတော့ တစ်ယောက်တည်းနေရလို့ဆိုပြီးတော့ စိတ်ဓာတ်ကျတာတို့၊ စိတ်အားငယ်တာတို့ဖြစ်တယ်ဆိုတာ ဒါလည်း သဘာဝကျပါတယ်။ အဲဒီတော့ ကျွန်မပြောချင်တာက နိုင်ငံတော်အနေနဲ့ကတော့ ရောဂါဖြစ်နေတဲ့ ပြည်သူအားလုံး တစ်ယောက်ချင်း၊ တစ်ယောက်ချင်းကို တန်ဖိုးထားပါတယ်။ ကျွန်မတို့ ဘယ်တော့မှ ဘယ်သူဖြစ်တာလဲလို့ မမေးပါဘူး။ ဘယ်နှယောက်ဖြစ်တာပဲ ကြည့်ပါတယ်။ တစ်ယောက်ချင်း၊ တစ်ယောက်ချင်းကို တန်းတူပဲ တန်ဖိုးထားပါတယ်။ ချမ်းသာကြွယ်ဝတဲ့သူ၊ ဩဇာအာဏာရှိတဲ့သူဆိုပြီး ခွဲပြီးတော့ သူ့ဆိုရင် ပိုပြီးတော့ အလေးထားတယ်ဆိုတာ လုံးဝမရှိပါဘူး။ ဒါကြောင့် ကျွန်မတို့ပြည်သူတွေဟာ အဲဒီအင်အားနဲ့ ဒီရောဂါကို ပြန်ပြီးတွန်းလှန်စေချင်တယ်။

(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စက်တင်ဘာလ ၂၈ ရက်နေ့တွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ကိုဗစ်–၁၉ ရောဂါပိုးရှိသူ ၁၁၄၂ ဦး ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၁၅၅၂၅ ဦး ရှိသွားပြီ

နေပြည်တော် အောက်တိုဘာ ၂

အောက်တိုဘာ ၁ ရက် ည ၈ နာရီမှ အောက်တိုဘာ ၂ ရက် ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ ၆၈၉၅ ခုအား စစ်ဆေးခဲ့ရာ ကိုဗစ်–၁၉ ရောဂါပိုးရှိသူ ၁၁၄၂ ဦး ထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၁၅၅၂၅ ဦးရှိသွားပြီဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိသူ ၁၅၅၂၅ ဦးအနက် သေဆုံးသူ ၃၅၃ ဦးနှင့် ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၄၃၇၈ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

သတင်းစဉ်

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

ယနေ့ စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာပေါင်း - ၆၈၉၅


| ယနေ့ ပိုးတွေ့လူနာအသစ် | ယနေ့ သေဆုံးလူနာအသစ် | ယနေ့ ဆေးရုံမှ ဆင်းခွင့်ရသူ |
|---|---|---|
| ၁၁၄၂ | ၃၂ | ၂၂၂ |

စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း - ၃၀၈၂၈၈

| ပိုးတွေ့လူနာ စုစုပေါင်း | သေဆုံးလူနာ စုစုပေါင်း | ဆေးရုံမှဆင်းခွင့်ရသူ စုစုပေါင်း |
|---|---|---|
| ၁၅၅၂၅ | ၃၅၃ | ၄၃၇၈ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိရသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂-၁၀-၂၀၂၀ရက်၊ ည (၈) နာရီ



## ၂-၁၀- ၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၇၄၉၉၉၉၁ | ၄၇၃၇၃၇၄ | ၂၁၂၇၂၆ |
| ၂။ | အိန္ဒိယ | ၆၃၉၄၃၂၉ | ၅၃၅၃၁၂၀ | ၉၉၈၃၇ |
| ၃။ | ဘရာဇီး | ၄၈၄၉၂၂၉ | ၄၂၁၂၇၇၂ | ၁၄၄၇၆၇ |
| ၄။ | ရုရှား | ၁၁၉၄၆၄၃ | ၉၇၀၂၉၆ | ၂၁၀၇၇ |
| ၅။ | ကိုလံဘီယာ | ၈၃၅၃၃၉ | ၇၅၁၆၉၁ | ၂၆၁၉၆ |
| ၆။ | ပီရူး | ၈၁၈၂၉၇ | ၆၉၀၅၂၈ | ၃၂၅၃၅ |
| ၇။ | စပိန် | ၇၇၈၆၀၇ | စိစစ်ဆဲ | ၃၁၉၇၃ |
| ၈။ | အာဂျင်တီးနား | ၇၆၅၀၀၂ | ၆၀၃၁၄၀ | ၂၀၂၈၈ |
| ၉။ | မက္ကဆီကို | ၇၄၈၃၁၅ | ၅၃၇၄၇၅ | ၇၈၀၇၈ |
| ၁၀။ | တောင်အာဖရိက | ၆၇၆၀၈၄ | ၆၀၉၅၈၄ | ၁၆၈၆၆ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂- ၁၀ - ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဖိလစ်ပိုင် | ၃၁၆၆၇၈ | ၂၅၄၆၁၇ | ၅၆၁၆ |
| အင်ဒိုနီးရှား | ၂၉၅၄၉၉ | ၂၂၁၃၄၀ | ၁၀၉၇၂ |
| စင်ကာပူ | ၅၇၇၉၄ | ၅၇၅၁၂ | ၂၇ |
| မြန်မာ | ၁၅၅၂၅ | ၄၃၇၈ | ၃၅၃ |
| မလေးရှား | ၁၁၇၇၁ | ၁၀၀၉၅ | ၁၃၆ |
| ထိုင်း | ၃၅၇၅ | ၃၃၈၄ | ၅၉ |
| ဗီယက်နမ် | ၁၀၉၅ | ၁၀၂၀ | ၃၅ |
| ကမ္ဘောဒီးယား | ၂၇၈ | ၂၇၅ | ၀ |
| ဘရူနိုင်း | ၁၄၆ | ၁၄၂ | ၃ |
| လာအို | ၂၃ | ၂၂ | ၀ |

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂-၁၀-၂၀၂၀) ရက်နေ့၊ ညနေ (၆:၀၀)နာရီ

၁။ (၁-၁၀-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် တွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁,၀၁၀) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | မြောက်ဥက္ကလာပ | ၁၂၃ |
| | | ကြည့်မြင်တိုင် | ၁၁၁ |
| | | သန်လျင် | ၆၇ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၅၄ |
| | | မင်္ဂလာဒုံ | ၄၇ |
| | | သာကေတ | ၄၄ |
| | | ဒဂုံဆိပ်ကမ်း | ၄၄ |
| | | တာမွေ | ၃၇ |
| | | တောင်ဥက္ကလာပ | ၃၆ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၃၂ |
| | | ရွှေပြည်သာ | ၃၀ |
| | | အင်းစိန် | ၂၅ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၂၃ |
| | | လမ်းမတော် | ၂၀ |
| | | အလုံ | ၁၈ |
| | | မရမ်းကုန်း | ၁၇ |
| | | သင်္ဃန်းကျွန်း | ၁၆ |
| | | လှိုင်သာယာ | ၁၆ |
| | | ပန်းပဲတန်း | ၁၅ |
| | | ပုဇွန်တောင် | ၁၃ |
| | | လှိုင် | ၁၂ |
| | | စမ်းချောင်း | ၁၀ |
| | | ဒလ | ၉ |
| | | ရန်ကင်း | ၇ |
| | | ဗဟန်း | ၅ |
| | | ခရမ်း | ၄ |
| | | ကျောက်တံတား | ၄ |
| | | လသာ | ၄ |
| | | မင်္ဂလာတောင်ညွန့် | ၄ |
| | | ဗိုလ်တထောင် | ၃ |
| | | ဒေါပုံ | ၃ |
| | | ဒဂုံ | ၃ |
| | | ကမာရွတ် | ၂ |
| | | တိုက်ကြီး | ၁ |
| | | ဆိပ်ကြီးခနောင်တို | ၁ |
| | | စုစုပေါင်း | ၈၆၀ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | အောင်မြေသာဇံ | ၂၃ |
| | | ညောင်ဦး | ၆ |
| | | ချမ်းအေးသာစံ | ၅ |
| | | ဝမ်းတွင်း | ၅ |
| | | ချမ်းမြသာစည် | ၂ |
| | | နွားထိုးကြီး | ၂ |
| | | ပုသိမ်ကြီး | ၁ |
| | | အမရပူရ | ၁ |
| | | မိတ္ထီလာ | ၁ |
| | | စုစုပေါင်း | ၄၆ |
| ၃။ | မကွေးတိုင်းဒေသကြီး | မကွေး | ၁ |
| | | စုစုပေါင်း | ၁ |
| ၄။ | ရခိုင်ပြည်နယ် | စစ်တွေ | ၉ |
| | | ကျောက်ဖြူ | ၂ |
| | | ကျောက်တော် | ၂ |
| | | စုစုပေါင်း | ၁၃ |
| ၅။ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ၃ |
| | | ဝေါ | ၂ |
| | | သာယာဝတီ | ၁ |
| | | တောင်ငူ** | ၁ |
| | | ပြည် | ၁ |
| | | စုစုပေါင်း | ၈ |
| ၆။ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ် | ၃၀ |
| | | မအူပင် | ၃ |
| | | ဇလွန် | ၂ |
| | | ဓနုဖြူ | ၁ |
| | | စုစုပေါင်း | ၃၆ |
| ၇။ | မွန်ပြည်နယ် | ဘီးလင်း | ၆ |
| | | သံဖြူဇရပ် | ၄ |
| | | မော်လမြိုင် | ၃ |
| | | ရေး | ၂ |
| | | ကျိုက်ထို | ၁ |
| | | စုစုပေါင်း | ၁၆ |
| ၈။ | တနင်္သာရီတိုင်းဒေသကြီး | ပုလော | ၄ |
| | | မြိတ် | ၁ |
| | | စုစုပေါင်း | ၅ |
| ၉။ | ကရင်ပြည်နယ် | လှိုင်းဘွဲ့ | ၂ |
| | | ဘားအံ | ၂ |
| | | စုစုပေါင်း | ၄ |
| ၁၀။ | နေပြည်တော် | ဇမ္ဗူသီရိ | ၃ |
| | | ဇေယျာသီရိ | ၁ |
| | | ပျဉ်းမနား | ၁ |
| | | စုစုပေါင်း | ၅ |
| ၁၁။ | ချင်းပြည်နယ် | တီးတိန်* | ၁ |
| | | စုစုပေါင်း | ၁ |
| ၁၂။ | စစ်ကိုင်းတိုင်းဒေသကြီး | မုံရွာ* | ၁၁ |
| | | ကလေး | ၃ |
| | | ချောင်းဦး | ၁ |
| | | စုစုပေါင်း | ၁၅ |
| | (၁-၁၀-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | (၁,၀၁၀) ဦး |

* မုံရွာမြို့နယ်များမှ (၁)ဦးနှင့် တီးတိန်မြို့နယ်မှ (၁)ဦးတို့သည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသဖြင့် အသွားအလာကန့်သတ်ထားရှိပါသည်။

** ရန်ကုန်မြို့တွင် ဆေးကုသမှုခံယူနေသူ ဖြစ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၁၄၂ ဦး တွေ့ရှိ

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ အတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၆,၈၉၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၁၄၂) ဦး တွေ့ရှိရပါသည်။

**မြန်မာနိုင်ငံတွင် COVID-19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ**

**(၂-၁၀ -၂၀၂၀) ရက်နေ့ ည (၈:၀၀) နာရီအထိ**

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၆,၈၉၅) ဦး | (၃၀၈,၂၈၈) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁,၁၄၂) ဦး | (၁၅,၅၂၅) ဦး |
| ဆေးရုံဆင်းခွင့် ရရှိသူ | (၂၂၂) ဦး | (၄,၃၇၈) ဦး |
| သေဆုံးလူနာ | (၃၂) ဦး | (၃၅၃) ဦး |

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါစစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# ပြည်ပနိုင်ငံများ၌ အခက်အခဲ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်

**နေပြည်တော် အောက်တိုဘာ ၂**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ကမ္ဘောဒီးယားနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၅၄ ဦးအား မြန်မာသံရုံး၊ ဖနောင်ပင်မြို့မှ စီစဉ်သည့် ဒုတိယ အကြိမ်မြောက် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း (MAI) ကယ်ဆယ်ရေး လေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့မွန်းလွဲပိုင်းတွင် လည်းကောင်း၊ စင်ကာပူနိုင်ငံ၌ အခက်အခဲ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၄၇ ဦးအား မြန်မာသံရုံး၊ စင်ကာပူမြို့မှ စီစဉ်သည့် အကြိမ် (၂၀) မြောက် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ညနေပိုင်းတွင် လည်းကောင်း ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ အသီးသီး ပြန်လည်ရောက်ရှိခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့် နေရာ / သတ်မှတ် ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ၁၄ ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေး တို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူ ဆောင်ရွက်ပေးခဲ့ကြသည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ ကယ်ဆယ်ရေး လေယာဉ်/ အထူးလေယာဉ်များဖြင့် မြန်မာနိုင်ငံသား စုစုပေါင်း ၁၇၆၄၀ ဦး ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်း

**ပျဉ်းမနား အောက်တိုဘာ ၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် ကိုဗစ်-၁၉ ကာကွယ်တားဆီးရေး အထောက်အကူပြုအဖွဲ့က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းကို စက်တင်ဘာ ၂၉ ရက်က ပေါင်းလောင်း(၁)ရပ်ကွက် ကိုဗစ်-၁၉ ကာကွယ်တားဆီးရေးကော်မတီရုံးခန်း၌ ပြုလုပ်သည်။

အခမ်းအနားတွင် ရွာကောက်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအောင်လွင်ဦးက အမှာစကားပြောကြားပြီး ခရိုင်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးညီငယ်က ပေါင်းလောင်း(၁)ရပ်ကွက် ကိုဗစ်-၁၉ ကာကွယ်တားဆီးရေး ရှေ့ဆက်လက်လုပ်ဆောင်သွားရမည့် အချက်အလက်များကို ရှင်းလင်းပြောကြားကာ ပေါင်းလောင်း(၁)ရပ်ကွက် ကိုဗစ်-၁၉ ကာကွယ်တားဆီးရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးလွင်က ကော်မတီ၏ ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပျဉ်းမနားမြို့နယ် ကိုဗစ်-၁၉ ကာကွယ်တားဆီးရေး အထောက်အကူပြုအဖွဲ့မှ ဦးအောင်သန်းနှင့် ဦးမြင့်စိုးတို့က ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးပစ္စည်းများဖြစ်သည့် နှာခေါင်းစည်း ၂၅၀၊ သာမိုမီတာ နှစ်ခု၊ လက်ဆေးကန် နှစ်ခု၊ လက်ဆေးဂျယ်ဆေးဘူးတို့ကို ရွာကောက်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအောင်လွင်ဦးထံသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သူဇာလှိုင်(စက်မှု)**

# စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် ကိုဗစ် - ၁၉ ကူးစက်မှု များပြားလာသည့်အတွက် ကန့်သတ်မှုအသစ်များထုတ်ပြန်

မက်ဒရစ် အောက်တိုဘာ ၂

**စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် ကိုဗစ် – ၁၉ ကူးစက်မှု တစ်ဖန်များပြားလာသည့်အတွက် ကန့်သတ်ချက်အသစ်များနှင့် ရင်ဆိုင်နေရသည်ဟု သိရသည်။**



ကိုဗစ်–၁၉ ကို ကာကွယ်တားဆီးရန် ပါးစပ်နှာခေါင်းစည်းများဝတ်ဆင်ထားသော တော်ဝင်အစောင့်တပ်ဖွဲ့များ စပိန်နိုင်ငံ မက်ဒရစ်မြို့လယ်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စက်တင်ဘာ ၃၀ ရက်က မြင်းစီးသွားလာနေကြစဉ်။

စပိန်နိုင်ငံ မြို့တော်မက်ဒရစ်နှင့် အနီးတစ်ဝိုက်တွင် ကိုဗစ် – ၁၉ ကူးစက်မှု များပြားနေသည့်အတွက် အသွားအလာပိတ်ဆို့ကန့်သတ်မှုအောက်တွင် နေထိုင်ရတော့မည် ဖြစ်သည်။ ပြီးခဲ့သည့် နှစ်ပတ်တာအတွင်း ကူးစက်မှုအသစ်ပေါင်း တစ်သိန်းရှိသည့်အနက် စပိန်တွင် လူ ၃၀၀၊ ပြင်သစ်တွင် ၂၀၀ တို့ပါရှိပြီး ဂျာမနီနိုင်ငံနှင့် အီတလီတို့တွင်မူ ကူးစက်ခံရသူ ၃၀ စီသာပါဝင်ကြောင်း ဥရောပရောဂါကာကွယ်ရေးနှင့်ထိန်းချုပ်ရေးစင်တာက ပြောသည်။

စပိန်နိုင်ငံတွင်ပေါ်ပေါက်နေသည့် ကူးစက်မှုအသစ်များ၏ ၄၀ ရာခိုင်နှုန်းမှာ မက်ဒရစ်မြို့နှင့် အနီးပတ်ဝန်းကျင်မှဖြစ်သည်။

ထို့ကြောင့် မက်ဒရစ်မြို့နှင့် အနီးအနားရှိ မြို့ပေါင်းကိုးမြို့တို့တွင် အသွားအလာပိတ်ဆို့ကန့်သတ်မှုများ လုပ်ဆောင်သွားမည်ဟု စပိန်အစိုးရက အောက်တိုဘာ ၁ ရက်တွင် ဆုံးဖြတ်ချက်ချခဲ့သည်။ ကန့်သတ်မှုများအောက်တွင် ပြည်သူများသည် အလုပ်သွား ကျောင်းသွားရန်နှင့် မရှိမဖြစ်လိုအပ်သည့်အလုပ်များမှလွဲ၍ အဆိုပါနေရာများသို့ ဝင်ခွင့်ထွက်ခွင့် ပိတ်ဆို့ကန့်သတ်သွားမည်ဖြစ်သည်။

စားသောက်ဆိုင်များနှင့် ဘားများတွင်လည်း လူဦးရေကန့်သတ်ထားပြီး ည ၁၁ နာရီတွင် ပိတ်ရမည်ဖြစ်သည်။ ယင်းကန့်သတ်ချက်များမှာ ယခုသီတင်းပတ်အကုန်တွင် စတင် အသက်ဝင်မည်ဖြစ်သည်။ စပိန်နိုင်ငံသည် ကိုဗစ် –၁၉ ကြောင့် ဆိုးရွားစွာထိခိုက်ခံစားခဲ့ရသည့် ဥရောပနိုင်ငံတစ်နိုင်ငံဖြစ်ပြီး ဗိုင်းရပ်စ်ကြောင့် ထိခိုက်ခဲ့ရသည့် စီးပွားရေးလုပ်ငန်းများ ပြန်လည်ရှင်သန်ခွင့်ရရှိရေးအတွက်လည်း အစိုးရမှ ရုန်းကန်နေရသည်။ **အင်န်အိတ်ချ်ကေ**

# မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် ညီမဖြစ်သူတို့ မုန်တိုင်းကြောင့်ထိခိုက်ခဲ့သည့်နေရာများတွင် ပြန်လည်တည်ဆောက်မှုသွားရောက်စစ်ဆေး

**ပြုံယမ်း အောက်တိုဘာ ၂**

မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်းနှင့် ၎င်း၏ ညီမဖြစ်သူ ကင်ယိုဂျွန်းတို့သည် ဩဂုတ်လအတွင်းက တိုင်ဖွန်းမုန်တိုင်း ဝင်ရောက်မှုနှင့် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့ပြီးနောက် ပြန်လည်တည်ဆောက်ထားသည့် နေရာများသို့ သွားရောက်စစ်ဆေးကြည့်ရှုခဲ့ကြကြောင်း သိရသည်။

အာဏာရ အလုပ်သမားပါတီ နေ့စဉ်သတင်းစာဖြစ်သည့် ရိုဒေါင်ဆင်မန်ကဖော်ပြရာတွင် ကင်သည် နိုင်ငံအရှေ့ပိုင်း ကန်ဝုန်ပြည်နယ်တွင် ၎င်း၏ညီမနှင့်အတူ အောက်တိုဘာ ၂ ရက်တွင် ပြန်လည်တည်ဆောက်ရေးဆောင်ရွက်နေသည့် နေရာများသို့ သွားရောက်ခဲ့ကြောင်း သိရသည်။



မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း မုန်တိုင်းဒဏ်ခံခဲ့ရသည့်နေရာတွင် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်မှုကို စစ်ဆေးနေစဉ်။

အဆိုပါနေရာ၌ ပြီးခဲ့သည့်ဩဂုတ်လအတွင်းက တိုင်ဖွန်းမုန်တိုင်းကြောင့် ပြင်းပြင်းထန်ထန်ထိခိုက်ပျက်စီးခဲ့ပြီး နေအိမ်အလုံးရေ ၁၀၀၀ ကျော်အထိ ပြိုလဲခဲ့သည်။

ပြန်လည် တည်ဆောက်ရေး လုပ်ငန်းတွင် ပါဝင်ခဲ့ကြသည့် မြောက်ကိုရီးယားစစ်တပ်နှင့် တပ်ဖွဲ့ဝင်များကို ခေါင်းဆောင်ကင်က ချီးကျူးစကားဆိုခဲ့ကြောင်းသိရသည်။

ယခုနှစ်သည် မြောက်ကိုရီးယားနိုင်ငံအတွက် မကြုံစဖူး အခက်အခဲဒုက္ခများကြုံရသည့် နှစ်တစ်နှစ်ဖြစ်ရုံသာမက အကြီးအကျယ်ကြိုးစားရုန်းကန်ရသည့်နှစ်တစ်နှစ်လည်း ဖြစ်ကြောင်း ကင်ဂျုံအန်းက ပြောကြားခဲ့သည်။

အဆိုပါနေရာသို့ အစ်ကိုဖြစ်သူကင်ဂျုံအန်းနှင့်အတူ ကင်ယိုဂျွန်း သွားရောက်မှုသည် ပြီးခဲ့သည့် ဇူလိုင်လမှစတင်ကာ ပထမဆုံးအကြိမ် လူထုရှေ့သို့ ထွက်ပေါ်လာခြင်းဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# တာလီဘန်တို့ဘက်မှ အပစ်အခတ်ရပ်စဲရေး အာဖဂန်အာဏာပိုင်များ အလိုရှိ

**ကဘူးလ် အောက်တိုဘာ ၂**

တာလီဘန်တို့အနေဖြင့် ချက်ချင်းအပစ်အခတ်ရပ်စဲရေးပြုလုပ်ရန် အာဖဂန်နစ္စတန် အဆင့်မြင့်အရာရှိကြီးတစ်ဦးက တောင်းဆိုခဲ့သည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် တာလီဘန်တို့ ပါဝင်ခဲ့သော်လည်း တိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်နေဆဲဖြစ်သည်။

စက်တင်ဘာလလယ်ပိုင်းမှစတင်ကာ တာလီဘန်တို့နှင့် အာဖဂန်အစိုးရတို့ ပထမဆုံးအကြိမ်အဖြစ် ငြိမ်းချမ်းရေးဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ ၂၀၀၁ ခုနှစ်က အမေရိကန်ပြည်ထောင်စုတွင် အကြမ်းဖက်တိုက်ခိုက်မှုအပြီး အာဖဂန်နိုင်ငံအတွင်းစတင်ခဲ့သည့် တိုက်ပွဲများ အဆုံးသတ်နိုင်ရေးအတွက် ကြိုးပမ်းမှုတစ်ရပ်လည်းဖြစ်သည်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲ စတင်သည့် အချိန်မှစကာ တိုက်ပွဲများအရှိန်တိုးမြင့်လာခဲ့ကြောင်း တာလီဘန်တို့နှင့်ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် အစိုးရဘက်မှဦးဆောင်ခဲ့သူ အမျိုးသားပြန်လည်သင့်မြတ်ရေးကောင်စီ အကြီးအကဲ အဗ္ဗဒူလာ အဗ္ဗဒူလာကသတင်းထောက်များကို ပြောသည်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် အပစ်အခတ်ရပ်စဲရေးကို ထည့်သွင်းဆွေးနွေးရန် တာလီဘန်တို့ဘက်မှ ငြင်းဆိုခဲ့ခြင်းမရှိဟု တာလီဘန်အုပ်စုက အင်န်အိတ်ချ်ကေသို့ ပြောသည်။

သို့သော်လည်း တိုင်းပြည်အုပ်ချုပ်ရာတွင် အစ္စလာမ့်ဥပဒေကို အခြေခံအုပ်ချုပ်ရန်ကိုမူ ဆွေးနွေးသင့်သည်ဟု တာလီဘန်တို့က ပြောသည်။

**အင်န်အိတ်ချ်ကေ**

# ငြိမ်းချမ်းရေးသဘောတူညီချက် အကောင်အထည်ဖော်ရန် မာလီအစိုးရသစ်ကို ကုလတိုက်တွန်း

**ဂျီနီဗာ အောက်တိုဘာ ၂**

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ယခုသီတင်းပတ်တွင် မာလီပြုပြင်ပြောင်းလဲရေးအစိုးရအား နိုင်ငံတည်ငြိမ်ရေးအတွက် အလွန်အရေးပါသော ၂၀၁၅ ငြိမ်းချမ်းရေးသဘောတူညီချက်ကို ထိန်းသိမ်းရန် တိုက်တွန်းပြောကြားလိုက်သည်။



ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေးတစ်ရပ် ကျင်းပနေသည်ကို တွေ့ရစဉ်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ သို့ အစီရင်ခံစာ တင်သွင်းခဲ့ပြီးနောက် ယခုလို တိုက်တွန်းပြောကြားလိုက်ခြင်းဖြစ်သည်။

ငြိမ်းချမ်းရေးသဘောတူညီချက်သည် ဖွဲ့စည်းပုံအခြေခံ ပြုပြင်ပြောင်းလဲရေးအတွက် သင့်တော်သောမူဘောင်များ လုပ်ဆောင်ရန်လိုအပ်လျက်ရှိနေပြီး ၎င်းကို အကောင်အထည်ဖော်ရန် ထိပ်တန်းဦးစားပေးအနေဖြင့် လုပ်ဆောင်ရမည်ဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ပြောကြားလိုက်သည်။

ယခင် သမ္မတ အီဘရာဟင်ဘိုဘာကာကီတာ မျက်မှောက်တွင် လက်မှတ်ရေးထိုးခဲ့သော အဆိုပါ ငြိမ်းချမ်းရေး သဘောတူညီချက်သည် သူပုန်အုပ်စုအား လက်နက်ဖျက်သိမ်းပြီး နိုင်ငံတော်တပ်ဖွဲ့ဝင်များအဖြစ် အသွင်ပြောင်းလဲပေးရန် ရည်ရွယ်ကြောင်း၊ သို့သော်လည်း အပြည်ပြည်ဆိုင်ရာ ဖိအားများနေသည့်တိုင်အောင် ၎င်းကို အကောင်အထည်ဖော်ရန် နှစ်ပေါင်းအတော်ကြာ နောက်ပြန်ဆွဲလျက်ရှိကြောင်း သိရသည်။

အလားအလာ ကောင်းသော ပြုပြင်ပြောင်းလဲမှုမျိုးလည်း မတွေ့ရသေးကြောင်းနှင့် မိမိအနေဖြင့် ပြုပြင်ပြောင်းလဲရေး အာဏာပိုင်များကို သဘောတူညီချက်ရရှိရေး ဆောင်ရွက်ရန် တိုက်တွန်းကြောင်း ဂူတာရက်စ်က ပြောကြားလိုက်သည်။

**အေအက်ဖ်ပီ**

# အေသင်မာရသွန်ပြိုင်ပွဲ ကိုဗစ် – ၁၉ ကြောင့် ဖျက်သိမ်း

**အေသင် အောက်တိုဘာ ၂**

အေသင်မာရသွန်ပြိုင်ပွဲကို နိုဝင်ဘာ ၇ ရက်နှင့် ၈ ရက်တို့တွင် ကျင်းပရန် ရက်သတ်မှတ်ထားသော်လည်း ကိုဗစ် –၁၉ အခြေအနေကြောင့် ပြိုင်ပွဲဖျက်သိမ်းလိုက်ရကြောင်း ဟယ်လန်နစ်အားကစားအဖွဲ့ချုပ်က အောက်တိုဘာ ၁ ရက်တွင် ကြေညာခဲ့သည်။

နှစ်စဉ်ကျင်းပနေသည့် အားကစားပြိုင်ပွဲကို လုံခြုံစိတ်ချစွာ ကျင်းပနိုင်ရေးအတွက် ပွဲကျင်းပရေးကော်မတီအနေဖြင့် ဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း တာတိုအပြေးပြိုင်ပွဲ မဟုတ်ဘဲ ၄၂ ကီလိုမီတာပြိုင်ပွဲကဲ့သို့သော ပြိုင်ပွဲများ ကျင်းပနိုင်ရေးနှင့် ကွင်းအတွင်းပါဝင်မည့်သူများကိုလျှော့ချရန် ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ပြိုင်ပွဲမတိုင်မီ ကိုဗစ် –၁၉ ဆေးစစ်မှုများကို ပါဝင်ယှဉ်ပြိုင်မည့်သူအားလုံးကိုစစ်ဆေးပေးရန် အစရှိသည်တို့ကိုလည်း ဆွေးနွေးခဲ့ကြသည်။

သို့သော်လည်း အဆိုပါလုပ်ဆောင်မှုများသည် အပြေးသမားများ၏ လုံခြုံစိတ်ချရေးအတွက် အပြည့်အဝအာမခံချက်မပေးနိုင်ဟု ယူဆရကြောင်း အားကစားသမားများ၏ ကျန်းမာရေးမှာဦးစားပေးအချက်ပင်ဖြစ်ကြောင်း ပွဲကျင်းပရေးကော်မတီက ပြောသည်။

စာရင်းပေးသွင်းထားသည့်အားကစားသမားများအနေဖြင့် နောက်နှစ်ပြိုင်ပွဲအတွက် ရွှေ့ဆိုင်းမှုများပြုလုပ်မည်လား သို့မဟုတ် ပြိုင်ပွဲဝင်ကြေးများကို ပြန်ထုတ်မည်လားဟု၍ ရွေးချယ်ရမည်ဖြစ်သည်။

**ဆင်ဟွာ**

# သမ္မတထရမ့်နှင့် သမ္မတကတော် ကိုဗစ် – ၁၉ ကူးစက်ခံရ



လူထုတွေ့ဆုံပွဲတစ်ခုတွင် အမေရိကန်သမ္မတထရမ့်ကို ၎င်း၏ထိပ်တန်းလက်ထောက်တစ်ဦးဖြစ်သူ ဟုပ်စ်ဟစ်နှင့်အတူ တွေ့ရစဉ်။

**ဝါရှင်တန်ဒီစီ အောက်တိုဘာ ၂**

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်၏ ထိပ်တန်းလက်ထောက်တစ်ဦး ကိုဗစ် – ၁၉ ကူးစက်ခံရကြောင်း စမ်းသပ်စစ်ဆေးတွေ့ရှိပြီးနောက် ထရမ့်နှင့် ၎င်း၏ဇနီးတို့ ကိုဗစ်–၁၉ ကူးစက်ခံထားရကြောင်း သမ္မတထရမ့်က အောက်တိုဘာ ၂ ရက် အစောပိုင်းက ပြောကြားလိုက်သည်။

ထို့ကြောင့် ၎င်းတို့အနေဖြင့် ကန့်သတ်စောင့်ကြည့်မှု ခံယူသွားမည်ဖြစ်ကြောင်းနှင့် အမြန်နေပြန်ကောင်းလာမည့်လုပ်ငန်းစဉ်များကိုလည်း ချက်ချင်းခံယူသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါကိစ္စကြောင့် ရွေးကောက်ပွဲလှုပ်ရှားမှုဆိုင်ရာ အရေးကြီးသည့် နောက်ဆုံးသီတင်းပတ်ကာလတွင် ပြည်သူလူထုနှင့် ထိတွေ့ရန်စီစဉ်ထားသည့် ၎င်း၏ အစီအစဉ်ကို နှောင့်ယှက်ခြိမ်းခြောက်လျက်ရှိကြောင်း သိရသည်။

ဖောက်စ်နယူးနှင့်တွေ့ဆုံမေးမြန်းခန်းတွင် ထရမ့်က ၎င်း၏ထိပ်တန်းလက်ထောက်တစ်ဦးဖြစ်သူ ဟုပ်စ်ဟစ်သည် ကိုဗစ် – ၁၉ စစ်ဆေးတွေ့ရှိခဲ့သည်မှာ မှန်ကန်ကြောင်း အတည်ပြုပြောကြားလိုက်ပြီးနောက် ၎င်းနှင့် ၎င်း၏အမျိုးသမီးဖြစ်သူ မယ်လာနီယာထရမ့်တို့လည်း ကိုဗစ် – ၁၉ ကူးစက်ခံထားရကြောင်း ပြောကြားလိုက်သည်။

ထရမ့်၏ ထိပ်တန်းလက်ထောက်တစ်ဦးဖြစ်သူ ဟုပ်စ်ဟစ်သည် အလုပ်ကြိုးစားသူတစ်ဦးဖြစ်ကြောင်း၊ နှာခေါင်းစည်းများကိုလည်း အတော်များများ တပ်ဆင်ကြောင်း၊ သို့သော်လည်း ကိုဗစ် – ၁၉ ကူးစက်ခံခဲ့ရကြောင်း ထရမ့်က ပြောကြားလိုက်သည်။

ကိုဗစ် – ၁၉ ကို တွန်းလှန်နေသည့်ကာလအတွင်း မိမိတို့အနေဖြင့် အသွားအလာကန့်သတ်စောင့်ကြည့်မှုကိုလည်း ခံယူလျက်ရှိကြောင်း တွစ်တာတွင် ထရမ့်က ဖော်ပြလိုက်သည်။ ထရမ့်က သူ့အနေဖြင့် မည်သည့်အချိန်အထိ သီးသန့်ခွဲခြားနေထိုင်မှု ပြုလုပ်သွားမလဲဆိုသည်ကို ထုတ်ဖော်ပြောကြားခြင်းမရှိကြောင်း သိရသည်။

ထရမ့်အနေဖြင့် သောကြာနေ့ရွေးကောက်ပွဲအစီအစဉ်ကိုဖျက်သိမ်းမလား၊ မသိမ်းဘူးလားဆိုသည်ကို လတ်တလောတွင် ရှင်းရှင်းလင်းလင်း မသိရသေးကြောင်း သိရသည်။

အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့်ကာကွယ်ရေးဌာနက ပြည်သူများကို အိမ်တွင်း၌သာနေထိုင်ကြရန်နှင့် အကယ်၍ ကိုဗစ် – ၁၉ ကူးစက်ခံရသည်ဟု သံသယရှိပါက ၁၄ ရက်ကြာ သီးသန့်ခွဲခြားနေထိုင်ရန် အကြံပြုတိုက်တွန်းထားသည်။

ဟစ်သည် ထရမ့်နှင့်အတူ အဲယားဖို့စ်ဝမ်းလေယာဉ်ဖြင့် ယခုသီတင်းပတ် အင်္ဂါနေ့က ဒီမိုကရက်တစ်သမ္မတလောင်း ဂျိုးဘိုင်ဒင်နှင့်စကားစစ်ထိုးရန် ကလီဗီလန့်ဒ်သို့ သွားရောက်ခဲ့သေးကြောင်း သိရသည်။ ထို့အပြင် မင်နီဆိုးတား လူထုတွေ့ဆုံပွဲပြီးနောက် သူသည် သမ္မတထရမ့်နှင့်အတူ ဗုဒ္ဓဟူးနေ့က မရင်းဝမ်းရဟတ်ယာဉ်ဖြင့် အိမ်ဖြူတော်သို့ ပြန်လာခဲ့သည်။

**ဆင်ဟွာ၊ အေအက်ဖ်ပီ**

# ဂျပန်သိပ္ပံကောင်စီက ရာထူးခန့်အပ်ရန် အဆိုပြုထားသူများအနက် အချို့ကို ဝန်ကြီးချုပ် ပယ်ချ

**တိုကျို အောက်တိုဘာ ၂**

ဂျပန်သိပ္ပံကောင်စီက ဝန်ကြီးချုပ်ဆူဂါယိုရှီဟီဒဲကို သူ့အနေဖြင့် မည်သည့်အတွက်ကြောင့် အဆိုပြုရွေးချယ်ထားသူများအနက် အချို့ကို ရာထူးခန့်အပ်ရန် ငြင်းဆန်ခဲ့သနည်းဆိုသည့် အကြောင်းပြချက်ကို ရှင်းပြပေးစေချင်ကြောင်း ပြောကြားလိုက်သည်။

ထို့အပြင် ၎င်းတို့အား ခန့်အပ်မှုပြုလုပ်နိုင်ရေး ထပ်မံတောင်းဆိုသွားရန်လည်း ဂျပန်သိပ္ပံကောင်စီက ဆုံးဖြတ်ထားသည်။

အဆိုပါသိပ္ပံကောင်စီကို ဝန်ကြီးချုပ်၏ စီမံမှုအောက်တွင် အထူးအဖွဲ့အစည်းတစ်ရပ်အနေဖြင့် သတ်မှတ်ဖွဲ့စည်းထားသည်။

အဆိုပါကောင်စီသည် မူဝါဒရေးရာအဆိုပြုချက်များကို လွတ်လပ်စွာရေးသားသည်။

အဖွဲ့ဝင်ထက်ဝက်ခန့်ကို သုံးနှစ်တစ်ကြိမ်အမြဲဆုံးဖြတ်သည်။ အဆိုပြုရွေးချယ်ခံရသူများကို ကောင်စီက ထောက်ခံပြီး ဝန်ကြီးချုပ်က ခန့်အပ်သည်။

သိပ္ပံကောင်စီက ၁၀၅ ဦးကို အဆိုပြုရွေးချယ်ခဲ့သော်လည်း ဝန်ကြီးချုပ်က ၎င်းတို့အနက် ခြောက်ဦးကို မခန့်အပ်ခဲ့ကြောင်း သိရသည်။

ကောင်စီက ရွေးချယ်ထားသူများကို ဝန်ကြီးချုပ်က အကုန်လုံး မခန့်အပ်ဘဲ ပယ်ချခြင်းသည် ယခုတစ်ကြိမ် ပထမဆုံးဖြစ်ကြောင်း ကောင်စီက ပြောကြားလိုက်သည်။



ဂျပန်သိပ္ပံကောင်စီဥက္ကဋ္ဌ ကာဂျီတာ တာကာအာကီက ဝန်ကြီးချုပ်ကို မေးခွန်းထုတ်ပြောကြားနေစဉ်။

လက်ရှိရွေးချယ်ခန့်အပ်သည့်ပုံစံကို ၂၀၀၄ ခုနှစ်က စတင်ခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၂ ရက် အထွေထွေအစည်းအဝေးတွင် ကောင်စီအဖွဲ့ဝင်များက အဆိုပါကိစ္စကိုဆွေးနွေးတိုင်ပင်ခဲ့ကြပြီး စာရေးသားတောင်းဆိုမှုပြုလုပ်ရန်လည်း သဘောတူခဲ့ကြသည်။

ကောင်စီ အဖွဲ့ဝင်များက ဆက်လက် လုပ်ဆောင်သွားမည့် အသေးစိတ်ကိစ္စများကို ဆက်လက်ဆွေးနွေးလျက်ရှိကြောင်း သိရသည်။

သိပ္ပံကောင်စီဥက္ကဋ္ဌ ကာဂျီတာ တာကာအာကီသည် နိုဗယ်ဆုရှင်တစ်ဦးဖြစ်ပြီး တိုကျိုတက္ကသိုလ်၏ ဂုဏ်သရေရှိအောင်မြင်ကျော်ကြားသော ပါမောက္ခတစ်ဦးလည်း ဖြစ်သည်။

ကာဂျီတာက အဆိုပါကိစ္စသည် အရေးကြီးသော ကိစ္စဖြစ်ကြောင်း ပြောကြားလိုက်သည်။

ကောင်စီအနေဖြင့် အဆိုပါကိစ္စနှင့်ပတ်သက်ပြီး ဆက်လက်ဆွေးနွေးသွားမည် ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

**အင်န်အိတ်ချ်ကေ**

# အမေဇုန်ကုမ္ပဏီဝန်ထမ်း ၂၀၀၀၀ နီးပါး ကိုဗစ် - ၁၉ ကူးစက်ခံရ

**ဆန်ဖရန်စစ္စကို အောက်တိုဘာ ၂**

အွန်လိုင်းအခြေပြု ကုန်သွယ်မှုဆိုင်ရာ အကြီးဆုံးကုမ္ပဏီကြီးတစ်ခုဖြစ်သော အမေဇုန်က မတ်လ ကိုဗစ် – ၁၉ စတင်ဖြစ်ပွားချိန်ကတည်းက ၎င်း၏ ဝန်ထမ်းပေါင်း ၁၉၈၁၀ ကိုဗစ် – ၁၉ ကူးစက်ခံခဲ့ရကြောင်း အောက်တိုဘာ ၁ ရက်က ပြောကြားလိုက်သည်။

အမေရိကန်ပြည်ထောင်စုရှိ ဝိုးဖူးဒ်မားကတ်ကုန်စိမ်းစတိုးဆိုင်များတွင် အလုပ်လုပ်ကိုင်နေသူဝန်ထမ်းများ အပါအဝင် အမေဇုန်ကုမ္ပဏီ၏ ရှေ့တန်းတွင်အလုပ်လုပ်ကိုင်နေသူ အလုပ်သမားပေါင်း ၁ ဒသမ ၃၇ သန်း၏ သတင်းအချက်အလက်များက ဖော်ပြနေသည်မှာ ကိုဗစ် – ၁၉ ကာလတွင် ဝန်ထမ်းများ မျှော်မှန်းထားသည်ထက် ကိုဗစ် – ၁၉ ကူးစက်မှုနှုန်းနည်းနေသေးသည့်အချက်ပင်ဖြစ်သည်ဟု အမေဇုန်ကုမ္ပဏီက ပြောကြားလိုက်သည်။

ကုမ္ပဏီ၏ စာရင်းပိုင်းဆိုင်ရာဌာနများတွင် အလုပ်လုပ်ကိုင်နေသော အချို့ဝန်ထမ်းများက ၎င်းတို့ကို ကိုဗစ် – ၁၉ ရောဂါကူးစက်မှု ကာကွယ်တားဆီးရန် ကုမ္ပဏီ၏ ဆောင်ရွက်ချက်များအပေါ် ဝေဖန်ထားကြသကဲ့သို့ ကိုဗစ် – ၁၉ ကူးစက်ခံထားရသည့် ဝန်ထမ်းများ၏ သတင်းအချက်အလက်များကို ဝေမျှရန် ပေါ့လျော့သည့်အပေါ်လည်း ဝေဖန်ထားကြသည်။

အမေဇုန်ကုမ္ပဏီကြီး၏ အလုပ်ဌာနပေါင်း ၆၅၀ တွင် ကိုဗစ် – ၁၉ စစ်ဆေးမှုပေါင်း တစ်နေ့လျှင် ၅၀၀၀၀ စမ်းသပ်လျက်ရှိကြောင်း ဆီယက်တယ်အခြေစိုက် ယင်းကုမ္ပဏီက ပြောကြားသည်။

ကိုဗစ် – ၁၉ စတင်ကူးစက်ပျံ့နှံ့ချိန်ကတည်းက မိမိတို့အနေဖြင့် မိမိတို့၏အလုပ်သမားများကို စဉ်ဆက်မပြတ် အသိပေးလျက်ရှိကြောင်းနှင့် ဝန်ထမ်းအသိုင်းအဝိုင်းများအကြား ကိုဗစ် – ၁၉ ကူးစက်မှုအသစ်များကိုလည်း အသိပေးလျက်ရှိကြောင်း အမေဇုန်က ရှေ့တန်းအလုပ်သမားများကြား ကိုဗစ် – ၁၉ ကူးစက်မှုဆိုင်ရာ ဘလော့တစ်ခုတွင် ပြောကြားထားသည်။

အမေဇုန်နှင့် ဝိုးဖူးဒ်အလုပ်သမားများကြား ကိုဗစ် –၁၉ ကူးစက်မှုနှုန်းသည် အမေရိကန်၏ ပျမ်းမျှလူဦးရေနှင့် တူညီသွားမည်ဆိုပါက ကိုဗစ် – ၁၉ ကူးစက်မှုသည် ၃၃၀၀၀ အထိ ရောက်ရှိလာနိုင်ကြောင်း အမေဇုန်ကုမ္ပဏီက ပြောကြားသည်။

**အေအက်ဖ်ပီ**



အမေဇုန်ကုမ္ပဏီဝန်ထမ်းတစ်ဦး ဆန္ဒဖော်ထုတ်နေစဉ်။

# ကိုဗစ် – ၁၉ ကြောင့် ကမ္ဘာ့ဒုတိယသေဆုံးမှု အများဆုံးနိုင်ငံ ဘရာဇီးဖြစ်

**ဆောပိုလို အောက်တိုဘာ ၂**

ဘရာဇီးနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ် – ၁၉ ကြောင့် ထပ်မံသေဆုံးသူ ၇၂၈ ဦးရှိလာမှုနှင့်အတူ စုစုပေါင်း သေဆုံးသူ ၁၄၄၆၈၀ အထိ ရောက်ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက အောက်တိုဘာ ၁ ရက်တွင် ပြောကြားလိုက်သည်။

တစ်ချိန်တည်းမှာပင် ကိုဗစ် – ၁၉ ထပ်မံ ကူးစက်ခံရသူ ၃၆၁၅၇ ဦး ရှိကြောင်း သတင်းဖော်ပြမှုနှင့်အတူ စုစုပေါင်း နိုင်ငံအတွင်း ကိုဗစ် –၁၉ ကူးစက်ဖြစ်ပွားသူ ၄၈၄၇၀၉၂ ဦး ရှိလာကြောင်း အဆိုပါဝန်ကြီးဌာနက ဆက်လက်ထုတ်ပြန်ဖော်ပြထားသည်။

နိုင်ငံအတွင်းလူဦးရေအထူထပ်ဆုံးဖြစ်သည့် ဆောပိုလိုမြို့သည် ကိုဗစ် – ၁၉ ဒဏ်ကို အဆိုးရွားဆုံးခံစားရသည့်မြို့ဖြစ်ပြီး ကူးစက်ခံရသူ ၉၉၁၇၂၅ ဦးရှိပြီး သေဆုံးသူ ၃၅၈၀၄ ဦးရှိသည်။ ယင်းနောက် ရီယိုဒီဂျနေးရိုးမြို့တွင် ကိုဗစ် – ၁၉ ကူးစက်ခံရသူ ၂၆၆၂၃၅ ဦး ရှိပြီး သေဆုံးသူ ၁၈၅၆၇ ဦးရှိသည်။

ဘရာဇီးနိုင်ငံသည် ကိုဗစ် – ၁၉ ကြောင့် ကမ္ဘာ့သေဆုံးမှု ဒုတိယအများဆုံးနိုင်ငံတစ်နိုင်ငံဖြစ်ပြီး ကူးစက်မှုတွင် တတိယအများဆုံးနိုင်ငံ ဖြစ်သည်။

**ဆင်ဟွာ**

နိုင်ငံတကာ သတင်းတိုထွာ

## ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဦးဆောင်သည့် ကာကွယ်ဆေး ဖြန့်ဖြူးရေးအစီအစဉ်တွင် နိုင်ငံပေါင်း ၁၆၇ နိုင်ငံ ပါဝင်လာ

**ဂျီနီဗာ အောက်တိုဘာ ၂**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲက ကိုဗစ် – ၁၉ ကာကွယ်ဆေးမျှမျှတတ ဖြန့်ဖြူးနိုင်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဦးဆောင်သည့် အစီအစဉ်တွင် နိုင်ငံနှင့်ဒေသပေါင်း ၁၆၇ ခု ပူးပေါင်းပါဝင်လာကြောင်း ပြောကြားလိုက်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ညွှန်ကြားရေးမှူးချုပ် တက်ဒရော့စ်အက်ဒါနွန် ဂီဘရီယက်စ်ဆုစ်က ကုလသမဂ္ဂ အထွေထွေညီလာခံတွင် ထိုသို့ပြောကြားလိုက်ခြင်း ဖြစ်သည်။

လတ်တလောတွင် ကိုဗစ် – ၁၉ ကြောင့် သေဆုံးသူပေါင်းတစ်သန်း ကျော်ရှိလာကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။ ထို့အပြင် လက်တွေ့တွင် သေဆုံးသူ အရေအတွက်သည် ပိုမိုမြင့်မားနိုင်သည်ဟု ဖြည့်စွက်ပြောကြားခဲ့သည်။

ကပ်ရောဂါတိုက်ဖျက်ရေးတွင် နိုင်ငံတကာ စည်းလုံးမှုနှင့်ကြိုးပမ်းကြရန် တိုက်တွန်းပြောကြားခဲ့သည်။ ကမ္ဘာ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့် နေထိုင်နေသည့် နိုင်ငံနှင့် ဒေသပေါင်း ၁၆၇ ခုသည် စက်တင်ဘာ ၃၀ ရက်က ကာကွယ်ဆေးဖြန့်ဖြူးရေး အစီအစဉ်တွင် ပါဝင်လာခဲ့ကြပြီး အဖွဲ့ဝင်စာရင်းသည် နေ့စဉ်တိုးလာနေသည်ဟု မစ္စတာ တက်ဒရော့စ်က ပြောကြားလိုက်သည်။

ထို့အပြင် နိုင်ငံတကာ ကာကွယ်ဆေးဆိုင်ရာ အစီအစဉ်အတွက် ရန်ပုံငွေပိုမိုထည့်ဝင်ကြရန်လည်း မစ္စတာတက်ဒရော့စ်က ပြောကြားလိုက်ပြီး ယခုအချိန်သည် အမျိုးသားရေးဝါဒကို ဆန့်ကျင်ပြီး လူသားချင်း စာနာရိုင်းပင်းမှုကို ထောက်ခံရမည့် အချိန်ဖြစ်ကြောင်း ၎င်းက သတိပေးပြောကြားလိုက်သည်။ **အင်န်အိတ်ချ်ကေ**

## ဂျပန်ဝန်ကြီးချုပ် ဆူဂါ အောက်တိုဘာလလယ်တွင် ဗီယက်နမ်နှင့် အင်ဒိုနီးရှားသို့ သွားရောက်မည်

**တိုကျို အောက်တိုဘာ ၂**

ကိုဗစ်– ၁၉ ကပ်ရောဂါအခြေအနေ တိုးတက်ကောင်းမွန်လာမည် ဆိုပါက ဂျပန်ဝန်ကြီးချုပ် ဆူဂါယိုရှီဟီဒဲသည် အောက်တိုဘာလလယ်တွင် ဗီယက်နမ်နှင့် အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

ယခုလို ဗီယက်နမ်နှင့်အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်မည့်ကိစ္စသည် ဆူဂါယိုရှီဟီဒဲအနေဖြင့် ဝန်ကြီးချုပ်ရာထူးကို လက်ခံပြီးနောက် ပထမဆုံး နိုင်ငံခြားခရီးစဉ် ဖြစ်လာမည်ဖြစ်သည်။ ဝန်ကြီးချုပ် ဆူဂါက အဆိုပါနိုင်ငံများကို သွားရောက်မည်ဆိုပါက ဗီယက်နမ်ဝန်ကြီးချုပ်နှင့် အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုနှင့် တွေ့ဆုံသွားမည်ဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

# ကိုဗစ်ကြောင့် ဆေးလိပ်ဖြတ်တဲ့သူတွေ များလာတာ ဝမ်းသာစရာ

**ကလျာမိုးမြင့်**

**ဆေးလိပ်သောက်တဲ့သူတွေ ကိုဗစ်–၁၉ ကူးစက်ခံရလို့ ဆေးရုံတက်ရပြီဆိုတဲ့အခါ ဆေးလိပ်လုံးဝမသောက်တဲ့သူတွေထက် ပိုပြီး ရောဂါလက္ခဏာ ပြင်းထန်စွာ ခံစားရတဲ့အပြင် သေဆုံးမှုလည်းပိုများတယ်ဆိုတာကို လေ့လာသူတွေက အများသိအောင် ထုတ်ဖော်လိုက်တဲ့အတွက် ဒီကိစ္စဟာ ဆေးလိပ်စွဲနေသူတွေ ဆေးလိပ်ပြတ်ဖို့ တွန်းအားတစ်ခု ဖြစ်လာခဲ့ပါတယ်။**



### ခံနိုင်ရည်မရှိ

ကူးစက်ရောဂါတွေ အကြီးအကျယ်ဖြစ်ပွားနေတဲ့ ယနေ့လို အချိန်မျိုးဟာ ဆေးလိပ်သောက်တဲ့သူတွေအတွက် စိုးရိမ်စရာ အချိန်တစ်ခုဆိုတာ အသေအချာပါပဲ။ ကမ္ဘာတစ်ဝန်းမှာ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါတစ်ခုဖြစ်တဲ့ ကိုဗစ်–၁၉ ဟာ အရှိန်အဟုန်ကြီးမားတဲ့ တောမီးပမာ မြန်မြန်ဆန်ဆန် ကူးစက်တောက်လောင်နေတဲ့ အချိန်အခါမျိုးမှာ အထူးသဖြင့် ကျန်းမာရေးနဲ့ ညီညွတ်မှုမရှိတဲ့ နေ့စဉ်နေထိုင်စားသောက်မှုပုံစံရှိသူတွေနဲ့ ကျန်းမာကြံ့ခိုင်အောင်နေထိုင်တတ်တဲ့ အလေ့အကျင့်မရှိသူတွေဟာ ရောဂါကူးစက်မှုဒဏ်ကို ခံနိုင်ရည်မရှိတဲ့သူတွေ ဖြစ်လာပါတယ်။

### သုံးဆလောက်တိုးလာ

မကြာသေးခင်က ပြုလုပ်ခဲ့တဲ့ လေ့လာမှုမှာ ဩစတြေးလျနဲ့ ဗြိတိန်နိုင်ငံတစ်ဝန်းက အရွယ်ရောက်ပြီးဖြစ်တဲ့ ဆေးလိပ်သောက်သုံးသူ ၁၂၀၄ ဦးကို စစ်တမ်းကောက်ယူလိုက်တဲ့အခါ ကိုဗစ်–၁၉ ကူးစက်မှုမဖြစ်သေးခင်က ဆေးလိပ်ဖြတ်ဖို့ ကြိုးစားတဲ့သူ ၁၀ ရာခိုင်နှုန်းလောက်သာ ရှိခဲ့ရာကနေ ဧပြီလအရောက်မှာတော့ ၂၉ ရာခိုင်နှုန်းလောက်အထိ ဖြစ်လာတာကို တွေ့ရပါတယ်။ ဆေးလိပ်ဖြတ်ဖို့ ကြိုးစားတဲ့သူ အရေအတွက်ဟာ ရောဂါဖြစ်ပွားပြီးနောက်မှာ သုံးဆလောက် သိသိသာသာ တိုးလာခဲ့တာပါ။

မကြာခင်အချိန်အတွင်း ဆေးလိပ်ဖြတ်ဖို့ ကြံရွယ်နေတဲ့သူတွေလည်း အများအပြားရှိနေသလို တချို့ဆေးလိပ်သမားတွေကတော့ ဆေးလိပ်ဖြတ်ဖို့ အကူအညီ လိုအပ်နေပါတယ်။ လေ့လာမှုရလဒ်တွေက ဆေးလိပ်သောက်တဲ့ သူတွေဟာ ကိုဗစ်– ၁၉ နဲ့ဆက်နွှယ်တဲ့ အသက်အန္တရာယ် ထိခိုက်နိုင်မှုကို လျှော့ချဖို့ ဆေးလိပ်ဖြတ်မှဖြစ်မယ်ဆိုတဲ့ အသိစိတ်ဝင်လာတယ်ဆိုတာကို ဖော်ပြနေပါတယ်။

### အကူအညီပေးဖို့လို

ဒီတော့ ကိုဗစ်– ၁၉ ရောဂါဆိုးကြီးကို ရင်ဆိုင်ရာမှာ ဆေးလိပ်သောက်တာကို ရပ်လိုက်ခြင်းအားဖြင့် ကျန်းမာရေးဆိုင်ရာ ကောင်းကျိုးတွေ ပိုမိုရရှိလာဖို့အတွက် ဆေးလိပ်ဖြတ်ချင်သူတွေကို သေချာအကူအညီပေးနိုင်ဖို့ လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ ဆေးလိပ်သောက်တာကို ရပ်သွားစေဖို့ အထောက်အကူပြုတဲ့ အခြေခံနည်းတွေထဲမှာ နီကိုတင်း အစားထိုးကုစားမှု (သာဓကအားဖြင့် ပီကေဝါးခြင်းနဲ့ ရှူဆေးတစ်မျိုးမျိုး အသုံးပြုတာ) နဲ့ နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်းတွေ ပါဝင်ပါတယ်။

ဆေးလိပ်ဖြတ်လိုသူတွေရဲ့ သုံးပုံနှစ်ပုံလောက်က နီကိုတင်း အစားထိုးတဲ့နည်းနဲ့ အကူအညီပေးတာကို စိတ်ဝင်စားကြောင်း ဖော်ပြနေကြပြီး တကယ်လို့သာ ၎င်းတို့လိုအပ်တဲ့ အစားထိုးပစ္စည်းတွေကို ပို့ခမယူဘဲ အိမ်တိုင်ရာရောက် ပို့ပေးတယ်ဆိုရင် ဆေးလိပ်ဖြတ်ချင်တဲ့သူ အရေအတွက်ဟာ ၇၇ ရာခိုင်နှုန်းထက်မက တိုးပွားလာနိုင်ဖွယ်ရှိတယ်လို့ လေ့လာသူတွေက ဆိုပါတယ်။ ကျန်တဲ့ ၅၁ ရာခိုင်နှုန်းကတော့ လူကိုယ်တိုင် နှစ်သိမ့်ဆွေးနွေးအကြံပေးမှု ခံယူလိုကြတာကို တွေ့ရပါတယ်။

### နီကိုတင်းစွဲလမ်းခြင်း

ဒီရလဒ်တွေအရဆိုရင် ဆေးလိပ်သောက်တဲ့သူတွေဟာ အဝေးကနေ ဆေးလိပ်ဖြတ်ဖို့ လိုအပ်တဲ့ အကူအညီပစ္စည်းတွေ ပေးပို့တာကို ပိုပြီးနှစ်ခြိုက်ကြပါတယ်။ အဝင်၊ အထွက်ကန့်သတ်ပိတ်ဆို့မှုတွေ ပြုလုပ်ထားတဲ့ကာလမှာ အဲဒီအထောက်အကူပြုပစ္စည်းတွေရနိုင်တယ်ဆိုတဲ့အကြောင်း ၎င်းတို့ကို သေချာသိအောင် လုပ်ဆောင်နိုင်မယ်ဆိုရင် ဆေးလိပ်သောက်တဲ့နှုန်းကလည်း ကျဆင်းလာနိုင်ပါတယ်။

နောက်ထပ် အရေးကြီးတာတစ်ခုလည်း ရှိပါသေးတယ်။ အဲဒါကတော့ ကိုဗစ်–၁၉ ကူးစက်မှုနဲ့ ဆက်နွှယ်တဲ့ တစ်ကိုယ်ရေသီးခြားနေထိုင်ရမှုက လူတွေကို ဆေးလိပ်မှာပါတဲ့ နီကိုတင်း စွဲလမ်းခြင်း ပိုဖြစ်လွယ်စေပါတယ်။ အဲဒီလူတွေအတွက် အခုလို အချိန်ကာလမျိုးမှာ တခြားအကူအညီတွေလည်း လိုအပ်ကောင်း လိုအပ်နိုင်ပါသေးတယ်။

### နံပါတ် ၁ လူသတ်လက်နက်တစ်ခု ဖြစ်နေဆဲ

ကမ္ဘာ့နိုင်ငံတွေတချို့မှာ ဆေးလိပ်သောက်ခြင်းကို ဆန့်ကျင်တဲ့ လှုပ်ရှားမှုတွေ၊ ဆေးရွက်ကြီး ထုတ်ကုန်တွေအပေါ် အခွန်စည်းကြပ်မှုတွေနဲ့ ဆေးလိပ်ကင်းစင်နယ်မြေ သတ်မှတ်တဲ့ ဥပဒေချမှတ်ဆောင်ရွက်မှုတွေကြောင့် ဆေးလိပ်သောက်သုံးမှုကို အတိုင်းအတာတစ်ခုအထိ စံချိန်တင်လျှော့ကျစေခဲ့ပါတယ်။ ဒီလိုအခြေအနေအထိ လျှော့ချနိုင်ခဲ့တဲ့တိုင်အောင် ဆေးလိပ်သောက်ခြင်းဟာ အခုအချိန်အထိ လူ့အသက်ကို ဆုံးရှုံးစေနိုင်တဲ့ နံပါတ် ၁ လူသတ်လက်နက် တစ်ခုအဖြစ် ရှိနေတုန်းပါပဲ။

### နှစ်စဉ် ပြည်သူရှစ်သန်းလောက်အထိ သေဆုံး

ဆေးလိပ်ပုံမှန်သောက်တဲ့သူတွေရဲ့ သုံးပုံနှစ်ပုံလောက်ဟာ အသက်ဆုံးရှုံးနေရပြီး ဆေးလိပ်သောက်ခြင်းနဲ့ ဆက်နွှယ်တဲ့ ရောဂါဖြစ်ပွားမှုတွေကြောင့် သေဆုံးရတဲ့သူ အရေအတွက်ဟာ ကိုဗစ်– ၁၉ ကူးစက်ရောဂါဖြစ်ပွားချိန်မှာ အဖြစ်များလျက်ရှိပါတယ်။ နှစ်စဉ်နှစ်တိုင်း ဆေးလိပ်နဲ့ ဆေးရွက်ကြီးကြောင့်ဖြစ်ရတဲ့ ကင်ဆာ၊ လေဖြတ်ခြင်းနဲ့ နှလုံးရောဂါတွေကြောင့် ကမ္ဘာတစ်ဝန်းမှာ ပြည်သူရှစ်သန်းလောက်အထိ သေဆုံးနေရတာမို့လို့ ကိုဗစ်– ၁၉ ကြောင့် သေဆုံးရတဲ့သူ အရေအတွက်ထက်တောင် ပိုများနေတယ်ဆိုတာကို သတိပြုစရာဖြစ်ပါတယ်။ ဒါကြောင့် ကိုဗစ်– ၁၉ ကပ်ရောဂါက ပြည်သူလူထုဆီ ခြိမ်းခြောက်မှုတွေနဲ့ ဝင်ရောက်လာချိန်မှာ ရောဂါဒဏ်ကို ပိုပြီးထိခိုက်ခံစားရနိုင်တဲ့ ဆေးလိပ်သောက်သူတွေ ဆေးလိပ်မြန်မြန်ဖြတ်နိုင်ဖို့ တတ်နိုင်သမျှ တွန်းအားပေးဖို့နဲ့ အကူအညီတွေပေးဖို့ လိုအပ်လာပါတယ်။

### တွန်းအားတစ်ခုဖြစ်လာ

ဆေးလိပ်သောက်ခြင်းဟာ ကိုဗစ်– ၁၉ ကူးစက်ခံရဖို့ ပိုလွယ်တယ်ဆိုတဲ့ သတိပေးချက်တွေ ရှိနေသလို တစ်ဖက်မှာလည်း နီကိုတင်းဟာ ကိုဗစ်–၁၉ ရောဂါကို ကာကွယ်တယ်ဆိုတဲ့ ကောလာဟလတွေကလည်း ထွက်ပေါ်နေပါတယ်။ ဒါပေမယ့် ခိုင်လုံတဲ့ သက်သေအထောက်အထား ဖော်ပြမှုတွေတော့ မရှိသေးပါဘူး။ သေချာတာကတော့ ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားနေတဲ့ကာလမှာ ဆေးလိပ်သောက်သုံးသူတွေဟာ ဆေးလိပ်မသောက်တဲ့သူတွေထက် ပိုပြီးသေဆုံးတယ်ဆိုတဲ့ တွေ့ရှိချက်က ဆေးလိပ်ဖြတ်ဖို့ တွန်းအားတစ်ခု ဖြစ်လာတဲ့အတွက် ဝမ်းသာစရာ သတင်းကောင်းတစ်ခုပါပဲ။

**ကိုးကား– ချန်နယ်နယူးအေးရှား**

“အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါတစ်ခုဖြစ်တဲ့ ကိုဗစ်–၁၉ ဟာ အရှိန်အဟုန်ကြီးမားတဲ့ တောမီးပမာ မြန်မြန်ဆန်ဆန် ကူးစက်တောက်လောင်နေတဲ့ အချိန်အခါမျိုးမှာ အထူးသဖြင့် ကျန်းမာရေးနဲ့ ညီညွတ်မှုမရှိတဲ့ နေ့စဉ်နေထိုင်စားသောက်မှုပုံစံရှိသူတွေနဲ့ ကျန်းမာကြံ့ခိုင်အောင်နေထိုင်တတ်တဲ့ အလေ့အကျင့်မရှိသူတွေဟာ ရောဂါကူးစက်မှုဒဏ်ကို ခံနိုင်ရည်မရှိတဲ့သူတွေ ဖြစ်လာ”

# အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံးတစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှုစစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့်မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

ရွေးကောက်ပွဲ ကျင်းပရန်

၃၆ ရက်သာ

လိုတော့သည်။

## ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း

- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ဌာန တည်ရှိရာ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ (၁၅) များကို တောင်းခံသွားရန်၊
- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၂၆-၈-၂၀၂၀ ရက် အရောက်ပေးပို့သွားရန်၊
- ✤ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ ၇-၁၀-၂၀၂၀ ရက် အရောက်ပေးပို့ရန်၊
- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် ၈-၁၀-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရန်၊
- ✤ ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၈-၁၁-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

## စင်ကာပူနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံရောက် မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲစတင်ပေး

**နေပြည်တော် အောက်တိုဘာ ၂**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် စင်ကာပူရောက် မြန်မာနိုင်ငံသားများသည် မြန်မာသံရုံး စင်ကာပူမြို့၌ အောက်တိုဘာ ၁ ရက်မှစတင်၍ ကြိုတင်ဆန္ဒမဲပေးမှုများ စတင်ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ကြိုတင်ဆန္ဒမဲပေးရာတွင် အောက်တိုဘာ ၁ ရက်တွင် မဲဆန္ဒရှင် ၈၀၀ ခန့်နှင့် ယနေ့တွင် မဲဆန္ဒရှင် ၁၄၀၀ ခန့် ဆန္ဒမဲ လာရောက်ပေးခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)**

မဲဆန္ဒရှင်များအနေဖြင့် သံရုံးမှ သတ်မှတ်ပေးထားသည့် လူစုလူဝေးမဖြစ်စေရန် ခပ်ခွာခွာနေခြင်း (Safe Distancing) စည်းကမ်းများနှင့်အညီ တန်းစီစောင့်ဆိုင်းခြင်း၊ အပူချိန်တိုင်းတာခြင်း၊ လက်ဆေးခြင်းများ ပြုလုပ်ကြရပြီး မဲလက်မှတ်များထုတ်ယူ၍ ဆန္ဒမဲပေးရကြောင်း၊ ကိုဗစ်ကာလအတွင်း လူစုလူဝေး မဖြစ်ပေါ်စေရန်နှင့် မဲဆန္ဒရှင်များ အချိန်ကြာမြင့်စွာ တန်းစီစောင့်ဆိုင်းရခြင်း မရှိစေရန်အတွက် မိမိဆန္ဒမဲ လာရောက်ပေးလိုသည့် နေ့ရက်နှင့် အချိန်တို့အတွက် သံရုံး၏ ဝက်ဘ်ဆိုဒ်တွင် Online Appointment ကြိုတင်ချိန်းဆို ရယူထားရပြီး မဲပေးသည့်နေ့တွင် အဆိုပါ Appointment Letter ကို ပြသရန်လိုအပ်ကြောင်း၊ မည်သူမည်ဝါဖြစ်ကြောင်း စစ်ဆေးနိုင်သည့် နိုင်ငံကူးလက်မှတ် (သို့မဟုတ်) အိုင်စီကတ်၊ ယာဉ်မောင်းလိုင်စင်စသည့် အထောက်အထားတစ်ခုခု ပြသရန် လိုအပ်ကြောင်း သိရသည်။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် စင်ကာပူနိုင်ငံမှ ကြိုတင်ဆန္ဒမဲပေးခွင့်ရသည့် စင်ကာပူရောက်မြန်မာနိုင်ငံသား ၃၂၀၀၀ ခန့်ရှိပြီး ဆန္ဒမဲပေးမှုကို အောက်တိုဘာ ၁ ရက်မှ ၁၈ ရက်အထိ မဲရုံဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



အလားတူပင် ကိုရီးယားသမ္မတနိုင်ငံရောက် မြန်မာနိုင်ငံသားများအနေဖြင့်လည်း မြန်မာသံရုံး ဆိုးလ်မြို့တွင် ယနေ့မှစတင်၍ ကြိုတင်ဆန္ဒမဲပေးမှုများ စတင်ပြုလုပ်လျက်ရှိသည်။

ကိုရီးယားသမ္မတနိုင်ငံ အနှံ့အပြားတွင် ရောက်ရှိနေထိုင် အလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသား မဲဆန္ဒရှင် ၁၄၀၀ ကျော်ခန့်သည် ဆန္ဒမဲပေးရမည့် ပထမနေ့ဖြစ်သည့် ယနေ့ တစ်ရက်တည်းတွင်ပင် အနယ်နယ်အရပ်ရပ်မှ အဝေးပြေးကားကြီးများကို စင်းလုံးငှားရမ်း၍ အဖွဲ့လိုက်သော်လည်းကောင်း၊ တစ်ဦးချင်းသော်လည်းကောင်း သံရုံးသို့ လာရောက်၍ ဆန္ဒမဲပေးခဲ့ကြကြောင်း သိရသည်။

ဆိုးလ်မြို့ မြန်မာသံရုံးမှလည်း ကြိုတင်မဲလာရောက်ပေးသူများအား ကိုရီးယားသမ္မတနိုင်ငံမှ ချမှတ်ထားသော စည်းကမ်းများ၊ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဖြစ်စေရန်အတွက် လက်သန့်ဆေးရည်များ၊ နှာခေါင်းစည်းများနှင့် တစ်ခါသုံး လက်အိတ်များကို ပံ့ပိုးပေးခဲ့သည်။

ကိုရီးယားသမ္မတနိုင်ငံတွင် ရောက်ရှိနေသော မြန်မာနိုင်ငံသားများမှ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ကြိုတင်ဆန္ဒမဲပေးရန်အတွက် ပုံစံ(၁၅)ဖြည့်စွက်၍ ကြိုတင်ဆန္ဒမဲလက်မှတ်တောင်းခံထားသူ မြန်မာနိုင်ငံသား ဦးရေ ၉၈၁၀ ရှိပြီး ဆန္ဒမဲပေးမှုကို အောက်တိုဘာ ၂ ရက်မှ ၁၁ ရက်အထိ မဲရုံဖွင့်လှစ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ညောင်လေးပင်မြို့နယ်၌ မဲဆန္ဒရှင်စာရင်း ဒုတိယအကြိမ် ကြေညာထားမှုကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**ညောင်လေးပင် အောက်တိုဘာ ၂**

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ညောင်လေးပင်မြို့နယ်မှ ဒုတိယအကြိမ်အဖြစ် မဲဆန္ဒရှင်စာရင်းများကို အောက်တိုဘာ ၁ ရက်မှစ၍ ရပ်ကွက် / ကျေးရွာများတွင် ထုတ်ပြန်ကြေညာထားပြီးဖြစ်ရာ ယနေ့နံနက်ပိုင်းက ညောင်လေးပင်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ယင်းသို့စစ်ဆေးရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမျိုးကျော်နှင့် တာဝန်ရှိသူများက မြို့နယ်အတွင်း ကော်မရှင်အဖွဲ့ခွဲရုံးများ၌ မဲဆန္ဒရှင်စာရင်းကြေညာထားရှိမှု၊ မဲဆန္ဒရှင် ပြည်သူများ လာရောက်ကြည့်ရှုမှု အခြေအနေများ၊ မဲဆန္ဒရှင်စာရင်းများ ကြေညာကပ်ထားကြောင်းနှင့် အွန်လိုင်းတွင်လည်း ကြည့်ရှုစစ်ဆေးနိုင်ကြောင်း အသိပေးနှိုးဆော်ထားမှုများ ရှိ၊ မရှိနှင့် မဲဆန္ဒရှင်များ လာရောက်ကြည့်ရှု၍ မဲစာရင်းနှင့်စပ်လျဉ်းသည့် တောင်းဆိုခြင်း၊ ပြင်ဆင်ခြင်း၊ ကန့်ကွက်ခြင်းများ ရှိပါက အချိန် နှင့်တစ်ပြေးညီ ဆောင်ရွက်သွားရေး ညှိနှိုင်းဆွေးနွေး၍ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် မဲဆန္ဒရှင်စာရင်းထုတ်ပြန်ကြေညာ ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ **ပိန်းဇလုပ်-သိန်းညွန့်**

## သန်လျင်မြို့နယ်တွင် ဒုတိယအကြိမ် မဲစာရင်းများ ကြေညာ

**ရန်ကုန် အောက်တိုဘာ ၂**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်တွင် လာမည့် နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်ပြည်သူများ၏ အမည်စာရင်းကို အောက်တိုဘာ ၁ ရက်မှစ၍ သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများ၌ ကြေညာထားကြောင်း သိရသည်။

**ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၄၄၄၄ ဦး ရှိ**

သန်လျင်မြို့နယ် အုပ်ဖိုစုရပ်ကွက် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်ကျော်က ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရပ်ကွက် မဲရုံ ခြောက်ရုံ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၄၄၄၄ ဦး ရှိကြောင်း၊ ပြည်သူများ လွတ်လပ်စွာ ဆန္ဒမဲ ပေးနိုင်ရေးအတွက် အထက(၁) သန်လျင်၌ မဲရုံ ခြောက်ရုံ ပြင်ဆင်သွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့ ခွဲများ၏ ရွေးကောက်ပွဲဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ တိကျစွာလိုက်နာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

**မဲစာရင်းများကြည့်ရှု**

သန်လျင်မြို့နယ် ရပ်ကွက်နှင့် ကျေးရွာ အုပ်စုများရှိ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ဒုတိယအကြိမ် ကပ်ထားသော မဲစာရင်းများကို ပြည်သူများ ကြည့်ရှုလျက်ရှိကြောင်း တွေ့ရသည်။

**သန်းဝင်း(သန်လျင်)**

# အမျိုးသားညီညွတ်သော ဒီမိုကရက်တစ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၂

**အမျိုးသားညီညွတ်သောဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးစိန်ဝင်းက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၂ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်–**



ရှိသေလေးစားတန်ဖိုးထားရပါသော မိဘပြည်သူ တောင်သူလယ်သမား ဦးကြီးများခင်ဗျာ . . .

- ကျွန်တော်က အမျိုးသားညီညွတ်သော ဒီမိုကရက်တစ်ပါတီ (အန်၊ ယူ၊ ဒီ) ဥက္ကဋ္ဌ ဦးစိန်ဝင်းဖြစ်ပြီး လယ်ဝေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။
- ကျွန်တော်တို့ရဲ့ ပါတီ၏ သဘောထား မူဝါဒ၊ လုပ်ငန်းစဉ်များကို အနှစ်ချုပ်တင်ပြရရင်–
- တောင်သူလယ်သမား၊ အလုပ်သမား၊ တတ်သိပညာရှင်များဖြင့် အခြေခံ၍ ဖွဲ့စည်းထားသော လပြည့်ဝန်းနှင့် လယ်သမား (အန်၊ ယူ၊ ဒီ) ပါတီ ဖြစ်ပါတယ်။
- ကျေးလက်လူထု၊ တောင်သူလယ်သမား ချမ်းသာမှု၊ အလုပ်သမားဘဝ အဆင့်အတန်းမြင့်မားမှု၊ တတ်သိပညာရှင်များ လူမှုန်၊ နေရာမှန်၊ တာဝန်မှန်ကျင့်သုံးနိုင်မှ ပြုပြင်ပြောင်းလဲတိုးတက်မည်ဟု ခံယူသိရှိထားပါတယ်။
- ၇၀ ရာခိုင်နှုန်းရှိသော ကျေးလက်တောင်သူလယ်သမားများ အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးလုပ်ငန်းများ လွတ်လပ်စွာ ဆောင်ရွက်နိုင်ရန် တောင်သူလယ်သမားသမဂ္ဂအဖွဲ့ချုပ်ကြီး ဖြစ်ပေါ်လာအောင် ရေရှည်ဦးတည်ဆောင်ရွက်သွားမည့် တစ်ခုတည်းသော ပါတီဖြစ်၍ တောင်သူလယ်သမားတိုင်း၊ အလုပ်သမားတိုင်း တတ်သိပညာရှင်များ ယုံကြည်အားကိုးရသော ပါတီကြီးဖြစ်ပေါ်လာအောင် ပူးပေါင်းဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။
- တိုင်းပြည်စီးပွားရေး ဦးမော့လာစေရန်နှင့် အရှိန်အဟုန်မြှင့်တင်နိုင်ရန် လယ်ယာသားငါးကဏ္ဍ စီးပွားရေးကို အခြေခံအုတ်မြစ်ကောင်းများ ချမှတ်ဆောင်ရွက်သွားပါမယ်။
- ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အထူးဦးစားပေးဆောင်ရွက်သွားပါမယ်။
- ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုမြန်မာနိုင်ငံအဖြစ် ဖွဲ့စည်းပုံရေးဆွဲပြဋ္ဌာန်းသွားနိုင်အောင် ကြိုးစားဆောင်ရွက်သွားပါမယ်။
- နိုင်ငံခြားရွှေ့ပြောင်း အလုပ်သမားများ ပြန်လာနိုင်ရေးအတွက် ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းများ များပြားစွာ ဖန်တီးဆောင်ရွက်သွားပါမယ်။
- သယံဇာတဖော်ထုတ်သုံးစွဲမှုနှင့်ပတ်သက်၍ စည်းမဲ့၊ ကမ်းမဲ့ မဖြစ်စေဘဲ ဒေသခံပြည်သူလူထု အကျိုးပြုစေသော၊ ဒေသခံပြည်သူများ ဆန္ဒအရ စနစ်ကျနစွာ လုပ်ထုံးလုပ်နည်းများ ရေးဆွဲ၍ စည်းကမ်းစနစ်တကျ စီမံဆောင်ရွက်သွားပါမယ်။
- မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးကို လက်နက်ကိုင်အဖွဲ့များနှင့် ညှိနှိုင်းအဖြေရှာ သဘောထား သဘောတူရယူ၍ ငြိမ်းချမ်းစွာ တည်ဆောက်သွားပါမယ်။
- စိုက်ပျိုးရေး၊စီးပွားရေး၊ပညာရေး၊ကျန်းမာရေး၊တိုင်းရင်းသားအရေးများကို ကျွမ်းကျင်သော တတ်သိပညာရှင်များနှင့် တိုင်းရင်းသား ပြည်သူ့ခေါင်းဆောင်ကိုယ်စားလှယ်များနှင့် ပါဝင်ပူးပေါင်း ဆောင်ရွက်သွားပါမယ်။
- အန်၊ ယူ၊ ဒီ ပါတီဟာ မတရားမြေသိမ်းထားသော ပြဿနာများကို ထိခိုက်နစ်နာမှုမရှိစေရန် ဥပဒေနှင့်အညီ မှန်ကန်စွာ ဖြေရှင်းဆောင်ရွက်သွားပါမယ်။
- တောင်သူလယ်သမားများ အခက်အခဲကြုံတွေ့နေရသော အရင်းအနှီးနည်းပါးမှု၊ တောင်သူလယ်သမားတိုင်း စက်ကိရိယာများ အစားထိုးသုံးစွဲနိုင်ရေး၊ ရေရရှိရေးနှင့် ရေကို အကျိုးရှိရှိအသုံးချရေး၊ အရည်အသွေးမြှင့်ကုန်ထုတ်လုပ်နိုင်ရေး၊ ရာသီဥတုဖောက်ပြန်မှုကို ကာကွယ်ဟန့်တားရေး၊ လယ်ယာသားငါးထုတ်ကုန်များ၏ ဈေးနှုန်း၊ ဈေးကွက်အာမခံရှိရေး လုပ်ငန်းများကို အဓိကဦးစားပေး ဆောင်ရွက်သွားပါမယ်။
- အန်၊ ယူ၊ ဒီပါတီသည် ဂဠုန်ဆရာစံ၊ သခင်ဖိုးလှကြီး၊ ဗိုလ်အောင်ကျော်တို့အား အစဉ်ဂါရဝပြု လေးစားတန်ဖိုးထား ဦးထိပ်ထားပြီး ၎င်းတို့ရဲ့ ရည်မှန်းချက်များကို အခြေအနေနှင့် ကိုက်ညီစွာ ဆောင်ရွက်သွားပါမယ်။
- ကျွန်တော်တို့ပါတီကိုယ်စားလှယ်များ ဝင်ရောက်ယှဉ်ပြိုင်သည့် မြို့နယ်များမှာ–

မိုးကုတ်၊ ပြင်ဦးလွင်၊ မြစ်သား၊ ပျဉ်းမနား၊ ဇမ္ဗူသီရိ၊ ဒက္ခိဏ၊ လယ်ဝေး၊ ရေတာရှည်၊ မအူပင်၊ ကျိုက်လတ် ၁၀ မြို့နယ်မှ ကိုယ်စားလှယ်လောင်း (၁၅)ဦး ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီသည် အစိုးရဖွဲ့နိုင်အောင် အင်အားမရှိသေးသော်လည်း ရှိတဲ့အင်အားနှင့် သန့်ရှင်းသော၊ ကောင်းမွန်သော အစိုးရဖြစ်ပေါ်လာအောင် လွှတ်တော်ထဲတွင် သတ္တိရှိရှိ ဘက်ပေါင်းစုံ၊ နည်းပေါင်းစုံ ထိန်းကျောင်း၊ ထိန်းမတ်၍ အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဟု ခံယူထားပါသဖြင့် (အန်၊ ယူ၊ ဒီ) ပါတီကိုယ်စားလှယ်လောင်းများကို အရည်အချင်းရှိရင် မဖြစ်မနေ မဲထည့်ပေးကြပါလို့ တိုက်တွန်းမေတ္တာရပ်ခံအပ်ပါတယ်။

- ကျေးလက်လူထု ဆင်းရဲခြင်းမှ လွတ်ကင်းဖို့၊
- မတရားသိမ်းမြေပြန်ရရှိဖို့၊
- တတ်သိပညာရှင်များနှင့် လက်တွဲပူးပေါင်းဆောင်ရွက်နိုင်ဖို့၊
- မှန်(၇)မှန်ဖြစ်သော လူမှန်၊ နေရာမှန်၊ တာဝန်မှန်၊ စနစ်မှန်၊ အကျင့်မှန်၊ စိတ်ဓာတ်မှန်၊ လုပ်ဆောင်ချက်မှန် နည်းလမ်းများ ကျင့်သုံးနိုင်ဖို့ အန်၊ ယူ၊ ဒီ ကို မဲပေးကြပါ။

အန်၊ ယူ၊ ဒီပါတီ၏

လယ်ဝေးမြို့နယ်အတွင်း ဆောင်ရွက်ချက်များမှာ–

- မတရားသိမ်းဆည်းခံလယ်ယာမြေနှင့် ပတ်သက်၍ အေလာ၊ သဲကော်ကြီး၊ သော်မော်ကုန်း၊ ကြောင်ရေ၊ ကုသပိတ်၊ အေးချမ်းသာ၊ ပျံချီ၊ ညောင်မုတ်ဆိတ်၊ ရေကာ၊ ဘိုကတော်၊ စည်ပိုင်း နယ်မြေဒေသများတွင် မြေပြန်လည်ရရှိအောင် ကြိုးစားဆောင်ရွက်ပေးခဲ့ပါတယ်။
- ဆည်ရေရရှိရေးအတွက် ကြို့ကုန်းတောင်သူလယ်သမားများနှင့် လည်းကောင်း၊ သရက်ကုန်းတောင်သူလယ်သမားများနှင့် လည်းကောင်း ဖြေရှင်းဆောင်ရွက်ပေးခဲ့ပါတယ်။
- သစ်တောမြေနှင့်ပတ်သက်၍ ဇလီငှက်ကြီးတောင်၊ သစ်ကြိမ်၊ စံပြ၊ ဘိုကတော်ဒေသရှိ ပုံစံ(၇) ရရှိရေးအတွက် ကူညီဆောင်ရွက်ပေးခဲ့ပါတယ်။
- ကုန်သာ လမ်းကိစ္စ၊ သရက်ကုန်း မီးကိစ္စ၊ ကြို့ကုန်း မှတ်ပုံတင်ကိစ္စများကိုလည်း ကူညီဖြေရှင်း ဆောင်ရွက်ပေးခဲ့ပါတယ်။
- ပြည်ထောင်စုနယ်မြေတစ်ဝှမ်းလုံးဒေသရှိ အကူအညီတောင်းခံချက်အားလုံးကို ကူညီဆောင်ရွက်ပေးခဲ့ပါတယ်။
- မိုးကုတ်မြို့နယ်၊ လီဆူတိုင်းရင်းသားများ နိုင်ငံသားစစ်ဆေးရေးကတ် (၁၆၀၀) ရရှိအောင် ဆောင်ရွက်ပေးခဲ့ကြောင်း။
- ပြင်ဦးလွင်နှင့် မြန်မာနိုင်ငံအနှံ့အပြားတွင် မတရားသိမ်းဆည်းလယ်ယာမြေပြန်လည်ရရှိရေး ပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း။
- မြို့နယ်အလိုက် တင်ပြလာသော ဒေသဖွံ့ဖြိုးရေး လမ်း၊ တံတား၊ မီး၊ ကျောင်းများရရှိရေးကို လွှတ်တော်ထဲတွင် ကြယ်ပွင့်မပြမေးခွန်းဖြင့် တင်ပြတောင်းဆိုပေးခဲ့ပါတယ်။
- ၂၀၁၅ မှ ၂၀၁၆ ထိ တောင်သူလယ်သမား၊ အလုပ်သမား လူငယ်လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌအဖြစ် (၁) နှစ်ခန့် ထမ်းဆောင်ခဲ့ပါတယ်။
- (၁) အရန်ရိက္ခာထားရှိရေး အဆို၊ (၂) ခိုင်းကျွဲ၊ ခိုင်းနွား မရောင်းချစေရန်အတွက် ချေးငွေများ နှစ်တို/နှစ်ရှည် ထုတ်ချေးပေးရေးအဆို၊ (၃) သီးနှံဈေးနှုန်း၊ ဈေးကွက်ရရှိရေးနှင့် တောင်သူလယ်သမားများ ဈေးကွက်စနစ်ဖော်ဆောင်ပေးရေး အဆိုများကို တင်သွင်းခဲ့ပါတယ်။ လွှတ်တော်တွင် အင်အားနည်းသည့်အတွက် ရှုံးနိမ့်ခဲ့ပါတယ်။ လယ်သမားကိုယ်စားပြု ကိုယ်စားလှယ် လွှတ်တော်ထဲမှာ အင်အားများများရှိဖို့ လိုအပ်ပါတယ်။
- (အန်၊ ယူ၊ ဒီ) ပါတီကိုယ်စား မအူပင်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အနေဖြင့် ခြေဥပြင်ဆင်ရာတွင် ပုဒ်မပေါင်း (၄၂၀) စတုတ္ထအဆင့်အနေဖြင့် ဆောင်ရွက်ခဲ့ပါတယ်။

အန်၊ ယူ၊ ဒီ ပါတီမှ လွှတ်တော်အတွင်း ပြောကြားချက်များမှာ–

- ကျေးရွာသာယာမှ မြို့နယ်စည်ပင်ဖွံ့ဖြိုးမည်၊ မြို့နယ်စည်ပင်ဖွံ့ဖြိုးမှ နိုင်ငံဖွံ့ဖြိုးတိုးတက်စေပါတယ်။ ဒါကြောင့် ကျေးရွာသာယာအောင်၊ ဖွံ့ဖြိုးအောင် ပထမဦးစားပေး ဆောင်ရွက်ဖို့လိုအပ်ပါကြောင်း။
- တိုင်းပြည်စီးပွားရေးတိုးတက်ရန် အုပ်ချုပ်သူ၊ အုပ်ချုပ်ခံရသူ၊ စနစ်အကြောင်း တရား(၃)မျိုး အရေးကြီးကြောင်း၊ အစိုးရ၊ ပြည်သူ၊ စနစ်၊ ကောင်းမွန်မှု မရှိလျှင် အမေရိကန် တစ်နိုင်ငံသာမက သုံးနိုင်ငံလာကူညီလည်း ဆင်းရဲနေမှာဖြစ်ကြောင်း။
- တောင်သူလယ်သမားတွေရဲ့ အကျိုးစီးပွားနှင့် အခွင့်အရေးတွေကို ဘယ်လို၊ ဘယ်ပုံ၊ ဘယ်နည်း၊ ဘယ်စနစ်တွေနဲ့ ဆောင်ရွက်မယ်ဆိုတာ လုပ်ငန်းစဉ်တွေကို တိတိကျကျ ရှင်းရှင်းလင်းလင်း ဖော်ပြဆောင်ရွက်ဖို့ လိုအပ်ပါကြောင်း။




- ဒီမိုကရေစီအစိုးရအနေနဲ့ မတရားသိမ်းဆည်းထားတဲ့ လယ်ယာမြေတွေ ပြန်ပေးဖို့၊ လျော်ကြေးပေးဖို့ ဆောင်ရွက်ပေးရပါမယ်။ ကျားကိုစိတ်ချ၊ လက်ချ နွားကျောင်းခိုင်းလို့ မရပါကြောင်း ပြောကြားခဲ့ပါတယ်။
- လယ်ယာကဏ္ဍနှင့် ပတ်သက်၍ ဒီမိုကရေစီ စိုက်ပျိုးရေးအမြင်အရ ပြောရလျှင် အမြစ်ကြီးထွားရှင်သန်မှုကောင်းမှသာ ပင်စည်ကြီးထွားတုတ်ခိုင်စေပါတယ်။ ပင်စည်ကြီးထွားတုတ်ခိုင်မှသာ ကိုင်းများများဖြာစေပါတယ်။ ကိုင်းများများဖြာစေမှသာ အသီးအပွင့်များများဝေစေပါတယ်။ ဒီမိုကရေစီ အသီးအပွင့်များများရဖို့ အထူးလုပ်ဆောင်ဖို့လိုအပ်ပါကြောင်း။
- လယ်ယာမြေအသိမ်းခံတောင်သူလယ်သမားများမှာ ယခုအခါ "နတ်ကရာ ကျီးမော့ ကျီးကန်း၊ ပက်လက်မျော" အဖြစ်ဆိုး ဖြစ်နေကြပါကြောင်း။
- ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက်၊ စနစ်အဆက်ဆက်မှာ "လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ချီတက်မည်" ဟု အားရပါးရ အသံကျယ်ကျယ်ကြွေးကြော်ခဲ့တာ နှစ်ပေါင်း (၅၀)နီးပါး ရှိသော်လည်း ယနေ့အချိန်ထိ လက်တွေ့မလုပ်ဆောင်နိုင်သဖြင့် ဒုံးရင်း၊ ဒုံးရင်း အဆင့်ပဲ ရှိနေသေးပါကြောင်း လွှတ်တော်ထဲတွင် ပြောကြားခဲ့ပါတယ်။
- ကျေးလက်လူထု တောင်သူလယ်သမား၊ အလုပ်သမား၊ တတ်သိပညာရှင်များ ပူးပေါင်းပါဝင်၍ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု နိုင်ငံတော်တည်ထောင်နိုင်ဖို့ သန့်ရှင်းသော၊ စင်ကြယ်သော၊ ယုံကြည်ချက်ဖြင့် ထူထောင်ထားသော (အန်၊ ယူ၊ ဒီ) ပါတီသည် တောင်သူလယ်သမားအကျိုးကို လက်တွေ့အမှန်တကယ် ဆောင်ရွက်နေသော ပါတီစစ်စစ်ဖြစ်ပါကြောင်း၊ အပြောနှင့် အလုပ်ညီအောင် ဆောင်ရွက်နေသော ပါတီဖြစ်ပါကြောင်း၊ မတရားမြေသိမ်းမှုကို ဖြေရှင်းနေသော ပါတီဖြစ်ပါကြောင်း၊ မဲပေးမည်ဆိုပါက ကာကီမြေကြီးရောင်အလံ၊ လပြည့်ဝန်းနှင့် လယ်သမားဘေးမှာ အမှန်ခြစ်ပေးပါလို့ ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

## "အန်၊ ယူ၊ ဒီ"

(၃ မိနစ်)

CHO: ဟေး-----လာကြလာကြ၊ တွေးမနေနဲ့ ငေးမနေနဲ့ လာကြ (ပြည်သူ့အတွက် ပါတီအစစ်ဟာ အန်၊ ယူ၊ ဒီပါ)၂၊ (အန်၊ ယူ၊ ဒီ) ရှေ့ဆောင်မှာ။

ကျား (၁) တောင်သူလယ်သမားအလုပ်သမားအရေးနဲ့ ကျောင်းသားလူငယ်၊ မကျန်အောင် ကဏ္ဍအစုံအမျိုးမြတ်ကြလို့ တိုးတက်ကြဖို့ (အန်၊ယူ၊ဒီ)ကိုပဲ မဲပေးစို့။

ကျား+မ(၂) ဆင်းရဲသူကို ချမ်းသာအောင်၊ ဒုက္ခရောက်သူ ကူညီပေးမှာ အမှန်တရားလည်း ရရှိကြလို့ ပေးတဲ့ကတိတည်စေမှာ (အန်၊ယူ၊ဒီ) ကို မဲပေးကြစို့ကွာ။

(၃) လူတော်လူကောင်း လူမွန်များနဲ့ အပြောအလုပ်ညီစွာ (အန်၊ယူ၊ဒီ) ချီတက်မှာ။
တိုးတက်ကြဖို့၊ စည်းလုံးကြလို့ (အန်၊ယူ၊ဒီ)ကိုပဲ မဲပေးစို့......။

(၄) တတ်သိပညာရှင်များလည်းပါဝင် ပြည်သူ့ရဲ့အသံ ဦးထိပ်ပန်ဆင်၍ မျှော်လင့်ချက်ပြည့်ဝကြလို့ အကျိုးပြုလို့ ကယ်တင်မှာ (အန်၊ယူ၊ဒီ)ကို မဲပေးကြစို့ကွာ..။

## "သန္နိဋ္ဌာန်"

(၃:၃၀ စက္ကန့်)

လိုအပ်ချက်တွေ ဒီကွက်လပ်တွေဖြည့်ဆည်းဖို့ အမှောင်ယံကိုဖြိုခွင်း မြန်ပြည်တစ်ခွင်ချမ်းမြေ့ဖို့ သန်းခေါင်ယံမှာ ထွန်းလင်းခဲ့ပြီ.......
အလုပ်သမားများရယ် လယ်သမားများနဲ့ ညီညွတ်လို့ ပညာရှင်စုစည်း ဝန်ဆောင်ကာ အကျိုးပြုဖို့ (အန်၊ယူ၊ဒီ) မွေးဖွားခဲ့ပြီ။

CHO: ဒီအလံအောက်က ဒို့အဓိဋ္ဌာန် တည်ကြည်ကာလေးနက်ခြင်း ဖော်ဆောင်မည်။ မြန်ပြည်တစ်ခွင် တိုးတက်ဖို့အတွက်ရည် (အန်၊ယူ၊ဒီ) မွေးဖွားခဲ့ပြီ။

# အမြို့မြို့အနယ်နယ်၌ မဲရုံလုံခြုံရေး အထူးရဲသင်တန်းများဖွင့်လှစ်

**၂၀၂၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲကျင်းပရာတွင် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲရုံလုံခြုံရေးတာဝန်ထမ်းဆောင်မည့် အထူးရဲသင်တန်းများကို မြို့နယ်အသီးသီး၌ ဖွင့်လှစ်လျက်ရှိသည်။**

### ကသာ

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့တွင်၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ လုံခြုံရေးအတွက် အထူးရဲသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁ ရက်က ကသာမြို့ မီတာ ၄၀၀ အားကစားကွင်းအတွင်းရှိ ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကသာခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်သောင်းနှင့် ခရိုင်ကော်မရှင် ဥက္ကဋ္ဌ ဦးအံ့ကျော်တို့က အမှာစကားများပြောကြားပြီး အထူးရဲသင်တန်းသား ၁၁၀ တက်ရောက်သည်။ အဆိုပါ သင်တန်းကို အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်အထိ ပို့ချမည်ဖြစ်ကြောင်း သိရသည်။

**လူအောင်(ကသာ)**

### ရေကြည်

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်တွင် အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးနှင့် မဲဆန္ဒရှင်ပြည်သူများ လုံခြုံစိတ်ချစွာမဲပေးနိုင်ရေးအတွက် မဲရုံလုံခြုံရေးတာဝန်ထမ်းဆောင်ရန် အထူးရဲသင်တန်းကို အောက်တိုဘာ ၁ ရက်က ရုံးကွက်သစ် အမကကျောင်း၌ ဖွင့်လှစ်ခဲ့သည်။ သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းခိုင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ကံညွန့်က ဥပဒေအကြောင်း သိကောင်းစရာများ၊ ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေများ၊ ရွေးကောက်ပွဲဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ ရဲကျင့်ဝတ် ဘာသာရပ်များ၊ အထူးရဲတာဝန်များ၊ ပြစ်မှုဆိုင်ရာ ဥပဒေများနှင့် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။ အဆိုပါ အထူးရဲသင်တန်းကို ရေကြည်မြို့နယ်တွင် သုံးနေရာခွဲ၍ အောက်တိုဘာ ၁ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်လျက်ရှိပြီး တာဝန်ထမ်းဆောင်မည့် အထူးရဲတပ်ဖွဲ့ဝင် ၁၁၉ ဦး တက်ရောက်ကြကြောင်း သိရသည်။

**အောင်သူဟန်(ပြန်/ဆက်)**

### တောင်ကုတ်

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်အတွင်း ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုံခြုံရေးအထူးရဲသင်တန်းကို တောင်ကုတ်မြို့ ရဲရိပ်သာခန်းမ၌ အောက်တိုဘာ ၁ ရက်က ဖွင့်လှစ်ခဲ့သည်။ သင်တန်းဖွင့်ပွဲသို့ တောင်ကုတ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးစောမင်းသူ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမြင့်လွင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းနိုင်၊ ရဲတပ်ဖွဲ့ဝင်များနှင့် ရွေးကောက်ပွဲလုံခြုံရေး အထူးရဲသင်တန်းသား ၁၉၈ ဦး တက်ရောက်သည်။ အဆိုပါသင်တန်းကို အောက်တိုဘာ ၁ ရက်မှ ၈ ရက်အထိ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### မန္တလေး

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့ လေးစုရပ် အ.ထ.က (၁) ကျောင်းဝင်းအတွင်းရှိ "အမရအောင်" ခန်းမ၌ အောက်တိုဘာ ၁ ရက်က အထူးရဲသင်တန်းအမှတ်စဉ် (၁/၂၀၂၀) ဖွင့်ပွဲအခမ်းအနားကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် အမရပူရမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ကျော်နိုင်က သင်တန်းဖွင့်အမှာစကားပြောကြားကာ ရွေးကောက်ပွဲနှင့်ပတ်သက်၍ လုံခြုံရေးဆိုင်ရာများ၊ နည်းဥပဒေများအား ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါ သင်တန်းသို့ ဌာနဆိုင်ရာအရာရှိများ၊ နည်းပြနှင့်သင်တန်းသား စုစုပေါင်း ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(မန်းကိုယ်ပွား)**

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်**
**စွမ်းအင်လည်းရ၊ ပြည်လည်းလှ**

# မြို့နယ်များ၌ မဲဆန္ဒရှင်စာရင်းများကို ဒုတိယအကြိမ်(နောက်ဆုံးအကြိမ်) ထုတ်ပြန်ကြေညာ

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်စာရင်းများကို ဇူလိုင် ၂၅ ရက်မှစ၍ ဩဂုတ် ၁၄ ရက်အထိ ပထမအကြိမ် ကပ်ထားကြေညာခဲ့ပြီးနောက် ပြင်ဆင်ရန်ရှိသည်များကို ပြင်ဆင်ပြီးသည့် ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများကို အောက်တိုဘာ ၁ ရက်မှစ၍ မြို့နယ်အသီးသီးရှိ ရပ်ကွက်/ကျေးရွာအုပ်စုများနှင့် ကျေးရွာများမှ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာပေးနေပြီဖြစ်ကာ အောက်တိုဘာ ၁၄ ရက် အထိ ကပ်ထားမည်ဖြစ်ပြီး ပြည်သူများအနေဖြင့် မိမိတို့အမည် မပါရှိသေးခြင်း အပါအဝင် ပြင်ဆင်ရမည့် အချက်များကို သွားရောက်ကြည့်ရှု ပြင်ဆင်နိုင်မည် ဖြစ်သည်။

### တောင်ကြီး

ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုနှင့် ကျေးရွာများတွင် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာမှုကို တောင်ကြီးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မရှင်အဖွဲ့ခွဲဝင်များက အောက်တိုဘာ ၁ ရက်က ကွင်းဆင်းကြည့်ရှုသည်။

ပြည်သူများအနေဖြင့် မဲဆန္ဒရှင်စာရင်းတွင် မိမိအမည် မပါဝင်သေးပါက ပုံစံ-၃ ဖြင့် အမည်ထည့်သွင်းရန် တောင်းဆိုခြင်း၊ အခြားဒေသများမှ လာရောက်နေထိုင်သူများ ဖြစ်ပါက ပုံစံ-၃(က)ဖြင့် လျှောက်ထားခြင်း၊ မဲစာရင်းတွင် မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ-၄ ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်းပါ အချက်အလက်များ မှားယွင်းနေပါက ပုံစံ-၄(ဂ)ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်းများကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။ တောင်ကြီးမြို့နယ်၌ လက်ရှိစာရင်းအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ ၃၁၉၁၂၇ ဦးရှိပြီး မဲရုံပေါင်း ၂၄၅ ရုံ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **စိုင်းသန်းကျော်(တောင်ကြီး)**



### ကွတ်ခိုင်

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်၌ ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများကို အောက်တိုဘာ ၁ ရက်က သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုများရှိ ကော်မရှင်အဖွဲ့ခွဲရုံးများ၌ စတင် ကပ်ထားကြေညာပေးရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ကွတ်ခိုင်မြို့နယ်၌ နောက်ဆုံးအကြိမ် ကပ်ထားကြေညာသည့် မဲဆန္ဒရှင်စာရင်းအရ မဲပေးပိုင်ခွင့်ရှိသူ ၁၂၉၇၀၇ ဦးရှိပြီး လျာထားမဲရုံ ၁၃၄ ရုံ ရှိကြောင်း သိရသည်။ **ကိုမိုင်း(ပြန်/ဆက်)**

### ဖယ်ခုံ

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ်၌ ဒုတိယအကြိမ် (နောက်ဆုံးအကြိမ်)မဲဆန္ဒရှင်စာရင်းများကို အောက်တိုဘာ ၁ ရက်မှစတင်၍ ကပ်ထားပြီး ပြည်သူများအနေဖြင့် မဲဆန္ဒရှင်စာရင်းများ ကြေညာထားမှုတွင် မိမိတို့အမည် ပါဝင်ခြင်းရှိမရှိကို သိရှိနိုင်ရန်အတွက် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် သွားရောက်ကြည့်ရှုကြရန် မြို့နယ်ကော်မရှင်က နှိုးဆော်ထားသည်။ ဖယ်ခုံမြို့နယ်၌ ရွေးကောက်ပွဲကျင်းပရန်အတွက် မဲရုံပေါင်း ၁၁၀ ထားရှိသွားမည်ဖြစ်ပြီး လက်ရှိစာရင်းအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ ၆၆၀၅၀ ရှိကြောင်း သိရသည်။ **မီရယ်(ပြန်/ဆက်)**

### ဇမ္ဗူသီရိ

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်းမှ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများတွင် မဲဆန္ဒနယ်မြေအလိုက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်များ၏ စာရင်းများကို ဒုတိယအကြိမ်(နောက်ဆုံးအကြိမ်)အဖြစ် ကပ်ထားကြေညာပေးလျက်ရှိပြီး လက်ရှိ ကပ်ထားသည့် စာရင်းများအရ ဇမ္ဗူသီရိမြို့နယ်အတွင်း ရပ်ကွက် ၁၂ ခုနှင့် ကျေးရွာအုပ်စု နှစ်စုတွင် ဆန္ဒမဲပေးခွင့်ရှိသူ ၈၅၁၃၃ ဦးနှင့် မဲရုံ ၄၅ ရုံရှိမည်ဖြစ်ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### နတ်မောက်


မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်အတွင်း ကပ်ထားသည့် ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းအရ မဲပေးပိုင်ခွင့်ရှိသူ ၁၉၀၀၀၀ ကျော်ရှိပြီး မဲရုံပေါင်း ၂၈၁ ရုံ ပြင်ဆင်ထားကြောင်း သိရသည်။ ယခု မဲဆန္ဒရှင်စာရင်း ကပ်ထားခြင်းသည် မဲစာရင်းစစ်ဆေးရန် နောက်ဆုံးအခွင့်အရေးဖြစ်သဖြင့် မဲဆန္ဒရှင်များအနေဖြင့် လာရောက်စစ်ဆေးကြရန် အထူးလိုအပ်ကြောင်း၊ မဲဆန္ဒရှင်များ၏ အခက်အခဲ၊ လိုအပ်ချက်များကို မြို့နယ်ကော်မရှင်အဖွဲ့ဝင်များက ကွင်းဆင်းစစ်ဆေးပေးလျက်ရှိကြောင်း သိရသည်။ **လှဝင်း(နတ်မောက်)**

### ကျောက်တံခါး

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ ဒုတိယအကြိမ် (နောက်ဆုံးအကြိမ်)အဖြစ် မဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာမှု အခြေအနေများကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက အောက်တိုဘာ ၁ ရက်က လိုက်လံကြည့်ရှုစစ်ဆေးသည်။

ကျောက်တံခါးမြို့နယ်တွင် ယခု ကပ်ထားကြေညာထားသည့် မဲဆန္ဒရှင်စာရင်းအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၀၀၄၅၄ ဦးရှိပြီး မဲရုံပေါင်း ၂၁၁ ရုံ ဖွင့်လှစ်သွားရန် လျာထားကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**






# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ဝေသည့် လက်ကမ်းစာစောင်နှင့် ပိုစတာစောင်ရေ ၃၀၀၀ ကို တောင်တွင်းကြီးမြို့၌ ပြည်သူများထံဖြန့်ဝေ

**တောင်တွင်းကြီး အောက်တိုဘာ ၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ဝေထားသည့် လက်ကမ်းစာစောင်နှင့် ပိုစတာစောင်ရေ ၃၀၀၀ ကို မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ မြို့လယ်လမ်းဆုံ၌ အောက်တိုဘာ ၂ ရက်က ပြည်သူများထံ လိုက်လံဖြန့်ဝေပေးခဲ့သည်။

အဆိုပါ လက်ကမ်းစာစောင်တွင် "သင့်အမည် မဲစာရင်းမှာ ပါ/မပါ စစ်ဆေးပြီးပြီလား၊ အတူတကွ မဲပေးကြပါစို့၊ မဲဆန္ဒရှင်စာရင်း သွားရောက်စစ်ဆေးရန် သင့်မှာ အချိန်မရှိ/အချိန်မလုံလောက် ဖြစ်နေပါသလား၊ အွန်လိုင်းကနေ စစ်ဆေးလိုက်ပါ၊ ဘေးကင်းလုံခြုံစွာနေပါ၊ သင်ကဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ဖြစ်ပါသလား၊ မဲစာရင်း စစ်ဆေးပါ၊ သွားရောက် ဆန္ဒမဲပေးပါ၊ သတိရပါ" စသည့်အချက်များ ဖော်ပြပါရှိကြောင်း သိရသည်။

ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးနိုင်ရန်အတွက် မဲပေးပိုင်ခွင့်ရှိသူ အမည်စာရင်းများကို မြို့နယ်အသီးသီး၌ အောက်တိုဘာ ၁ ရက်မှ ၁၄ ရက်အထိ ဒုတိယအကြိမ် (နောက်ဆုံးအကြိမ်) အဖြစ် ကပ်ထားကြေညာနေပြီဖြစ်၍ ပြည်သူများအနေဖြင့် ဆန္ဒမဲပေးခွင့် မဆုံးရှုံးရအောင် မဲဆန္ဒရှင်စာရင်းများကို သွားရောက်ကြည့်ရှုရန် အသိပေးသည့် လက်ကမ်းစာစောင်နှင့် ပိုစတာများကို လက်ဝယ်အရောက် ဖြန့်ဝေပေးရခြင်းဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် မဲစာရင်းတွင် မိမိအမည် ပါ/မပါ သွားရောက်ကြည့်ရှုရမည့် အသိရှိစေရန်နှင့် ပြည့်စုံမှန်ကန်သည့် မဲစာရင်းများဖြစ်စေရေး လှုံ့ဆော်အသိပေးရခြင်းဖြစ်ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်သာက ပြောကြားသည်။

လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းကို တောင်တွင်းကြီးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်မြင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကျော်သာနှင့် အဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရှမ်းပြည်နယ် ကြက်ခြေနီအသင်းအတွက် တရုတ်နိုင်ငံက ပိုးသတ်ဆေးရည်ဘူး ၁၀၀၀ လာရောက်လှူဒါန်း

**မူဆယ် အောက်တိုဘာ ၂**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ရှမ်းပြည်နယ်အတွင်းရှိ ကြက်ခြေနီအသင်းများအတွက် တရုတ်နိုင်ငံ တက်ဟုန်ပြည်နယ်ခွဲ ကြက်ခြေနီအသင်းက ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး လုပ်ငန်းများတွင် အသုံးပြုရန် ကျန်းမာရေးအထောက်အကူပြု ပစ္စည်းဖြစ်သည့် ပိုးသတ်ဆေးရည်ဘူး စုစုပေါင်း ၁၀၀၀ ကို ယနေ့ နံနက်က မူဆယ်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံ အဝင်/အထွက်ဂိတ် (နန်းတော်ဂိတ်) ၌ လာရောက်လှူဒါန်းသည်။

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးအထောက်အကူပြု ပိုးသတ်ဆေးများကို တက်ဟုန်ပြည်နယ်ခွဲ ကြက်ခြေနီအဖွဲ့က အထွေထွေအတွင်းရေးမှူး Mr Xiao Huang Ruili ဦးဆောင်သည့်အဖွဲ့မှ လာရောက်ပေးအပ်လှူဒါန်းရာ မူဆယ်ခရိုင် ကြက်ခြေနီ ကြီးကြပ်ရေးကော်မတီအဖွဲ့ နာယကဦးအယ်လ်စိုးထန်တူးနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက လက်ခံခဲ့ပြီး**(ဝဲအောက်ပုံ)** ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လာရောက်ပေးအပ်လှူဒါန်းမှုအပေါ် ပြည်နယ်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။



အဆိုပါ ကျန်းမာရေးအထောက်အကူပြု ပိုးသတ်ဆေးရည်ဘူး ပေးအပ်လှူဒါန်းရာသို့ မူဆယ်ခရိုင် ကြက်ခြေနီ ကြီးကြပ်ရေး ကော်မတီအဖွဲ့ဝင်များ၊ မူဆယ်မြို့ ကြက်ခြေနီအသင်း၊ မူဆယ်မြို့ (၁၀၅)မိုင် ကြက်ခြေနီအသင်းနှင့် နမ့်ခမ်းကြက်ခြေနီ အသင်းတို့ တက်ရောက်ကြပြီး ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် ရှမ်းပြည်နယ်အတွင်းရှိ ကြက်ခြေနီအသင်းများထံသို့ပိုးသတ်ဆေးရည်ဘူးများကို ခွဲဝေပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

**သန့်ဇင် (မူဆယ်)**

❖ *ကျောဖုံးမှ*

ယင်းနောက် အဆိုပါ နှာခေါင်းစည်း ၁၀၀၀၀ ကို ကန့်ဘလူမြို့နယ်စီမံခန့်ခွဲမှုကော်မတီ နှင့် ကျွန်းလှမြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့ထံ နှာခေါင်းစည်း ၅၀၀၀ စီ ခွဲဝေလွှဲပြောင်းပေးအပ်ခဲ့ကြောင်းသိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



# MNL လအလိုက် အကောင်းဆုံးဆုကို ရှမ်းယူနိုက်တက် နည်းပြချုပ် ဦးအောင်နိုင်နှင့် ဂိုးသမား မျိုးမင်းလတ် ရရှိ

**ရန်ကုန် အောက်တိုဘာ ၂**

မြန်မာနေရှင်နယ်လိဂ်က ရွေးချယ်ချီးမြှင့်သည့် ၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ၏ စက်တင်ဘာလနှင့် အောက်တိုဘာလအတွက် လအလိုက်အကောင်းဆုံးဆုကို ရှမ်းယူနိုက်တက်အသင်းနည်းပြချုပ် ဦးအောင်နိုင်နှင့် ဂိုးသမား မျိုးမင်းလတ်တို့က ရရှိခဲ့သည်။

ယင်းဆုများကို အောက်တိုဘာ ၁ ရက်က ကျင်းပသည့် ရှမ်းယူနိုက်တက်နှင့် ရတနာပုံပွဲအပြီးတွင် ချီးမြှင့်ခဲ့ပြီး အကောင်းဆုံးနည်းပြဆုရ ဦးအောင်နိုင် (ရှမ်းယူနိုက်တက်) ကို ဆုတံဆိပ်နှင့် ဆုကြေးကျပ်တစ်သိန်းခွဲ၊ အကောင်းဆုံးကစားသမားဆုရ မျိုးမင်းလတ်(ရှမ်းယူနိုက်တက်) ကို ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် နှစ်သိန်းကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင် ဦးခွန်နောင်မြင့်ဝေနှင့် မြန်မာနေရှင်နယ်လိဂ် အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်တို့က ပေးအပ်ချီးမြှင့်ခဲ့သည်။ ဦးအောင်နိုင်သည် လအလိုက်အကောင်းဆုံးဆုကို နှစ်လဆက်တိုက်ရရှိခဲ့ပြီး ဂိုးသမား မျိုးမင်းလတ်မှာမူ ကစားသမားဘဝတစ်လျှောက် ပထမဆုံးရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ်သည် လက်ကျန်ပွဲများကို ဆက်တိုက်ကစားရသောကြောင့် ပွဲစဉ်လေးခုအပြီး တစ်ကြိမ်ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး စက်တင်ဘာလနှင့် အောက်တိုဘာလအတွက် အကောင်းဆုံးဆုကို ပွဲစဉ် (၁၇) မှ (၂၀) အထိကျင်းပသည့် လေးပွဲအပေါ် တွက်ချက်ကာ ချီးမြှင့်ခဲ့ခြင်း ဖြစ်သည်။

ယခုရာသီတွင် လအလိုက်အကောင်းဆုံးဆု ငါးကြိမ်ချီးမြှင့်ခဲ့ပြီး ဇန်နဝါရီလအတွက် နည်းပြဆုကို ဦးမျိုးမင်းထွန်း (ဟံသာဝတီ)၊ ကစားသမားဆုကို ဒိုနယ် (ဟံသာဝတီ)၊ ဖေဖော်ဝါရီလအတွက် နည်းပြဆုကို ဦးတင်မောင်ထွန်း (ရန်ကုန်)၊ ကစားသမားဆုကို မောင်မောင်လွင် (ရန်ကုန်)၊ မတ်လနှင့် ဩဂုတ်လအတွက် နည်းပြဆုကို ဦးမျိုးမင်းထွန်း (ဟံသာဝတီ)၊ ကစားသမားဆုကို ဒေးဗစ်ဒန်း (ရှမ်း)၊ စက်တင်ဘာလအတွက် နည်းပြဆုကို ဦးအောင်နိုင် (ရှမ်း)၊ ကစားသမားဆုကို ဟိန်းထက်အောင် (ဟံသာဝတီ)၊ စက်တင်ဘာလနှင့် အောက်တိုဘာလအတွက် နည်းပြဆုကို ဦးအောင်နိုင် (ရှမ်း)နှင့် ကစားသမားဆုကို မျိုးမင်းလတ် (ရှမ်း) တို့က ရရှိခဲ့သည်။ **ညီမြတ်သော်တာ**

# မိန်းကလေးတစ်ဦးကို လူကုန်ကူးခဲ့သူ ငါးဦးအား ထောင်ဒဏ် ၁၂ နှစ်စီ ပြစ်ဒဏ်ချ

**နေပြည်တော် အောက်တိုဘာ ၂**

မြန်မာမိန်းကလေးတစ်ဦးအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန်စီစဉ်ခဲ့သူများကို မူဆယ်ခရိုင်တရားရုံးက လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရ ထောင်ဒဏ် ၁၂ နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နေ ဒေါ်ဌေးဌေးမြင့်၊ မနှင်းရတီဝင်း(ခ) ရတီ၊ မမိုးမိုးနှင့် ကျော်သက်ခိုင်(ခ)စမိုင်း၊ ရှမ်းပြည်နယ် မူဆယ်မြို့နယ်နေ ဒေါ်နန်းမြစိန်(ခ)ဒေါ်မြစိန် တို့သည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ မ---- (၁၆ နှစ်) အား ဘဝရပ်တည်ရန်ခက်ခဲမှုကို အခွင့်ကောင်းယူ၍ တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့မှုအတွက် မူဆယ်မြို့မရဲစခန်းက အမှုဖွင့်လှစ်ခဲ့ပြီး မူဆယ်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ စက်တင်ဘာ ၃၀ ရက်တွင် တရားခံများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/ ၃၂ အရ ထောင်ဒဏ် ၁၂ နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။ **ရဲပြန်ကြား**

# လားရှိုးမြို့တွင် မူးယစ်ဆေးဝါးဖမ်းဆီးရာ၌ ပြန်လည်ခုခံသောကြောင့် ပစ်ခတ်ဖမ်းဆီးရပြီး တရားခံတစ်ဦးသေဆုံး

**နေပြည်တော် အောက်တိုဘာ ၂**

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရာတွင် ပြန်လည်ခုခံ၍ ရဲတပ်ဖွဲ့ဝင်များက ပစ်ခတ်ဖမ်းဆီးခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့မွန်းလွဲပိုင်းတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သတင်းအရ လားရှိုးမြို့ အမှတ်(၅)ရပ်ကွက် နယ်မြေ(၂) ခိုင်ရွှေဝါလမ်း အမှတ်(၈/၂/၁၂၈) နေ နော်အောင်(ခ)လမုန်နော်အောင်၏ နေအိမ်ကိုဝင်ရောက်ရှာဖွေစဉ် နေအိမ်ဧည့်ခန်း၌ အိမ်ရှင်နှင့်အတူ စိုင်းနော်(ခ)ဒီလာနှင့် ခွန်ဖုန်းတို့ကိုတွေ့ရှိပြီး ငြိမ်နေရန်နှင့် အိမ်ရှာဖွေစစ်ဆေးမည်ဖြစ်ကြောင်း ပြောကြားနေစဉ် အိမ်ရှင် နော်အောင်(ခ) လမုန်နော်အောင်က အရိုးအသွား ၂၆ လက်မခန့်ရှိ ဓားဦးချွန်ဖြင့် ဦးဆောင်ဖမ်းဆီးသူ ရဲအရာရှိအား ဝင်ခုတ်သဖြင့် လုံခြုံရေးအဖွဲ့က ပထမတစ်ချက် သတိပေးပစ်ခတ်ခဲ့ရကြောင်း၊ နော်အောင်(ခ) လမုန်နော်အောင်က ဆက်လက်ရန်ပြုတိုက်ခိုက်မှုများ ပြုလုပ်ခြင်းနှင့် ရဲအရာရှိ၏ ပစ္စတိုသေနတ်ကို လုယူရန်ကြိုးစားလာခဲ့သဖြင့် တစ်ချက်ထပ်မံပစ်ခတ်ခဲ့ရာ ၎င်း၏ဝဲဘက်ရင်ညွန့်ကျည်ထိမှန်ခဲ့ပြီး ရရှိသောဒဏ်ရာဖြင့် သေဆုံးခဲ့ကြောင်း၊ ၎င်း၏နေအိမ်မှ ဘိန်းဖြူ ၈၀ ဒသမ ၉ ဂရမ် (တန်ဖိုးငွေကျပ် ၁၂ ဒသမ ၁၃၅ သိန်း)၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ (တန်ဖိုးငွေကျပ် သိန်း ၃၀)တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း။

မူးယစ်ဆေးဝါးများတားဆီးနှိမ်နင်းရေးနှင့် ဖမ်းဆီးရေးဆောင်ရွက်ရာတွင် အချို့က ပြန်လည်ခုခံတုံ့ပြန်မှုများကြောင့် ရဲတပ်ဖွဲ့ဝင်များအနေဖြင့်လည်း ထိခိုက်သေကျေ၊ ဒဏ်ရာရရှိမှုများရှိနေသဖြင့် ဖြစ်ပေါ်လာသည့် အခြေအနေအား အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်



စိုင်းနော်(ခ)ဒီလာ၊ ခွန်ဖုန်း တို့အား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့် အတူတွေ့ရစဉ်။

❒ *ကျောဖုံးမှ*

၁၁ ဂိုး သွင်းယူပေးထားနိုင်သူဖြစ်သည်။ ရှက်ဖီးအသင်းသည် ယခုနှစ်ရာသီ ပရီမီယာလိဂ်တွင် သုံးပွဲ ယှဉ်ပြိုင်ကစားပြီး သုံးပွဲစလုံးရှုံးနိမ့်ထားသည့် အသင်းဖြစ်သည်။ ထို့အပြင် ရှက်ဖီးအသင်းသည် အဆိုပါ သုံးပွဲတွင် လေးဂိုးခွင့်ပြုပေးထားရပြီး ဂိုးရရှိထားခြင်းမရှိသေးပေ။

ဘရူစတာကို အက်စ်တွန်ဗီလာ၊ ဘရိုက်တန်၊ ဘန်လေ၊ ခရစ္စတယ်ပဲလေ့စ်၊ ဖူလ်ဟမ်၊ နယူးကာဆယ် စသည့်အသင်းများက အဆိုပါ ကစားသမားကို အငှားခေါ်ယူရန် စိတ်ဝင်စားနေသည့်အတွက် စုံစမ်းမှုပြုလုပ်ထားသော်လည်း ရှက်ဖီးအသင်းသို့ ပြောင်းရွှေ့ရန် သဘောတူညီခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရှက်ဖီးအသင်း၏ လာမည့်ပွဲစဉ်အဖြစ် အောက်တိုဘာ ၄ ရက်တွင် ပရီမီယာလိဂ် ပွဲစဉ် (၄) အဖြစ် အာဆင်နယ် အိမ်ကွင်း အမ်းမရိတ်သို့ သွားရောက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **အောင်ဇော်**

# မိုးညှင်းနှင့် မိုင်းဆတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁ ရက် နံနက်ပိုင်းက မိုးညှင်းမြို့နယ် မိုင်းနောင်ကျေးရွာနေ မချစ်နု၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၀၀၂ ကီလိုနှင့် စိတ်ကြွရူးသွပ် ဆေးပြား ၅၅ ပြားတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ အဆိုပါ ကျေးရွာရှိလမ်း၌ မဆောင်းကြည်အား ဘိန်းဖြူ သုည ဒသမ ၀၀၉ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၇၅၅ ပြားတို့ဖြင့်လည်းကောင်း၊ ဆက်လက်၍ ၎င်းကျေးရွာနေ မလှညို၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀ တို့ကိုလည်းကောင်း၊ အလားတူယင်းနေ့ နံနက် ၁၁ နာရီခန့်က လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မိုင်းဆတ်မြို့နယ် မယ်ကြုတ်ကျေးရွာ၏ အနောက်မြောက်ဘက်ရှိ တောအတွင်း၌ မြေကြီးအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား (ရေစိုပျက်စီး) ၉၅ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးမှုန့် ၁၃၈ ကီလိုကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ယူအီးအက်ဖ်အေ ချန်ပီယံလိဂ်နှင့် ယူရိုပါလိဂ် အုပ်စုပွဲစဉ်များမဲခွဲ

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ၃၂ သင်းအဆင့် အုပ်စုပွဲစဉ်များကို အောက်တိုဘာ ၁ ရက်တွင် မဲနှိုက်ရွေးချယ်ခဲ့သည်။

ချန်ပီယံလိဂ် ၃၂ သင်းအဆင့်တွင် အုပ်စုရှစ်အုပ်စုခွဲကာ တစ်အုပ်စုတွင် လေးသင်းပါဝင်ခဲ့သည်။ အုပ်စု(က)တွင် လက်ရှိချန်ပီယံ ဘိုင်ယန်မြူးနစ်၊ အက်သလက်တီကို၊ ဆာ့လ်ဘတ်၊ လိုကိုမိုးတစ်မော်စကိုနှင့် အုပ်စု(ခ)တွင် ရီးရဲမက်ဒရစ်၊ ရှက်တာဒိုးနက်ခ်၊ အင်တာမီလန်၊ မိုချန်ဂလာဘတ်နှင့် အုပ်စု(ဂ)တွင် ပေါ်တို၊ မန်စီးတီး၊ အိုလံပီယာကို့စ်၊ မာဆေးတို့ တွေ့ဆုံခဲ့ပြီး အုပ်စု(ဃ)တွင် လီဗာပူး၊ အိုင်းယက်စ်၊ အတ္တာလန္တာ၊ မစ်ဂျယ်လန်းနှင့် အုပ်စု(င)တွင် ဆီဗီလာ၊ ချယ်ဆီး၊ ခရက်စ်နိုဒါ၊ ရန်းနက်စ်တို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အုပ်စု(စ)တွင် ဇင်းနစ်၊ ဒေ့မွန်၊ လာဇီယို၊ ကလပ်ဘရုနှင့် အုပ်စု(ဆ)တွင် ဂျူဗင်တပ်စ်၊ ဘာစီလိုနာ၊ ဒိုင်နမိုကိဗ်၊ ဖာရန်စီဗားရို့စ်နှင့် အုပ်စု(ဇ)တွင် ပီအက်စ်ဂျီ၊ မန်ယူ၊ လိုက်ပ်ဇစ်နှင့် အစ္စတန်ဘူလ်တို့ တွေ့ဆုံခဲ့သည်။

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် အုပ်စုပွဲစဉ်များ မဲခွဲအပြီးတွင် ၂၀၁၉-၂၀၂၀ အကောင်းဆုံးကစားသမားများ ဆုပေးပွဲကျင်းပခဲ့ပြီး အကောင်းဆုံး တိုက်စစ်မှူးကို ဘိုင်ယန်မြူးနစ်မှ လီဝမ်ဒေါစကီးက ရရှိခဲ့ပြီး အကောင်းဆုံးနည်းပြဆုကို ဘိုင်ယန်နည်းပြ ဟန်စ်ဒီတာဖလစ်က ရရှိခဲ့ကာ အကောင်းဆုံးခံစစ်ကစားသမားဆုကို ကင်မစ်ချ်က ရရှိခဲ့သည်။ ကွင်းလယ်အကောင်းဆုံးဆုကို မန်စီးတီးမှ ဒီဘရိုင်းကရရှိခဲ့ပြီး အကောင်းဆုံးဂိုးသမားဆုကို ဘိုင်ယန်မြူးနစ်မှ နူအာက ရရှိခဲ့သည်။

ယူအီးအက်ဖ်အေ ယူရိုပါလိဂ် ၄၈သင်းအဆင့် အုပ်စုပွဲစဉ်များကိုလည်း အောက်တိုဘာ ၂ ရက် သောကြာနေ့ ညနေပိုင်းတွင် မဲနှိုက်ရွေးချယ်ခဲ့သည်။

**သီဟ**

၂၀၂၀ ပြည့်နှစ်၊ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့

INTERNATIONAL DAY FOR DISASTER RISK REDUCTION (2020)

"ပေါင်းစည်းညီညွတ်သော စီမံဆောင်ရွက်မှုမှသည် သဘာဝဘေးလျော့ပါးရေးဆီသို့"

"It's All About Governance"

အောက်တိုဘာလ(၁၃)ရက်

## မော်လမြိုင်မြို့နယ် မဉ္ဇူမြိုင်သမဝါယမအသင်းလီမိတက်မှ ချေးငွေ ထုတ်ချေးပေး

**မော်လမြိုင် အောက်တိုဘာ ၂**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် မဉ္ဇူမြိုင်အထွေထွေရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်သည် ကိုဗစ်-၁၉ ကာလအတွင်း စားဝတ်နေရေးအဆင်ပြေစေရန်အတွက် အသင်းသားများအား အရစ်ကျချေးငွေများကို ယနေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက်ရှိ မဉ္ဇူမြိုင်သမဝါယမအသင်းရုံးတွင် ထုတ်ချေးပေးသည်။

ထိုသို့ ထုတ်ချေးပေးရာတွင် မဉ္ဇူမြိုင်အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းဥက္ကဋ္ဌ ဒေါ်ရီမေနှင့် တာဝန်ရှိသူများက အသင်းသားတစ်ဦးလျှင် ချေးငွေကျပ် သုံးသိန်းနှုန်းဖြင့် အသင်းသားစုစုပေါင်း ၁၃၅ ဦးအတွက် ချေးငွေကျပ် ၄၀၅ သိန်းကို ၁၀ လဆပ် အရစ်ကျစနစ်ဖြင့် ထုတ်ချေးပေးကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မြရတနာ(စက္ကူ) ကုန်ထုတ်သမဝါယမအသင်း ဖွဲ့စည်း

**မြင်းခြံ အောက်တိုဘာ ၂**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် အမှတ်(၁၉)ရပ်ကွက် စက်မှုဇုန်တွင် မြရတနာ (စက္ကူ)ကုန်ထုတ်သမဝါယမအသင်းလီမိတက်အသစ် ဖွဲ့စည်းရေး အခမ်းအနားကို စက်တင်ဘာလ နောက်ဆုံးပတ်က ပြုလုပ်သည်။

ထိုအသင်းမှ ကုန်ထုတ်လုပ်ငန်းအနေဖြင့် ကျောင်းသုံးစာအုပ်များ၊ ရုံးသုံးစက္ကူများ၊ စက်ရုံ၊ အလုပ်ရုံသုံး စက္ကူများ၊ ထုပ်ပိုးစက္ကူများထုတ်လုပ်မည်ဖြစ်ကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းအနေဖြင့် ထုတ်လုပ်ပြီးစက္ကူများအား ပြည်တွင်းလုပ်ငန်းရှင်များထံသို့ ဖြန့်ဖြူးရောင်းချခြင်း၊ မော်တော်ယာဉ်ဖြင့် လှည့်လည်ရောင်းချခြင်း၊ သမဝါယမအသင်း အချင်းချင်း ချိတ်ဆက်ရောင်းချခြင်း လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဝန်ဆောင်မှုလုပ်ငန်းအနေဖြင့် လုပ်ငန်းရှင်များက မှာယူလိုသော စက္ကူများ၊ ထုပ်ပိုးစက္ကူများကို ထုတ်လုပ်၍ ဝန်ဆောင်မှုပေးမည် ဖြစ်ကြောင်း၊ သမဝါယမအသင်း အဆင့်ဆင့်နှင့် ချိတ်ဆက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## (၁၂၈) ကြိမ်မြောက် သွေးလှူ

**ရန်ကုန် အောက်တိုဘာ ၂** - ရန်ကုန်မြို့နေ "စန်းမောင်မြင့် ဒါနဥပပါရမီ သွေးလှူကုသိုလ်ဖောင်ဒေးရှင်း" တည်ထောင်သူနှင့် ဥက္ကဋ္ဌဖြစ်သူ ဦးစန်းမောင်မြင့် (နန်းဦးလွင်-M.A Japan၊ လူမှုထူးချွန်-ပထမဆင့်) (ဆရာစောယွမ်း Freelance English Interpreter & Translator) သည် စက်တင်ဘာ ၂၇ ရက်က ရန်ကုန်မြို့ အမျိုးသားသွေးဌာန၌ ၎င်းစည်းရုံးစုစည်းထားသော အခြားသွေးလှူရှင် ၂၄၆ ဦးတို့နှင့် အတူ ကိုဗစ်-၁၉ စည်းမျဉ်းများနှင့်အညီ စေတနာအလျောက် (၁၂၈) ကြိမ်မြောက် သွေးလှူဒါန်းကြောင်း သိရသည်။

သတင်းစဉ်






## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot - line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂ - ၁၀ - ၂၀၂၀

### ရွှေ

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၃၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၅၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၃၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၅၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၂၅/၅၅၅ | ကျပ် | ၅၅၅/၅၆၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၃၅/၅၆၅ | ကျပ် | ၅၇၀/၅၈၀ | ကျပ် |
| အောက်တိန်း ၉၂ | ၄၇၅/၅၀၅ | ကျပ် | ၅၃၅/၅၄၅ | ကျပ် |
| အောက်တိန်း ၉၅ | ၆၀၀/၆၂၀ | ကျပ် | ၆၆၀/၆၈၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၀၆ . ၇ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၃၁ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၅၇ . ၇၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၆၉၁ . ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၄၂ . ၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၃၄ . ၄၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၂ . ၄၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၇ . ၇၉၇ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၂ . ၂၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၁၃ . ၉၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၁ . ၃၃၂ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၅၀၀ | ၁၀၀၀၀ | ၃၇၆၁ | ၃၇၆၃၈၅၀၀ |
| MTSH | ၃၇၀၀ | ၃၇၅၀ | ၄၀၂၉ | ၁၄၈၇၀၅၅၀ |
| MCB | ၈၀၀၀ | ၀ | ၀ | ၀ |
| FPB | ၂၁၀၀၀ | ၂၂၀၀၀ | ၂၁၈၄ | ၄၇၅၁၆၅၀၀ |
| TMH | ၂၇၅၀ | ၂၇၀၀ | ၁၆၇ | ၄၅၁၂၅၀ |
| EFR | ၃၁၀၀ | ၃၁၀၀ | ၅၁ | ၁၅၈၁၀၀ |

ခင်ရတနာ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၁၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm



# မြန်မာစာနှင့် ပါဠိ(၇)

**မောင်ခင်မင် (ဓနုဖြူ)**

"စိတ်ဝင်စားဖို့ကောင်းတဲ့ အချက်တစ်ချက်က ဆရာတို့ပြောခဲ့ကြတဲ့အတိုင်း ပုဂံခေတ်မှာ ပါဠိသံတွေကို မြန်မာသံနဲ့ ဖလှယ်ရေးတာတို့၊ ပါဠိစကားလုံးတွေကို မြန်မာဘာသာပြန်တာတို့ တော်တော်လုပ်ခဲ့ကြပေမဲ့ အင်းဝခေတ်ကျတော့ အဲဒီလမ်းကြောင်းဟာ ပြောင်းပြန် ပြန်ဖြစ်သွားတယ်လို့ ဆိုနိုင်တဲ့အချက်ပဲ"

"ဘယ်လို ပြောင်းပြန် ပြန်ဖြစ်တာလဲဆရာ"

"ဆိုပါတော့ကွာ။ ပုဂံခေတ်တုန်းက 'သာခု'ကို 'ကောင်းလျှင်းတေး'၊ အနိစ္စကို 'အတည်မရှိ' ဆိုတာမျိုး မြန်မာပြန်တဲ့လမ်းကြောင်းဟာ အင်းဝခေတ်စာပေတွေမှာကျတော့ 'သာခု၊ အနိစ္စ'ဆိုတဲ့ ပါဠိစကားလုံးအတိုင်း ပြန်ပြီး တွင်ကျယ်သွားတယ်လေ"

"ဩော်...ဟုတ်ကဲ့"

"အင်းဝခေတ်မှာ ပါဠိဘာသာစာပေ တတ်မြောက်မှု ပိုအားကောင်းလာတယ်။ စာတတ် ပေတတ် သံဃာတော်တွေဟာ ပါဠိဘာသာကို အထူးလေ့ကျက်ပြီး သင်ကြားပို့ချကြတယ်။ မြန်မာစကားထဲကို ပါဠိစကားလုံးတွေ၊ ပါဠိသက်လို့ခေါ်တဲ့ မွေးစားစကားလုံးတွေ အင်နဲ့အားနဲ့ ဝင်လာတယ်လေ။ မြန်မာကဗျာတွေ၊ မြန်မာစကားပြေတွေကို လေ့လာကြည့်ရင် အထင်အရှားတွေ့မှာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"မြန်မာစာ အရေးအသားစနစ်မှာလဲ ပါဠိဩဇာ အများကြီးလွှမ်းမိုးလာတဲ့အကြောင်း စပြီးပြောကြရအောင်။ မြန်မာစာအရေးအသားစနစ်မှာ အသတ်ဆယ်မျိုးရှိတာ မင်းသိတယ်မဟုတ်လား"

"သိပါတယ် ဆရာ။ ကသတ်၊ ငသတ်၊ စသတ်၊ ညသတ်၊ တသတ်၊ နသတ်၊ ပသတ်၊ မသတ်၊ ယသတ်၊ ဝသတ် အားလုံး ဆယ်မျိုးပါ။ နောက်ခေတ်မှာ ဝသတ်မသုံးတော့ပဲ ဥ သတ်ထည့်ပြီး အသတ်ဆယ်မျိုးရေတွက်ပါတယ် ဆရာ"

"ဟုတ်တယ်။ သတ်ဆစ် ဆယ်ပါးလို့ ခေါ်တာပေါ့။ ဒါဆိုရင် မင်းကို တစ်ခုမေးမယ်။ အဲဒီအသတ်ဆယ်ပါးသိရင် မြန်မာစာအားလုံး ဖတ်တတ်ပြီလို့ ဆိုနိုင်မလား။ ဘယ်လိုထင်သလဲ"

"ဟာ...ဟုတ်ပါရဲ့။ ဒီအသတ်ဆယ်ပါးသိရုံနဲ့ မြန်မာစာ အကုန်ဖတ်တတ်မှာ မဟုတ်ဘူးဆရာ။ မပြည့်စုံသေးဘူး ထင်ပါတယ်"

"ဘာဖြစ်လို့လဲကွဲ့"

"မြန်မာစာထဲမှာ ခသတ်တို့၊ ဂသတ်တို့၊ ဇသတ်တို့ အသတ်ဆယ်ပါးထဲမှာ မပါတဲ့ အသတ်တွေရှိနေသေးတယ် မဟုတ်လား ဆရာ။ အဲဒါတွေ ပါမှ ဖြစ်မှာပေါ့"

"အဲဒီအသတ်တွေက ဘယ်ကရောက်လာတာပါလိမ့်"

"ဟာ...ကျွန်တော်သဘောပေါက်ပြီ ဆရာ။ ပါဠိစကားလုံးတွေကို မွေးစားတဲ့အခါ အဲဒီအသတ်တွေပါလာတာပါ ဆရာ"

"ဟုတ်တယ်။ ပါဠိစကားလုံးကို မွေးစားတဲ့နည်း တစ်နည်းက နောက်ဆုံးအက္ခရာကို သတ်လိုက်တဲ့နည်းပဲမဟုတ်လား။ 'မုခ'ဆိုတဲ့ ပါဠိစကားကို 'မုခ်'လို့ လုပ်ပုံမျိုးပေါ့။ အဲဒီလို နောက်ဆုံးအက္ခရာကို အသတ်ထည့်ပြီး မွေးစားလိုက်တော့ သတ်ဆစ်ဆယ်ပါးထဲမှာမပါတဲ့ အသတ်တွေ တိုးလာတာပေါ့ကွယ်"

"ဟုတ်ပါတယ် ဆရာ"

"ကဲ...'မုခ'က 'မုခ်'ဖြစ်သလို တခြားအသတ်တွေစဉ်းစားကြည့်ရအောင်။ သတ်ဆစ်ဆယ်ပါးထဲမပါတဲ့ အက္ခရာတွေ စဉ်းစားကြည့်ပေါ့။ ဂ-သတ်က ဘာရှိမလဲ"

"ဝဂ်တို့၊ ဘဝဂ်တို့ ရှိပါတယ် ဆရာ"

"ဃ သတ်ရော"

"အရင်ကတော့ မိုးကို 'မိုဃ်း'လို့ရေးပါတယ် ဆရာ"

"ဒါလဲ၊ ပါဠိ'မေဃ'ကနေ 'မိုဃ်း'ဖြစ်တယ်လို့ ယူဆပြီး ဃ သတ်တာလေ။ ပါဠိဩဇာပဲပေါ့"

"ဆသတ်တော့ မရှိဘူးထင်ပါရဲ့။ ဇသတ်ကတော့ 'ယဇ်ပူဇော်၊ စတုမဟာရာဇ်' ဆိုတဲ့ စကားလုံးတွေမှာ တွေ့ပါတယ် ဆရာ"

"ဟုတ်ပါပြီ။ ဆက်ပြောကြည့်ပါ"

"ဋသတ်က မကိုဋ်၊ ဍ သတ်က ပါဍ်၊ ဏ သတ်က ဒဏ်၊ ထ သတ်က ဘာရှိပါလိမ့်"

"ဣရိယာပုထ် မှာ ထသတ်တယ်လေ"

"ဟုတ်ကဲ့ပါ။ ဒသတ်က 'ပုဒ်'၊ ဗသတ်က 'ဒြဗ်'၊ ဘ သတ်က 'လာဘ်' ပါ"

"ဟုတ်ပါပြီ"

"ရ သတ်က ပဟိုရ်၊ လ သတ်က ကုသိုလ်၊ သ သတ်က ဥပုသ်၊ ဟ သတ်က သိဟ်ရာဇ်၊ ဠ သတ်က သီဟိုဠ်ပါ ဆရာ"

"တော်ပါပေတယ်။ အဲဒီလို ထုတ်ပြလိုက်တော့ မြင်သာတာပေါ့။ မြန်မာစာအရေးအသားစနစ်မှာ တာလေ"

"ဆရာ ပုဂံခေတ်မှာ မြန်မာစာလုံးတွေကို ဆင့်ရေးတာရှိတယ်မဟုတ်လား"

"ဟုတ်တယ်။ ရှိတာပေါ့။ ပုဂံကျောက်စာတွေမှာ စာလုံးဆင့်ရေးတာက ပါဠိပါဠ်ဆင့်တွေလဲ ပါတယ်။ ပါဠ်ဆင့်မဟုတ်ပေမဲ့ နေရာကျုံ့သွားအောင်ဆင့်ရေးတာတွေလဲပါတာပေါ့"

"ပါဠိအက္ခရာဆင့်တဲ့စနစ်ရှိတယ် မဟုတ်လား။ မင်းသိမှာပါ"

"သိပါတယ် ဆရာ။ အက္ခရာတူဆင့်တာနဲ့ အက္ခရာကွဲဆင့်တာပါ"

"အခြေခံက အဲဒီနှစ်မျိုးပဲ။ အဲဒီမှာ အက္ခရာတွေကို ငါးလုံးတစ်စု စုထားတဲ့ပုံစံကို သိဖို့လိုတယ် မဟုတ်လား။ ပါဠိလို ဝဂ်လို့ခေါ်တာပေါ့။ ဝဂ္ဂ ဆိုတာ အစုကိုဆိုလိုတာ။ ဝဂ္ဂ ကနေ ဝဂ် ဖြစ်တာ"

"ဟုတ်ကဲ့ပါ"

> **"အင်းဝခေတ်မှာ ပါဠိဘာသာစာပေ တတ်မြောက်မှု ပိုအားကောင်းလာတယ်။ စာတတ် ပေတတ် သံဃာတော်တွေဟာ ပါဠိဘာသာကို အထူးလေ့ကျက်ပြီး သင်ကြားပို့ချကြတယ်။ မြန်မာစကားထဲကို ပါဠိစကားလုံးတွေ၊ ပါဠိသက်လို့ခေါ်တဲ့ မွေးစားစကားလုံးတွေ အင်နဲ့အားနဲ့ ဝင်လာတယ်လေ။ မြန်မာကဗျာတွေ၊ မြန်မာ စကားပြေတွေကို လေ့လာကြည့်ရင် အထင်အရှားတွေ့မှာပေါ့ကွယ်"**

အဲဒီအသတ်တွေရှိနေတာဆိုတော့ မြန်မာစာသင်ရင် သတ်ဆစ်ဆယ်ပါးနဲ့ မလုံလောက်ဘူး။ အဲဒီပါဠိအသတ်တွေပါ လေ့လာရမယ်ဆိုတာ ထင်ရှားနေတာပေါ့ကွယ်"

"ဟုတ်ကဲ့။ သဘောပေါက်ပါပြီ ဆရာ"

"နောက်တစ်ဆင့် ပြောစရာရှိသေးတယ်။ သတ်ဆစ်ဆယ်ပါးမှာလဲ မြန်မာအသတ်မဟုတ်တဲ့ ပါဠိအသတ်တွေ ရှိသေးတယ်ကွဲ့။ မင်းသတိထားမိလား"

"ဟင်၊ ဟုတ်လား ဆရာ။ ဘယ်လိုအသတ်မျိုးတွေလဲ"

"က သတ်ကစရင် ဘိသိက်တို့၊ ကရဝိက်တို့လို စာလုံးတွေလေ။ က သတ်တော့ ဟုတ်တယ်။ ဒါပေမဲ့ မြန်မာစာစနစ်မှာ ကသတ်က'အက်၊ အောက်၊ အိုက်' ၃ မျိုးပဲရှိတာ။ အခု ဘိသိက်တို့၊ ကရဝိက်တို့ကျတော့ လုံးကြီးတင်ကသတ် ိ က် ဖြစ်နေတယ်လေ။ နောက်တစ်ခါ၊ 'သုက်'ဆိုရင်လဲ တစ်ချောင်းငင် ကသတ် ု က် ဖြစ်နေတယ်။ မြန်မာစာသက်သက်မှာမရှိတဲ့ အသတ်တွေလေ"

"သဘောပေါက်ပါပြီ ဆရာ"

"မြန်မာအသတ်တွေနဲ့ယှဉ် စဉ်းစားကြည့်ပေါ့။ စသတ်မှာ ကေဝုစ်၊ ဗဟုဝုစ်ဆိုတာ တစ်ချောင်းငင်စသတ်လေ။ မြန်မာစာသက်သက်မှာ မရှိဘူး။ အဲဒီလိုပဲ ဥ သတ်မှာ ပျက်သုဉ်းဆိုတာမျိုးတွေပေါ့ကွယ်။ မြန်မာစာသက်သက်မှာ သတ်ရိုးသတ်စဉ် မဟုတ်တဲ့ အသတ်တွေပေါ့။ ပါဠိစကားလုံးတွေ ဝင်လာလို့ တိုးပွားလာတာတွေပေါ့"

"သဘောပေါက်ပါပြီ ဆရာ"

"ကဲ နောက်တစ်ဆင့်က ပါဠ်ဆင့်လို့ခေါ်တဲ့ စာလုံးဆင့်တွေပဲ။ ပါဠိမွေးစားစကားလုံးတွေနဲ့ အတူ မြန်မာစာထဲမှာ ပါဠ်ဆင့်တွေဝင်လာ

"က ခ ဂ ဃ င ဆိုတဲ့အက္ခရာ ၅ လုံးကို ကဝဂ်လို့ခေါ်တယ် မဟုတ်လား။ အဲဒီလိုပဲ စဝဂ်၊ ဋဝဂ်၊ တဝဂ်၊ ပဝဂ်ဆိုပြီး ဝဂ် ငါးဝဂ် ရှိတယ်။ အက္ခရာ ၂၅ လုံးပေါ့။ 'က'ကနေ 'မ'အထိပေါ့"

"ဟုတ်ပါတယ် ဆရာ"

"အဲဒီဝဂ်တွေမှာ မျိုးတူဆင့်ရယ် ပထမအက္ခရာချင်း၊ တတိယ အက္ခရာချင်း၊ ပဉ္စမ အက္ခရာချင်း မျိုးတူဆင့်နိုင်တယ်လေ"

"ဟုတ်ပါတယ် ဆရာ"

"သာဓကပြရရင် ကဝဂ်က ပထမအက္ခရာ 'က'နဲ့ တတိယအက္ခရာ'ဂ'အက္ခရာတူချင်းဆင့်နိုင်တယ်။ ပဉ္စမအက္ခရာတွေ အကြောင်းတော့ ရှုပ်မှာစိုးလို့ နောက်မှပြောမယ်။ ကျန်တဲ့ဝဂ်တွေလဲ အဲဒီစနစ်အတိုင်း အက္ခရာတူ ဆင့်နိုင်တယ် မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ။ ကျွန်တော်ပြောကြည့်ပါမယ်။ ကဝဂ်မှာ စက္ကဝါ၊ သမဂ္ဂ လို စကားလုံးတွေပါ။ စဝဂ်မှာ ကိစ္စတို့၊ ဝိဇ္ဇာတို့၊ နောက် ဋဝဂ်မှာ ဝဋ္ဋ၊ အဍ္ဍ၊ တဝဂ်မှာ သတ္တဝါ၊ သဒ္ဒါ၊ ပဝဂ်မှာ ကပ္ပိယ၊ နိဗ္ဗာန်ပါဆရာ။ ဝဂ်တွေထဲက ပထမအက္ခရာ ချင်း၊ တတိယ အက္ခရာချင်း အက္ခရာတူဆင့်တာပါ"

"ဟုတ်ပါပြီ။ မင်းက ပါဠိတွေ မမေ့သေးဘူးပဲ။ ဒီစနစ်တွေကို သိထားဖို့လိုတာပေါ့။ ပြီးတော့ မင်းအခု သာဓကပြတဲ့စကားလုံးတွေက မြန်မာစကားထဲမှာ အသုံးတွင်ကျယ်တဲ့ စကားလုံးတွေများတယ်။ တစ်လုံးနှစ်လုံးပဲ ရှားရှားပါးပါး စကားလုံးတွေပါတာ။ ဒီတော့ စဉ်းစားကြည့်ရင် တို့မြန်မာစာအရေးအသားစနစ်မှာ ပါဠိဩဇာ ဘယ်လောက်ဝင်နေတယ်ဆိုတာ သိနိုင်တာပေါ့ကွယ်"။ ။


## နိုင်ငံတကာအနုပညာ သတင်းပဒေသာ

### အက်ခ်ရှေးကူးမား၏ ရုပ်ရှင်သစ် ကိုဗစ် -၁၉ ကာလအတွင်း ပထမဦးဆုံးရိုက်ကူးပြီးစီးသည့်ရုပ်ရှင်ဖြစ်လာ

ဘောလိဝုဒ်မင်းသားအက်ခ်ရှေးကူးမားရဲ့ ရုပ်ရှင်သစ်ဖြစ်တဲ့ Bell bottom ဟာ ကိုဗစ် – ၁၉ ကာလအတွင်းမှာ ပထမဦးဆုံးရိုက်ကူးပြီးစီးသွားတဲ့ အိန္ဒိယရုပ်ရှင်ဖြစ်လာခဲ့ပါတယ်။ အက်ခ်ရှေးကူးမားရဲ့ အလုပ်ကြိုးစားမှုနဲ့လျင်မြန်မှုကိုတော့ ဘယ်သူမှ လိုက်မမီအောင်ပါပဲ။ ရုပ်ရှင်သစ်ပိုစတာကို အက်ခ်ရှေးကူးမားက သူ့ရဲ့လူမှုကွန်ရက်မီဒီယာကနေ မျှဝေခဲ့ပြီး တစ်ယောက်တည်းဆိုရင် နည်းနည်းပဲလုပ်နိုင်မယ်။ စုပေါင်းအင်အားနဲ့အလုပ်လုပ်တဲ့အခါ အလုပ်ပြီးမြောက်တယ်ဆိုပြီးစာရေးသားခဲ့ပါတယ်။ အုပ်စုလိုက် စုပေါင်းလုပ်ကိုင်ခြင်းရဲ့ အကျိုးကျေးဇူးဖြစ်ပြီး ဒီရုပ်ရှင်ကားမှာပါဝင်ကြတဲ့ သရုပ်ဆောင်တိုင်း၊ အဖွဲ့သားတိုင်းကို ကျေးဇူးတင်ပါတယ်လို့ ပြောကြားခဲ့ပါတယ်။

"ကိုဗစ် –၁၉ ကာလအတွင်း နေထိုင်မှုပုံစံအသစ်နဲ့လူတိုင်းတွေ့ကြုံနေရပြီးပုံစံအသစ်နဲ့နေထိုင်ရခြင်းကြောင့် တစ်ခါမှ စိတ်မကူးဖူးတဲ့ပုံစံနဲ့အလုပ်လုပ်ကိုင်နေရတယ်။ တစ်ကမ္ဘာလုံးက ရုပ်ရှင်ထုတ်လုပ်ရေးလုပ်ငန်းတွေအနေနဲ့လည်း ဖျော်ဖြေရေးလုပ်ငန်းတွေကိုပြန်စတင်ဖို့အတွက် အင်အားတစ်ရပ်ဖြစ်လာမှာပါ "လို့ အက်ခ်ရှေးကူးမားကပြောပါတယ်။ ဒါရိုက်တာ ရန်ဂျစ် အမ်တီဝါရီရိုက်ကူးတဲ့ Bell Bottom ရုပ်ရှင်ကားကို ၂၀၂၁ ခုနှစ် ဧပြီ ၂ ရက်မှာ ရုံတင်ဖို့လျာထားပါတယ်။

**ဘောလိဝုဒ်လိုက်ဖ်**




Bell Bottom ရုပ်ရှင်ပိုစတာကို တွေ့ရစဉ်။

### Avatar 3 ရိုက်ကူးမှု ပြီးစီးတော့မည်

Avatar 2 ရုပ်ရှင်ကားကို ရိုက်ကူးပြီးစီးသွားပြီဖြစ်ပြီး Avatar 3 ကိုလည်း ရိုက်ကူးပြီးစီးဖို့ နီးကပ်နေပြီလို့ ဒါရိုက်တာ ဂျိမ်းကင်မရွန်းက ပြောကြားခဲ့ပါတယ်။ ကယ်လီဖိုးနီးယားအုပ်ချုပ်ရေးမှူးဟောင်းဖြစ်ခဲ့တဲ့ အာနိုးနဲ့ ဂျိမ်းကင်မရွန်းတို့ ဗီဒီယိုကနေတစ်ဆင့် စကားပြောကြရာမှာတော့ Avatar ဇာတ်ကားတွေကို ပြသဖို့အတွက် အဆင်သင့်ဖြစ်နေပြီလို့ ဂျိမ်းကင်မရွန်းက ပြောပါတယ်။

တစ်ကမ္ဘာလုံးရင်ဆိုင်ကြုံတွေ့နေရတဲ့ ကိုဗစ် –၁၉ ကို Avatar ရုပ်ရှင်အဖွဲ့သားတွေလည်း ကြုံတွေ့နေရပါတယ်။ ကိုဗစ် – ၁၉ ကြောင့် ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းတွေ လေးလခွဲလောက် အလဟဿဖြစ်သွားတယ်လို့ ကင်မရွန်းက ဆက်ပြောပါတယ်။ ရိုက်ကူးရေးတွေ နားခဲ့ရတာကြောင့် ၂၀၂၂ ဒီဇင်ဘာလောက်မှ ပြသနိုင်တော့မယ်။ ဒါကိုလည်းအသိပေးကြေညာထားပြီးသားပါလို့ ကင်မရွန်းက ပြောပါတယ်။ "ရုံတင်မယ့်ရက်လိုသေးတာကြောင့် အချိန်တစ်နှစ်ကြီးတောင်ရတာလည်း မဟုတ်ပါဘူး။ Avatar 2 ကိုပြသတဲ့အချိန် မှာ Avatar 3 ပြီးစီးနေဖို့လည်း လိုပါတယ်။ ကျန်ရှိနေတဲ့အခန်းတွေကိုတော့ နယူးဇီလန်နိုင်ငံမှာ ဆက်လက်ရိုက်ကူးနေပါတယ်။ Avatar 2 ကတော့ ၁၀၀ ရာခိုင်နှုန်းရိုက်ကူးပြီးစီးသွားပါပြီ။ Avatar 3 ကလည်း ၉၅ ရာခိုင်နှုန်းပြီးသွားပြီ"လို့ သူက ဆက်ပြောပါတယ်။ ရိုက်ကူးမှုတွေပြီးစီးနေပြီလို့ ပြောပေမယ့် ဂျိမ်းကင်မရွန်းဟာ ဇာတ်လမ်းဇာတ်ကွက်တွေကိုတော့ အနည်းငယ်မှ ပြောပြသွားခဲ့ခြင်း မရှိပါဘူး။

**စီအင်န်အင်န်**



Avatar ရုပ်ရှင်ကားမှ ဇာတ်ဝင်ခန်းတစ်ခုကို တွေ့ရစဉ်။

## ကိုဗစ် - ၁၉ ရောဂါကူးစက်ခံထားရသည့်သံဃာတော်များအားကုသနိုင်ရန် ဗဟန်းမြို့နယ်ရှိ အဘိဓမ္မာဓမ္မဗိမာန်တော်ကြီးကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှု



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**ရန်ကုန် အောက်တိုဘာ ၂**

ကိုဗစ် –၁၉ ရောဂါကူးစက်ခံထားရသည့် သံဃာတော်အပါး ၃၀၀ ခန့်ထားရှိ ကုသနိုင်ရန်အတွက် ရန်ကုန်မြို့ ဗဟန်း(၃) လမ်းထိပ်ရှိ အဘိဓမ္မရတနာဃရအဘိဓမ္မာဓမ္မဗိမာန်တော်ကြီးသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများ၊ ပါမောက္ခဒေါက်တာဇော်ဝေစိုးနှင့် မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးရှိန်ဝင်းတို့ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ယမန်နေ့က ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ အဆောက်အအုံ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးရှိန်ဝင်းက ရောဂါကူးစက်ခံထားရသည့် သံဃာတော်အပါး ၃၀၀ ခန့်ထားရန် ပြင်ဆင်ထားကြောင်း၊ ဗဟန်းမြို့နယ်သည် သံဃာအများဆုံး တည်ရှိရာနေရာဖြစ်သည့်အတွက် ကြိုတင်ပြင်ဆင်ထားခြင်းဖြစ်ကြောင်း၊ ဆွမ်းအပါဝင်ပစ္စည်းလေးပါးနှင့် အထွေထွေလိုအပ်ချက်များကို မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းက တာဝန်ယူလှူဒါန်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**အောင်မြင့်(ပြန်/ဆက်)**

---

## စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ရွှေဘိုမြို့ ကံသာကုန်းကျေးရွာသို့ အခြေခံစားသောက်ကုန်များထောက်ပံ့




တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် အခြေခံစားကုန်များ ထောက်ပံ့ပေးစဉ်။

**မုံရွာ အောက်တိုဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် ရွှေဘိုခရိုင်/မြို့နယ် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများသည် ယမန်နေ့က ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေးအတွက် ရွှေဘိုမြို့ ညောင်ပင်သာကျေးရွာအုပ်စု ကံသာကုန်းကျေးရွာတွင် ၁၄ ရက်ကြာ အသွားအလာ ကန့်သတ်ထားသူများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဆိုပါကျေးရွာရှိ ပြည်သူများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် မိမိတို့တိုင်းဒေသကြီးအစိုးရအဖွဲ့က ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ အားလုံးပူးပေါင်းလိုက်နာဆောင်ရွက်ကြစေလိုကြောင်း မှာကြားခဲ့ပြီး ရွှေဘိုမြို့ဒေသခံ အလှူရှင်များ၏ စုပေါင်းထည့်ဝင်ငွေများဖြင့် လိုအပ်သည့် အခြေခံစားသောက်ကုန်များ ဖြစ်သော ကြက်သွန်နီပိဿာ ၁၂၀၊ ပဲပိဿာ ၁၀၀၊ အာလူးပိဿာ ၁၆၀ တို့ကို လည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့က နှာခေါင်းစည်း ၂၅၀၀ ကိုလည်းကောင်း တာဝန်ရှိသူများထံသို့ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ရွှေဘိုမြို့ မြို့ရှောင်လမ်းကို အောက်တိုဘာ ၁ ရက်မှစတင်၍ ယာဉ်ကြီး/ယာဉ်ငယ်များ ဖြတ်သန်းသွားလာခွင့်ပြုခဲ့ရာ အဆိုပါလမ်းပေါ်၌ ဖြတ်သန်းသွားမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆောင်ရွက်ပေးကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

---

## ဟဲဟိုးလေဆိပ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းစီမံကိန်း မြေယာလျော်ကြေးနှင့် သီးနှံလျော်ကြေးများ ပေးအပ်

**ဟဲဟိုး အောက်တိုဘာ ၂**

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင် ကလောမြို့နယ် ဟဲဟိုးမြို့ရှိ ဟဲဟိုးလေယာဉ်ကွင်း အဆင့်မြှင့်တင်ရေး စီမံကိန်းသည် နိုင်ငံတကာအဆင့်မီ ဆောင်ရွက်မည့်စီမံကိန်းဖြစ်ပြီး Public Private Partnership (PPP စနစ်) အစိုးရ-ပုဂ္ဂလိကအကျိုးတူ ပူးပေါင်းဆောင်ရွက်သောစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဟဲဟိုးလေယာဉ်ကွင်း၏ လက်ရှိမြေဧရိယာသည် ၅၄၉ ဒသမ ၆၁ ဧကရှိသော်လည်း အဆင့်မြှင့်တင်ရေးစီမံကိန်းဆောင်ရွက်ရန်အတွက် မြေဧရိယာလုံလောက်မှုမရှိသည့်အတွက် မြေဧရိယာ ဧက ၁၀၀ ဒသမ ၃၀ ထပ်မံလိုအပ်သောကြောင့် တောင်သူများအား မြေယာလျော်ကြေးနှင့် သီးနှံလျော်ကြေးများ ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက ကလောမြို့နယ် ဟဲဟိုးလေယာဉ်ကွင်း ခရီးသည်နားနေဆောင်၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က နိုင်ငံတကာအဆင့်မီ လေယာဉ်ကွင်း တိုးချဲ့စီမံကိန်းအတွက် တောင်သူများ၏ မြေများကို သိမ်းဆည်းဆောင်ရွက်ရာတွင် ဒေသခံတောင်သူများ နစ်နာမှုမရှိစေရေးအတွက် လက်ရှိမြေပြင်ဒေသပေါက်ဈေးနှုန်းများအတိုင်း မြေယာလျော်ကြေး ငွေကျပ် ၄၇၄ ဒသမ ၆၅ သန်းနှင့် သီးနှံလျော်ကြေး ၁၂ ဒသမ ၉၀ သန်း တောင်သူများထံ ပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြေယာလျော်ကြေးနှင့် သီးနှံလျော်ကြေးများ ပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးစိုင်းလုံကျော်၊ ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေး၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်၊ ပြည်နယ်ဥပဒေချုပ် ဦးတင်ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ပြုံးကေသီနိုင်၊ အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးနေလင်း၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးသန်းထိုက်တို့က ပေးအပ်ရာ ဝါးရုံပင်ကျေးရွာ၊ စံကားအင်းကျေးရွာ၊ သီခေါင်ကျေးရွာအုပ်စုမှ ဒေသခံတောင်သူများက လက်ခံယူကြပြီး တောင်သူများကိုယ်စား စံကားအင်းကျေးရွာအုပ်စုမှ တောင်သူဦးစိုးသူက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**မောင်မောင်သန်း(တောင်ကြီး)**



ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် မြေယာနှင့်သီးနှံအတွက် လျော်ကြေး ပေးအပ်စဉ်။

---

## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ကိုဗစ် –၁၉ ကာကွယ်ထိန်းချုပ် ကုသရေး လုပ်ငန်းဆောင်ရွက်မှုများ ကွင်းဆင်းကြည့်ရှု

**ပဲခူး အောက်တိုဘာ ၂**

ပဲခူးတိုင်းဒေသကြီးအတွင်း ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အားဖြည့်ဆောင်ရွက်ရန်နှင့် ကုသရေးလုပ်ငန်းများအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် စက်တင်ဘာ ၂၉ ရက်က ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှမျိုးရွှေ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာရန်နိုင်မောင်နှင့်တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ပဲခူးမြို့နယ်အတွင်း ကွင်းဆင်း၍ လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုကြသည်။

အဆိုပါအဖွဲ့သည် ကိုဗစ် – ၁၉ ရောဂါ ခေတ်ခွဲအတည်ပြုလူနာများထားရှိ ကုသမှုပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိသည့် ပဲခူးမြို့ တိုင်းရင်းဆေးရုံသို့ သွားရောက်၍ ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာရန်နိုင်မောင် အပါအဝင် ဌာနဆိုင်ရာ တာဝန်ရှိသူများက လူနာများအတွက် ပြင်ဆင်ထားရှိမှုများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လူနာများအတွက် ယခုထက် ပိုမိုကောင်းမွန်အောင် အမြန်ဆုံးပြင်ဆင်စေလိုကြောင်း၊ အခြေခံလိုအပ်ချက်ဖြစ်သော ရေ၊ မီး၊ မိလ္လာကိစ္စများကို အလေးထားဆောင်ရွက်ပေးစေလိုကြောင်း၊ ဆေးရုံတက် လူနာများ သာမက ကုသမှုပေးနေသော ဝန်ထမ်းများအတွက်လည်း အဆင်ပြေစေရေး စီစဉ်ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့အပြင် အလှူရှင်များကလည်း လိုအပ်သည်များကို ကူညီပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ ယခုတိုင်းရင်းဆေးရုံကို မိမိတို့အစိုးရအဖွဲ့ အနေဖြင့် အမြန်ဆုံးပြီးစီးအောင် ပြင်ဆင်ဆောင်ရွက်ပေးမည် ဖြစ်ကြောင်းပြောကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**တင်စိုး(ပဲခူး)**

---

## မင်းဘူးမြို့တွင် အာမခံအလုပ်သမားနှစ်ဦး လုပ်ငန်းခွင်ထိခိုက်သေဆုံးမှုကြောင့် နိုင်ငံတော်က ကျန်ရစ်သူအကျိုးခံစားခွင့် ငွေကျပ် သိန်း ၁၆၀ ကျော် ထုတ်ပေး

**မင်းဘူး အောက်တိုဘာ ၂**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ရှိ မြို့နယ်လူမှုဖူလုံရေးရုံး၌ အကျိုးဝင်မှတ်ပုံတင်ထားသည့် မန်းရေနံမြေမှ အာမခံအလုပ်သမားတစ်ဦးနှင့် မင်းဘူးမြို့ရှိ ရိုမီယိုနှင့်ညီများ ကားပစ္စည်းအရောင်းဆိုင်မှ ဆိုင်တာဝန်ခံတစ်ဦးတို့အား လုပ်ငန်း ခွင် ထိခိုက်သေဆုံးမှုကြောင့် မြို့နယ် လူမှုဖူလုံရေးရုံးက နိုင်ငံတော်က ထောက်ပံ့သော ကျန်ရစ်သူအကျိုးခံစားခွင့် ငွေကျပ်သိန်း ၁၆၀ ကျော် ထုတ်ပေးခြင်းကို စက်တင်ဘာလနောက်ဆုံးပတ်က မင်းဘူးမြို့ မန်းရေနံမြေ စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ပေးအပ်သည်။

မင်းဘူးမြို့နယ်လူမှုဖူလုံရေးရုံး၌ အကျိုးဝင်မှတ်ပုံတင်ထားသည့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ မန်းရေနံမြေမှ အာမခံအလုပ်သမား ဦးဇော်မင်းထက်သည် ဇူလိုင် ၂၉ ရက်က မန်းရေနံမြေ အိမ်ရာ(၄)တွင် လျှပ်စစ်လိုင်းများ စစ်ဆေးရန် မျက်နှာကြက်ပေါ်သို့တက်ပြီး မီးလိုင်းပြုပြင်ရာမှ ဓာတ်လိုက်သေဆုံးခဲ့သည်။

မင်းဘူးမြို့ရှိ ရိုမီယိုနှင့်ညီများ ကားပစ္စည်းအရောင်းဆိုင်မှ ဆိုင်တာဝန်ခံ အာမခံအလုပ်သမား ဦးဆလိုင်းတင်မင်းထွေးသည် မေ ၅ ရက်က လုပ်ငန်းခွင်မှ အပြန် မင်းဘူးမြို့အဝင်ဂိတ်အနီးတွင် ယာဉ်မတော်တဆမှုဖြင့် သေဆုံးခဲ့ခြင်း ဖြစ်သည်။

အဆိုပါ လုပ်ငန်းခွင်တွင် ထိခိုက်သေဆုံးခဲ့သော အာမခံအလုပ်သမား ဦးဇော်မင်းထက်၏ သေဆုံးမှုအတွက် ငွေကျပ်သိန်း ၉၀ နှင့် ဦးဆလိုင်းတင်မင်းထွေး၏ သေဆုံးမှုအတွက် ငွေကျပ် ၇၂ သိန်း စုစုပေါင်းငွေကျပ် ၁၆၂ သိန်းကို ကျန်ရစ်သူအကျိုးခံစားခွင့်ရှိသည့် မိသားစုဝင်များထံ ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေနှင့်အညီ ထုတ်ပေးခြင်းဖြစ်ကြောင်း မြို့နယ်လူမှုဖူလုံရေးရုံးဦးစီးအရာရှိ ဒေါ်သန်းသန်းအေးထံမှ သိရသည်။

**မောင်မောင်(မင်းဘူး)**

# ကိုဗစ် – ၁၉ နှင့် အောက်စီမီတာ

ဒေါက်တာ မြင့်သန်း(ညောင်လေးပင်)



"ဒီကိရိယာလေးက ကိုဗစ် -၁၉ ရှိ မရှိစစ်ဆေးပေးနိုင်တာတော့ မဟုတ်ဘူး ဆိုတာ သိဖို့လိုပါတယ်။ ဖော်ပြခဲ့သလို ကူညီဖော်ပြပေးနိုင်တဲ့ အချက်တွေကိုသာ ဆောင်ရွက်ပေးနိုင်တာ ဖြစ်ပါတယ်။ ပြီးတော့ မိမိမှာကိုယ်တွင်း အောက်ဆီဂျင်ဓာတ်က ပုံမှန်ရှိနေတယ်ဆိုပေမယ့်လည်း ကိုဗစ်-၁၉ ပိုးမရှိဘူးလို့ မထင်စေလိုပါ။ လိုအပ်တဲ့ စစ်ဆေးမှုများကို လိုက်လျောညီထွေစွာ ဆောင်ရွက်ဖို့ လိုအပ်ပါတယ်"

**အောက်စီမီတာ (Oximeter)**

Oximeter အောက်စီမီတာလို့ခေါ်ကြတဲ့ ကိရိယာလေးကို လူအများစိတ်ဝင်စားလာကြတာ တွေ့ရပါတယ်။ အခုလို ကိုဗစ်– ၁၉ ကပ်ရောဂါဖြစ်ပွားနေချိန်မှာ အသုံးဝင်တဲ့ ပစ္စည်းတစ်ခုလည်း ဖြစ်လာပါတယ်။ အောက်စီမီတာဆိုတာ လူတစ်ယောက်ရဲ့ကိုယ်တွင်းက အောက်ဆီဂျင်ဓာတ်ပမာဏကိုတိုင်းတာတဲ့ စက်ကလေးဖြစ်ပါတယ်။ မထိမခိုက်၊ မနာမကျင်စေဘဲ၊ အလွယ်တကူသုံးနိုင်၊ သိနိုင်စေတဲ့ ကျန်းမာရေးအထောက်ပြု ပစ္စည်းကောင်းလေး တစ်ခုလို့ ဆိုနိုင်ပါတယ်။ ကျွန်တော်တို့ အသက်ရှူလိုက်တဲ့အခါ အဆုတ်နှစ်ဖက်ကနေ လေတွေဝင်လာကြပါတယ်။ အဆုတ်မှာရှိတဲ့ လေအိတ်ငယ်ကလေးတွေဆီရောက် အဲဒီက အမြှေးပါးလေးတွေကိုဖြတ်ပြီး သွေးကြောတွေထဲရောက် သွေးစီးဆင်းမှုထဲ အောက်ဆီဂျင်ဓာတ်တွေ စီးဝင်သွားကြပါတယ်။ သွေးစီးဆင်းမှုထဲရောက်လာတဲ့ အောက်ဆီဂျင်ဓာတ်တွေကို သွေးရည်ထဲမှာရှိတဲ့ သွေးနီဥတွေက ဖမ်းယူသယ်ဆောင်ပါတယ်။ သူတို့ကခန္ဓာကိုယ်တစ်ခုလုံးမှာရှိတဲ့ လူ့အစိတ်အပိုင်းအားလုံးဆီ အောက်ဆီဂျင်ဓာတ်ကို ပို့ပေးကြပါတယ်။ ဒီလိုသွေးနီဥတွေမှာ အောက်ဆီဂျင်ဓာတ်ပမာဏ ဘယ်လောက်ရှိလဲဆိုတာ သိနိုင်ဖို့တိုင်းတာလိုရင် အောက်စီမီတာ Oximeter ကို သုံးရပါတယ်။ ဒီကိရိယာလေးကတော့ အများတွေ့မြင်ကြတဲ့အတိုင်း လက်ချောင်း(လက်ညှိုး)မှာ ဖြစ်ဖြစ်၊ နားရွက် Earlobe မှာ ဖြစ်ဖြစ်၊ သူ့မှာပါတဲ့ ညှပ်ကလေးနဲ့ ညှပ်ထားလိုက်ရုံပါပဲ။ ကလေးငယ်များမှာဆိုရင် ခြေထောက်မှာလည်း တိုင်းလို့ရကြောင်း သိရပါတယ်။ ကိရိယာလေးထဲမှာ infrared အနီအောက်ရောင်ခြည်ပါဝင်နေပြီး ဒီရောင်ခြည်က မိမိသွေးထဲမှာ အောက်ဆီဂျင်ဓာတ် ဘယ်လောက်ရှိနေတယ်ဆိုတာကို ချက်ချင်းတိုင်းတာပြသပေးပါတယ်။ သွေးထဲမှာ အောက်ဆီဂျင်ဓာတ်ပျော်ဝင်မှု oxygen saturation မည်မျှရှိနေတယ်ဆိုတာကို တိုင်းတာခြင်းလို့လည်း ခေါ်ပါတယ်။ ဆေးပညာအရ Spo2(peripheral capillary oxygen saturarion) လို့ခေါ်ပါတယ်။

**ကိုဗစ် – ၁၉ နှင့် အောက်စီမီတာ**

အခုလိုအချိန်မှာ အဓိကအားဖြင့် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဝင်ရောက်မှုနဲ့ ပတ်သက်ပြီး ဒီတိုင်းတာမှုလေးက ဘယ်လိုအထောက်အကူပြုနိုင်သလဲဆိုတာ သိလိုကြပါလိမ့်မယ်။ ဒီဗိုင်းရပ်စ်ပိုးက လူ့ခန္ဓာကိုယ်ထဲကို နှာခေါင်းကနေ အဓိကဝင်ရောက်ပါတယ်။ (ပါးစပ်၊ မျက်စိတို့ထိတွေ့ရာကနေလည်း ဝင်ရောက်ပါတယ်)။ နှာခေါင်းကနေ အဆုတ်ထဲဝင်ရောက်ပြီး အဆုတ်ဆဲလ်တွေကို ထိခိုက်ပျက်စီးစေပါတယ်။ ရောင်ရမ်းမှုတွေ ဖြစ်စေပါတယ်။ ဒီလိုပျက်စီးမှုတွေဟာ ခန္ဓာကိုယ်အတွက် အရေးတကြီးလိုအပ်တဲ့ အောက်ဆီဂျင်ပမာဏ လျော့နည်းစေပါတယ်။ လိုအပ်သလောက် မရရှိစေနိုင်တော့ပါဘူး။ အဲဒီအခါ ကိုယ်တွင်း အင်္ဂါများဖြစ်တဲ့ ဦးနှောက်၊ နှလုံး၊ ကျောက်ကပ်၊ အသည်း၊ အစာအိမ်နဲ့ အူလမ်းကြောင်း စသည်တို့အားလုံးရဲ့ ပုံမှန် လုပ်ငန်းဆောင်တာများ လုပ်လို့မရနိုင်လောက်အောင်အခက်အခဲတွေ ကြုံလာရပါတယ်။ ခန္ဓာကိုယ်အတွက် လိုအပ်တဲ့ပမာဏ မရရင် လူ့အသက် အန္တရာယ်ထိခိုက်လာနိုင်ပါတယ်။ အောက်ဆီဂျင်ဓာတ်ပမာဏ ကျဆင်းလာတာကို အချိန်မီသိနိုင်ရင် အောက်ဆီဂျင်ပေးနိုင်မယ်၊ အခြေအနေအရ ventilator လို့ခေါ်တဲ့ အသက်ရှူစက်တပ်ဆင်ပေးနိုင်မယ်။ အောက်ဆီဂျင်ဓာတ်ပမာဏကို ဒီစက်ကလေးက တိုင်းတာပေးနိုင်တော့ လုပ်သင့်တာလုပ်နိုင်တာမို့ အသက်ကယ်အထောက်အကူပေးနိုင်တဲ့၊ အသုံးဝင်တဲ့ စက်ကလေးလို့လည်း ခေါ်နိုင်ပါတယ်။ ကိုဗစ် – ၁၉ ဖြစ်ပွားသူအချို့မှာ လူကသိပ်အခြေအနေမဆိုးဘူးလို့ထင်ရပေမယ့် သွေးအတွင်း အောက်ဆီဂျင်ဓာတ်ပမာဏက တော်တော်ကျဆင်းနေတတ်ပါတယ်တဲ့။ အဲဒါကို "Happy Hypoxia" လို့ ခေါ်ပါတယ်။ လူကသိပ်မဆိုးသေးဘူးဆိုပြီး စောင့်ကြည့်နေရမယ့်အစား စက်ကလေးက "အောက်ဆီဂျင်နည်းနေပြီနော်" လို့ သတိပေးလိုက်တော့ အချိန်မီလုပ်သင့်တာ လုပ်လို့ ရနိုင်တာပေါ့။

**အိမ်မှာသုံးမယ်ဆိုရင်**

ကိုဗစ် – ၁၉ အတည်ပြုလူနာဆိုရင် သူ့ကိုတိုင်းကြည့်ရင် အောက်ဆီဂျင်နည်းနေပြီဆိုတာ ပြနေတတ်ပါတယ်။ အလားတူပဲ ပိုးမစစ်ဆေးနိုင်သေးပေမယ့် ကိုယ်ပူတယ်၊ အနံ့ပျောက်တယ်၊ ချောင်းဆိုးတယ်၊ ကိုယ်လက်တွေကိုက်ခဲတယ်၊ ဗိုက်နာတယ်၊ ဝမ်းပျက်တယ်စတဲ့ လက္ခဏာတွေရှိနေတဲ့အခါ၊ တိုင်းကြည့်ရင်လည်း အောက်ဆီဂျင်ကျနေတတ်ကြောင်း တွေ့နိုင်ပါတယ်။ ဒီလိုအသုံးတည့်တယ်ဆိုပေမယ့် ဒီကိရိယာလေးက ကိုဗစ် –၁၉ ရှိ မရှိစစ်ဆေးပေးနိုင်တာတော့ မဟုတ်ဘူးဆိုတာ သိဖို့လိုပါတယ်။ ဖော်ပြခဲ့သလို ကူညီဖော်ပြပေးနိုင်တဲ့ အချက်တွေကိုသာ ဆောင်ရွက်ပေးနိုင်တာ ဖြစ်ပါတယ်။ ပြီးတော့ မိမိမှာကိုယ်တွင်း အောက်ဆီဂျင်ဓာတ်က ပုံမှန်ရှိနေတယ်ဆိုပေမယ့်လည်း ကိုဗစ် – ၁၉ ပိုးမရှိဘူးလို့မထင်စေလိုပါ။ လိုအပ်တဲ့ စစ်ဆေးမှုများကို လိုက်လျောညီထွေစွာ ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ အိမ်မှာသုံးတဲ့အခါ အောက်ဆီဂျင်နည်းနေပြီဆိုပါတော့။ "ကိုဗစ်ကြီးရှိနေပြီ" လို့လည်း မထင်လိုက်ပါနဲ့ဦး။ နှလုံးရောဂါ၊ သွေးတိုး၊ ဆီးချို၊ အဝလွန်ခြင်း၊ ကင်ဆာစတဲ့ ရောဂါတွေရှိနေရင်လည်း ဒီလိုတွေ့တတ်ပါတယ်။ အခြား အဆုတ်နဲ့ ပတ်သက်တဲ့ရောဂါတွေ၊ ဆေးလိပ်သောက်သူတွေမှာလည်း နည်းနေတတ်ပါတယ်။ တစ်ခုရှိတာက ကိုဗစ်ပိုးရှိနေပေမယ့် ဘယ်လိုရောဂါ လက္ခဏာမှမပြတာ၊ မပြသေးသည့်တိုင် ဖော်ပြခဲ့တဲ့ "Happy Hypoxia" လို အခြေအနေမျိုးဆိုရင်တော့ အောက်ဆီဂျင်ဓာတ်ကျနေပြီဆိုတာ သိနိုင်ပြီးလုပ်သင့်တာ လုပ်ခွင့်ရနိုင်ပါတယ်။

ကိုဗစ်– ၁၉ ပိုးတွေ့အတည်ပြုလူနာဖြစ်နေပြီ၊ ရောဂါလက္ခဏာတွေလည်း တွေ့နေရပြီဆိုသူတွေအတွက် ဒီကိရိယာလေးက အတော်အသုံးဝင်နေပါပြီ။ ကျန်းမာရေးစောင့်ရှောက်မှုပေးနေသူများနည်းတူ မိမိတို့ကလည်း လိုအပ်ရင် ပါဝင်ကူညီပေးနိုင်ပါတယ်။ အောက်စီမီတာက သွေးတွင်းအောက်ဆီဂျင်ပမာဏကို ပြတယ်ဆိုတော့ ဟုတ်ပါပြီ။ သူက "OK" လို့ ဆိုတိုင်း မကျေနပ်ပါနဲ့ဦး။ မိမိမှာအဆုတ်နဲ့ပတ်သက်တာ နှလုံး၊ ဆီးချို၊ သွေးတိုးစတဲ့ ရောဂါများမရှိသေးဘူးလို့ မဆိုနိုင်ပါဘူး။ Risk Factors ခေါ်တဲ့ ဆေးလိပ်သောက်တတ်တာ၊ ကိုယ်အလေးချိန်တိုးတာ၊ ကိုယ်လက်လှုပ်ရှားမှု နည်းတာ၊ စိတ်ဖိစီးမှုများတာ၊ ကျန်းမာရေးနဲ့ မညီညွတ်တဲ့စားသောက်နေထိုင်မှုတွေ ရှိနေတာဆိုရင်တော့ လိုအပ်တဲ့ စစ်ဆေးမှုတွေလုပ်ဖို့ မမေ့သင့်ပါဘူး။ အောက်စီမီတာက ပုံမှန်အားဖြင့် 95 % မှာ အနည်းဆုံးရှိနေသင့်ကြောင်း ပြသလေ့ရှိပါတယ်။ အဲဒီထက်နည်းသွားရင် သတိပေးသံထွက်လာလေ့ရှိပါတယ်။

**သတိပြုသင့်သည်များ**

အောက်ပါအခြေအနေများမှာ အောက်စီမီတာကို သုံးရင် မမှန်နိုင်တာတွေ့ရပါတယ်။

မိမိမှာသွေးကြောနဲ့ ပတ်သက်တဲ့ရောဂါများ–ဥပမာ ခြေလက်များရှိ သွေးကြောကျဉ်းရောဂါများ (Raynold's phenomenum ရေးနေ့ရောဂါ) စသည်များ လေဖြတ်ခံထားရလို့ခြေလက်များပုံမှန်မဖြစ်နေရင် စတဲ့အခြေအနေများ အကြောင်းတစ်ခုခုကြောင့် လက်ချောင်းများအေးစက်နေတာမျိုးဆိုရင် တိုင်းတဲ့အခါ မမှန်နိုင်ပါဘူး။ Raynold's Phenomenom ဆိုတာကတော့ သွေးကြောလေးများ ကျဉ်းမြောင်းပိတ်ဆို့တာ ဖြစ်ပါတယ်။ အမျိုးသမီးများမှာ အဖြစ် များပါတယ်။ သွေးကြောများ ပိတ်ဆို့လို့လက်ချောင်းလေးများအေးလာကာ ဖြူလာလိုက်၊ နီလာလိုက်ဖြစ်တတ်ပါတယ်။ ပြီးတော့လက်သည်းအမည်းရောင်၊ အပြာရောင်လိုမျိုး ဆိုးထားရင်လည်း မမှန်နိုင်ပါဘူး။ Infrared rays အနီအောက်ရောင်ခြည်များကို အနှောင့်အယှက်ပြုနိုင်လို့ ဖြစ်ပါတယ်။ Hypothyroidism ခေါ်သိုင်းရွိုက်ဂလင်း အားနည်းခြင်း၊ သွေးအားနည်းခြင်း၊ SLE ခေါ်ကိုယ်ခံအားဖောက်ပြန်မှု ရောဂါတစ်မျိုး၊ Beta– blocker ဘီတာ သလော်ကာခေါ် သွေးတိုး၊ နှလုံးဆေး (ဥပမာ ပရိုပရာနိုလောလ်) ကဲ့သို့ဆေးများ သုံးစွဲထားစဉ်တို့မှာလည်း သတိပြုတိုင်းတာသင့်ပါတယ်။

အခုတင်ပြထားသည်များကတော့ အမေရိကန်နိုင်ငံ ဟူစတန်မက်သထစ်ဆေးရုံ Houstan Methodist Hos–pital မှ အဆုတ်ရောဂါပညာရှင် Pulmonologist– Tim Connolly တင်မ်ကွန်နိုလီရဲ့ Can Oximeter Help Detect At Home ဆောင်းပါးကို သင့်လျော်သလို ဖော်ပြလိုက်ခြင်း ဖြစ်ပါတယ်ခင်ဗျား။ ။



ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီ(၆)ရပ်ကွက်ရှိစက်မှုလက်မှုကျောင်းအသွားအလာကန့်သတ်ထားသည့်နေရာတွင် သောက်သုံးရေအခက်အခဲအတွက် မြန်မာနိုင်ငံမီးသတ်ဌာနချုပ်၏ ကြီးကြပ်စီစဉ်မှုဖြင့် ဌာနချုပ်မှရေသယ်ယာဉ်တစ်စီး၊ နာရေးကူညီမှု(ရန်ကုန်)သီးသန့် မီးသတ်တပ်ဖွဲ့မှ ရေသယ် ယာဉ်တစ်စီးတို့ဖြင့် သောက်သုံးရေ ဂါလန် ၅၄၀၀ ကို အောက်တိုဘာ ၁ ရက်က အထောက်အပံ့ပြုဖြည့်တင်းလှူဒါန်းမှုပေးခဲ့စဉ်။

မျိုးမင်းသိန်း(မရမ်းကုန်း)

## ရှမ်းပြည်နယ်မြောက်ပိုင်းမှ သူနာပြု ၂၀ ရန်ကုန်မြို့သို့ သွားရောက်ကူညီတာဝန်ထမ်းဆောင်ရန် လားရှိုးမြို့မှထွက်ခွာ

လားရှိုး အောက်တိုဘာ ၂

ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် ရန်ကုန်မြို့သို့ သွားရောက်ကူညီတာဝန်ထမ်းဆောင်ရန် ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းရှိ နေရာဒေသအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသောသူနာပြု ၂၀ မှာ ယမန်နေ့က လားရှိုးမြို့မှ ထွက်ခွာသွားကြောင်း သိရသည်။



ကိုဗစ်–၁၉ ကူးစက်ခံရသူများအား ပြုစုကုသနိုင်ရေးအတွက် ရန်ကုန်မြို့သို့ သွားရောက်ကြမည့် သူနာပြု ၂၀ ကို အောက်တိုဘာ ၁ ရက်က လားရှိုးမြို့ရှိ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံးအစည်းအဝေးခန်းမ၌ တွေ့ဆုံခဲ့ပြီး ရှမ်းပြည်နယ်မြောက်ပိုင်း ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ တင်မောင်ညွန့်၊ လားရှိုးဆေးရုံအုပ်ကြီး ဒေါက်တာ ဉာဏ်မြင့်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုအားပေးစကားများ ပြောကြားသည်။

ခရီးစဉ်အတွင်း အသုံးပြုရန်အတွက် ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကမ္ဘောဇဘဏ်လီမိတက်က ရန်ကုန်မြို့သို့ သွားရောက်မည့် ကျန်းမာရေး ဝန်ထမ်းများအတွက် ထောက်ပံ့ငွေတစ်ဦးလျှင် ငွေကျပ်နှစ်သိန်းစီကိုလည်းကောင်း၊ ပြည်နယ်ကြက်ခြေနီကြီးကြပ်မှု ကော်မတီက တစ်ကိုယ်ရေသုံးပစ္စည်းများနှင့် လားရှိုးမြို့ပေါ်ရှိ စေတနာရှင်အလှူရှင်များက ထောက်ပံ့ငွေ၊ ကျန်းမာရေးသုံး ပစ္စည်းများကိုလည်းကောင်း ပေးအပ်ကြောင်း သိရသည်။

စိုင်းထွန်း (လားရှိုး)

## မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း အထူးအစည်းအဝေးဖိတ်ကြားလွှာ

မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း၏ ဗဟို အလုပ်အမှုဆောင်အဖွဲ့ (၂၀၁၇-၂၀၂၀ ခုနှစ် )သက်တမ်း သည် ၂၀၂၀ ပြည့်နှစ် ဧပြီ ၂၉ရက်တွင် သက်တမ်းစေ့ရောက် ကုန်ဆုံးသွားပြီး ဖြစ်သော်လည်း ယခု Covid- 19 ရောဂါ ဖြစ်ပွားနေမှု အနေအထား အရ (၂၀၂၀-၂၀၂၃ ခုနှစ်)သက်တမ်းအတွက် ဗဟိုအလုပ်အမှုဆောင် အဖွဲ့သစ် ဖွဲ့စည်းနိုင်ခြင်းမရှိသေးပါသဖြင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့သစ် ရွေးချယ်တင်မြှောက်ဖွဲ့စည်းပြီးသည်အထိ လက်ရှိ ဗဟိုအလုပ်အမှုဆောင်အဖွဲ့(၂၀၁၇-၂၀၂၀ ခုနှစ်) မှ ဆက်လက်တာဝန်ယူ ဆောင်ရွက်ပေးနိုင်ရေးအတွက် ဆွေးနွေးဆုံးဖြတ်နိုင်ရန် (Extraordnary General Meeting) အထူးအစည်းအဝေးကို အောက်ပါ အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

Extraordnary General Meeting အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် ဇုန်အသီးသီးမှ (၂၀၂၀-၂၀၂၃ ခုနှစ်) သက်တမ်းအတွက် ရွေးချယ်ပြီးသော ဥက္ကဋ္ဌများ အောက်ပါအစီအစဉ်အတိုင်း တက်ရောက်ပေးပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၅-၁၁-၂၀၂၀ရက်(ကြာသပတေးနေ့)
အချိန် - နံနက် ၁၀နာရီ
နေရာ - Zoom Meeting

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ချင်းပြည်နယ်၊ ဟားခါးမြို့

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(Open Tender)ကြော်ငြာခေါ်ယူခြင်း

၁။ ချင်းပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနတွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက် မည့် (ရေမီးမိလ္လာလုပ်ငန်းနှင့် အခြားဆက်စပ်လုပ်ငန်း အပါအဝင် )ကျပ်သန်း(၁၀၀)အထက် တည်ဆောက်ရေးလုပ်ငန်း(၇) ခု နှင့် ကျပ်သန်း(၁၀၀)အောက် တည်ဆောက်ရေး လုပ်ငန်း(၃)ခု စုစုပေါင်း တည်ဆောက်ရေးလုပ်ငန်း ၁၀ခုနှင့် ရုံးသုံးစက်ပစ္စည်း၊ ပရိဘောဂ ပစ္စည်းတို့အတွက် အိတ်ဖွင့်တင်ဒါ (Open Tender )အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူဆောင်ရွက်လိုပါသဖြင့် စိတ်ပါဝင်စား၍ လုပ်ငန်း ဆောင်ရွက်လိုသော ကုမ္ပဏီများအနေဖြင့် တင်ဒါတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်၊ တင်ဒါလျှောက်လွှာ လက်ခံမည့်ရက်၊ တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်၊ တင်ဒါလျှောက်လွှာ ဖွင့်မည့်ရက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်/အချိန် - ၅-၁၀-၂၀၂၀ရက်၊ ၁၀:၀၀နာရီ
(ခ) တင်ဒါလျှောက်လွှာ လက်ခံမည့်ရက်/အချိန် - ၅-၁၀-၂၀၂၀ရက် ၁၀:၀၀ နာရီ
(ဂ) တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်/အချိန် - ၄-၁၁-၂၀၂၀ရက် (၁၄:၀၀)နာရီ
(ဃ) တင်ဒါလျှောက်လွှာ ဖွင့်မည့်ရက်/အချိန် - ၁၆-၁၁-၂၀၂၀ရက် ၁၀:၀၀ နာရီ

၃။ တင်ဒါလျှောက်လွှာ များကို စတင်ရောင်းချမည့်ရက်မှစ၍ ချင်းပြည်နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် ၀၇၀-၂၂၃၉၉ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါကော်မတီ
ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ဟားခါးမြို့

## ပြင်ဆင်မှုလျှောက်လွှာကို ကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို လျှောက်ထားခံရသူထံသို့ အကြောင်းကြားစာ

(တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅)
ပြည်ထောင်စု တရားလွှတ်တော်ချုပ်၌
၂၀၂၀ ပြည့်နှစ် တရားမပြင်ဆင်မှုအမှတ် - ၅၆၂ / ၅၆၃

ဦးမြင့်အောင် နှင့် လျှောက်ထားသူ

ဦးတင်ဦး(ခ)ဦးမျိုးမြင့် လျှောက်ထားခံရသူများ
(၎င်း၏ ကိုယ်စားလှယ်စာရသူ ဒေါ်အေးစုစုစံ) ပါ-၂
ဒေါ်ခင်ကြည် ပါ-၂

၂၀၂၀ ပြည့်နှစ် ဇွန် ၂၅ ရက်စွဲပါ ရှမ်းပြည်နယ် တရားလွှတ်တော်၏ ၂၀၁၉ခုနှစ် တရားမပြင်ဆင်မှု အမှတ် ၁၄၁ နှင့် ၁၄၈ တို့၏ စီရင်ချက်နှင့် ထုံးပုံကျ အပြီးသတ်အမိန့်မှ ပြင်ဆင်မှု လျှောက်လွှာများနှင့် ပတ်သက်၍လျှောက်ထားခံရသူ (၂) ဒေါ်တင်တင်ဝင်း (ခ)မနီ၊ အမှတ် ၁၆၀၊ ရပ်ကွက်(၉)၊ နယ်မြေ (၆-က)၊ အေးသာယာမြို့သစ်၊ တောင်ကြီးမြို့ (ယခင်လိပ်စာ၊ယခုလိပ်စာ မသိနေ) သိစေရမည်။

ဤအမှုတွင် ရှမ်းပြည်နယ်တရားလွှတ်တော်၏ စီရင်ချက်နှင့် ထုံးပုံကျ အပြီးသတ်အမိန့်မှ ပြင်ဆင်မှုလျှောက်လွှာ တစ်စောင်ကို တရားလွှတ်တော်ရှေ့နေ ဦးထိန်လင်း၊ ဦးကျော်စွာဝင်း တို့က တင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုပြင် ဆင်မှု လျှောက်လွှာ ကို ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာ ၂၈ ရက် နံနက် ၁၀နာရီတွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆို လိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေကဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၀ပြည့်နှစ် စက်တင်ဘာ ၂၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင်းသိန်း)
လက်ထောက်ညွှန်ကြားရေးမှူး
တရားမတရားစီရင်ရေးဌာန
ပြည်ထောင်စု တရားစီရင်ရေးကြီးကြပ်မှုရုံး

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးခြင်း

ဦးရန်နိုင်၁၀/မဒန(နိုင်)၀၄၅၄၉၉ နှင့် ကျွန်မဒေါ်စမ်းစမ်းမြင့် ၁၀/မဒန(နိုင်)၀၉၂၂၈၅တို့သည် ၉-၉-၂၀၂၀ရက်တွင် မုဒုံမြို့နယ် တရားရုံး မှတ်ပုံတင်အမှတ်စဉ်၂၆/၂၀၂၀ ဖြင့် နှစ်ဦးသဘောတူ လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်ချုပ်ဆို၍ ပြတ်စဲခဲ့ကြပြီးဖြစ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
ဒေါ်စမ်းစမ်းမြင့်၁၀/မဒန(နိုင်)၀၉၂၂၈၅

## ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ကရင်ပြည်နယ် မီးသတ်ဦးစီးမှူးရုံး (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကရင်ပြည်နယ် မီးသတ်ဦးစီးမှူးရုံး၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် အောက်ဖော်ပြပါ ပစ္စည်းများအား ဝယ်ယူရန် ပြည်တွင်း/ပြည်ပကုမ္ပဏီများအား တင်ဒါတင်သွင်းရန် ဖိတ်ခေါ် အပ်ပါသည်-

| | | | |
|---|---|---|---|
| **(က) မီးသတ်ယာဉ်များ** | | | |
| | (၁) မီးငြှိမ်းသတ်ယာဉ်(၄)စီး | | Lot(1) |
| | (၂) မီးသတ်ရေသယ်ယာဉ်(၄)စီး | | Lot(2) |
| | - ရေဂါလန် (၁၆၀၀)ဆံ့ (၂)စီး | | |
| | - ရေဂါလန် (၃၂၀၀) ဆံ့(၂)စီး | | |
| **(ခ) မီးငြှိမ်းသတ်ရေး ပစ္စည်း ကိရိယာများ** | | | Lot(3) |
| | (၁) ရေပက်ပိုက်လိပ်(40 mm x 20 mm) | ၂၀၀ လိပ် | |
| | (၂) ရေပက်ပိုက်လိပ်( 65 mm x 20 mm) | ၁၅၀ လိပ် | |
| | (၃) 3D Nozzel(38 mm) | ၁၅ ခု | |
| | (၄) Personal Protective Equipment | ၁၀ စုံ | |
| **(ဂ) အသက်ရှူကိရိယာ(BA Set)** | | ၅၀ စုံ | Lot(4) |
| **(ဃ) မီးငြှိမ်းသတ်ရေး အထောက်အကူပြု ပစ္စည်းများ** | | | Lot(5) |
| | (၁) Aiwe Filling Machine (လေအိုးဖြည့်စက်) | ၆ လုံး | |
| | (၂) Bio Foam အမြှုပ်ဆေးရည်( 200 Liter) | ၂၀ ပီပါ | |
| **(င) ရှာဖွေကယ်ဆယ်ရေး ပစ္စည်းများ** | | | Lot(6) |
| | (၁) Carabiner (USA) | ၁၀၀ ခု | |
| | (၂) အသက်ကယ်ကြိုး(100f) | ၃၂ ချောင်း | |
| | (၃) Harness | ၇၀ စုံ | |
| | (၄) ဓာတ်မီး(Search Light) | ၁၅ ခု | |
| | (၅) အသက်ကယ်ဖောကွင်း | ၅၀ ကွင်း | |
| | (၆) Life Jacket | ၁၇၃ ထည် | |
| **(စ) ရုံးသုံး စက်ကိရိယာ** | | | Lot(7) |
| | (၁) ကွန်ပျူတာ | ၄လုံး | |
| | (၂) ပရင်တာ | ၄ လုံး | |
| | (၃) မိတ္တူကူးစက် | ၄လုံး | |
| | (၄) ဖက်စ် | ၄လုံး | |
| | (၅) သုံးချောင်းထောက်ပရိုဂျက်တာ | ၄လုံး | |
| | (၆) Camera | ၄လုံး | |
| **(ဆ) ရုံးသုံး ပရိဘောဂပစ္စည်းများ** | | | Lot(8) |
| | (၁) သံဗီရို | ၁၀ လုံး | |
| | (၂) အရာရှိစားပွဲ(၆)ပေ(၃)ပေ | ၅ လုံး | |
| | (၃) ဆုံလည်ကုလားထိုင် | ၅လုံး | |
| | (၄) အမှုထမ်းစားပွဲ(၅)ပေ(၃)ပေ | ၁၀လုံး | |
| | (၅) လက်တန်းပါ ကုလားထိုင် | ၁၀ လုံး | |
| | (၆) ပလတ်စတစ်ထိုင်ခုံ(လက်တန်းပါ) | ၅၀ လုံး | |
| | (၇) ပလတ်စတစ်ထိုင်ခုံ(လက်တန်းမပါ) | ၅၀ လုံး | |
| | (၈) ဖိုင်တင်စင်ကြီး(၆)ပေ(၃)ပေ | ၁၀ ခု | |
| | (၉) ဆိုဖာဆက်တီ(၅)စုံ | ၅ စုံ | |
| | (၁၀) စကားပြောစင် | ၁ ခု | |

၂။ တင်ဒါလျှောက်လွှာများကို ကရင်ပြည်နယ် မီးသတ်ဦးစီးမှူးရုံး၊ ဘားအံမြို့တွင် အောက်ပါ အတိုင်း တင်သွင်းရန်နှင့် သတ်မှတ်ရက် ထက်ကျော်လွန်သော အိတ်ဖွင့်တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ-

(က) တင်ဒါလျှောက်လွှာဝယ်ယူရန် - ၅-၁၀-၂၀၂၀ရက်မှစတင်၍ ယူနိုင်ပါသည်။
(ခ) တင်ဒါလျှောက်လွှာ တင်သွင်းရမည့်ရက် - ၅-၁၀-၂၀၂၀ရက် မှ ၄-၁၁-၂၀၂၀ရက်အထိ

၃။ အသေးစိတ် သိရှိလိုပါက ကရင်ပြည်နယ် မီးသတ်ဦးစီးမှူးရုံး(ဘားအံမြို့) သို့ ဖုန်းနံပါတ် ၀၅၈-၂၂၆၀၆၊ ၀၅၈-၂၂၇၅၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ
ကရင်ပြည်နယ်မီးသတ်ဦးစီးမှူးရုံး၏
ငွေလုံးငွေရင်းဖြင့်ဆောင်ရွက်မည့်တင်ဒါလုပ်ငန်းများ

## ကန့်ကွက်နိုင်ကြောင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊မြေတိုင်းရပ်ကွက် အမှတ် (၄/ရွှေကြာပင်)၊ မြေကွက်အမှတ် (၃၂၈)၊ ဦးတင်လှ အမည်ပေါက် မြေကွက် အတွက် မြေပေးမိန့်ထုတ်ပေးပါရန် ဦးတင်လှ(သေဆုံး)သဖြင့် ဇနီးဖြစ်သူ ဒေါ်အုန်းကျင်(ဘ)ဦးထွန်း စိန် ၉/ပမန(နိုင်)၁၀၉၈၅၀ မှမြေချလစ်မှုရင်း၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ် (၂၃၁၄/၂၀၂၀)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ၎င်းမြေကွက်ကို ချထားပေးသည်မှာ မှန်ကန်ကြောင်း အသိ သက်သေ(၃)ဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်များတင်ပြပြီး မြေပေးမိန့်လျှောက်ထားခြင်းကို ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပေးမိန့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

ရွှေဘိုခရိုင်၊ ရွှေဘိုမြို့၊ အထက-၂ တွင် အလပြ တာဝန်ထမ်းဆောင်နေသော ဒေါ်ဆွေဆွေဝင်းနှင့် ဒေါ်ခင်ဆွေဝင်း ၅/ရဘန(နိုင်) ၀၁၂၃၇၆ မှာတစ်ဦးတည်းဖြစ်ပါကြောင်း။

## လုပ်ငန်းအမှတ်တံဆိပ် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ သံလွင်လမ်း၊ အမှတ်(၉၉/အို)နေ ဒေါ်အေးအေးမြင့်(ဘ) ဦးတန်ချင်စွီး ၁၂/လမတ(နိုင်)၀၂၃၉၁၀၉၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေသည် အောက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်များကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် (၇-၃-၂၀၁၉)ရက်နေ့၌ မိမိတို့မူပိုင်လုပ်ငန်းအမှတ်တံဆိပ်အဖြစ် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

Amazing Ngapali Resort — A Taste of Paradise
စာချုပ်အမှတ်(၄/၁၇၃၄၅/၂၀၁၉)

Amazing Bagan Resort — A Taste of Paradise
စာချုပ်အမှတ်(၄/၁၇၃၅၆/၂၀၁၉)

Amazing Chaung Tha Resort — A Taste of Paradise
စာချုပ်အမှတ်(၄/၁၇၃၅၅/၂၀၁၉)

Amazing Kengtong Resort — A Taste of Paradise
စာချုပ်အမှတ်(၄/၁၇၃၄၉/၂၀၁၉)

Hotel Amazing Nyaung Shwe — Simply The Best
စာချုပ်အမှတ်(၄/၁၇၃၄၆/၂၀၁၉)

Hotel Amazing Mandalay — Simply The Best
စာချုပ်အမှတ်(၄/၁၇၃၅၄/၂၀၁၉)

Hotel Amazing Kaytu — Simply The Best
စာချုပ်အမှတ်(၄/၁၇၃၄၄/၂၀၁၉)

A.N.A.N.T.A BAGAN
စာချုပ်အမှတ် (၄/၁၇၃၄၈/၂၀၁၉)

A.N.A.N.T.A INLAY
စာချုပ်အမှတ် (၄/၁၇၃၅၂/၂၀၁၉)

Breeze Resort Chaung Tha
စာချုပ်အမှတ်(၄/၁၇၃၅၀/၂၀၁၉)

Paramount Inle Resort — Wow!
စာချုပ်အမှတ်(၄/၁၇၃၄၃/၂၀၁၉)

Hotel Marvel — By Amazing
စာချုပ်အမှတ်(၄/၁၇၃၄၇/၂၀၁၉)

Amazing Holidays — Hotels & Resorts
စာချုပ်အမှတ်(၄/၁၇၃၅၃/၂၀၁၉)

အထက်ဖော်ပြပါလုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားများဖြင့် "ဟိုတယ်နှင့်ခရီးသွားဝန်ဆောင်မှုလုပ်ငန်း" များကို မိမိတို့လုပ်ငန်းနှင့်စပ်လျဉ်းပတ်သက်သော ကိစ္စများပေါ်တွင် ၎င်းလုပ်ငန်းအမှတ်တံဆိပ်အမည်အသားတို့ကို လုပ်ငန်းနှင့်ဆက်နွယ်လျက်ရှိသော ဆိုင်းဘုတ်၊ ဘလောက်၊ တီဗွီ၊ မဂ္ဂဇင်း၊ စာစောင်၊ ကြော်ငြာ၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး၊ ဗီနိုင်း၊ Letter Head, Internet, Website, Facebook page, E-mail, Social Media များတွင်လည်း ထည့်သွင်းအသုံးပြု၍ နိုင်ငံတစ်ဝန်းလုံးတွင် အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါလုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားများကို မိမိမူပိုင်အဖြစ်အသုံးပြုလျက်ရှိရာ လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှားတုပပြုလုပ်၍ လုပ်ကိုင်ဆောင်ရွက်အသုံးပြုခြင်းများကို မပြုလုပ်ကြရန်နှင့် အကယ်၍တုပပြုလုပ်သုံးစွဲနေသည်များကို တွေ့မြင်ကြားသိရပါက လုပ်ငန်းအကျိုးစီးပွားနှင့်စပ်လျဉ်း၍ထိခိုက်နစ်နာဆုံးရှုံးမှုအရပ်ရပ်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ၎င်းလုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားများဖြင့် (အမည်တူ) ကန့်ကွက်လိုပါက သတင်းစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိမ့်စာဦး (စဉ်-၃၄၇၈၂) အထက်တန်းရှေ့နေ**
**အမှတ်(၁၁၂၈)၊ သရဖီ(၇)လမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ စက်မှု (၃) လမ်း၊ ဒုတိယထပ်၊ အမှတ်-(၁၆၇)တွင် တည်ရှိသော **R D C COMPANY LIMITED** သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ တစ်ဦးတည်းမူပိုင် ကုန်အမှတ်တံဆိပ်အဖြစ် မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။

USHIDO&INSIN

(၄/၂၃၈၂/၂၀၀၉) (၄/၇၇၀၇/၂၀၁၈)

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို အရောင်အသွေးအမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးဖြင့် ပြုလုပ်ပြီး တစ်ကိုယ်ရည်သုံးအလှကုန်ပစ္စည်းအမျိုးမျိုး၊ လူသုံးကုန်ပစ္စည်းအမျိုးမျိုးကို ပြည်ပမှ မှာယူတင်သွင်း၍လည်းကောင်း၊ ပြည်တွင်း၌ထုတ်လုပ်၍သော်လည်းကောင်း အသုံးပြုရောင်းချသွားမည်ဖြစ်ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝှမ်းနှင့် ပြည်ပနိုင်ငံများသို့ပါ ဖြန့်ချိရောင်းချသွားမည် ဖြစ်ပါသည်။

မည်သူမဆို အဆိုပါကုန်အမှတ်တံဆိပ်ကို **R D C COMPANY LIMITED** ၏ တရားဝင်ခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ အတုပြုလုပ်ခြင်း၊ ထင်ယောင်ထင်မှားပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ တစ်နည်းနည်းဖြင့် တုပပြုလုပ်သုံးစွဲပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်ခိုင်ဦး *LL.M* အထက်တန်းရှေ့နေ (စဉ်-၄၅၉၀၅)
**MYANMAR TRADEMARK AND PATENT LAW FIRM**
E-mail: info@htiplawfirm.com
အခန်း- ၃၀၄၊ တတိယထပ်၊ အမှတ်- ၅၆၇၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၇၆၃၁၈၊ ၀၉ ၅၀၉၅၄၆၅

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ အမှတ် ၂၁၊ လက်ယက်စမ်းကျေးရွာ၊ ကွင်းအမှတ် (၆၆၅-D)၊ ကညင်ပင်ချောင်းတောင်၊ ဦးပိုင်အမှတ်(၁၃၅/ဃ)၊ လယ်မြေ ၄ဒသမ ၂၉ ဧက၏ အကျိုးခံစားခွင့် အရပ်ရပ်တို့အား တရားဝင် အမည်ပေါက် လက်ဝယ်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ရီရီဆွေ ၁၂/ပဇတ(နိုင်)၀၁၃၄၁၅ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ လယ်မြေနှင့် လယ်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ဆိုင်ရေး ဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာ ပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံခိုင်မာသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံ လာရောက်ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်း မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမန်းမိုက်ကယ်လ်တင်
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၈၁၇)
ဖုန်း-၀၉-၃၁၃၇၉၇၆၆၊ ၀၉- ၂၅၀၃၅၇၅၇၄
အမှတ် ၂၇၊ (ဒု-ယာ)၊ အိမ်ကြီးလမ်း(ရေကျော်)(၉)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့

## အဆင့်မြင့်ပညာဦးစီးဌာန၊ ကလေးတက္ကသိုလ် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် အဆင့်မြင့်ပညာဦးစီးဌာန၊ ကလေးတက္ကသိုလ်တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ် အပ်ပါသည်။

(lot-1) (၃)ထပ်စာသင်ဆောင် (၁)လုံး ဆောက်လုပ်ခြင်းလုပ်ငန်း (၁၉၂'x ၃၈) RCC(ရေ မီး အပါအဝင်)

(lot-2) ပြင်ပရေရရှိရေးလုပ်ငန်း စက်ရေတွင်း(၁)တွင်း တူးဖော်ခြင်း( 8''Ø ) (700.ft)Tube well. Pump House (14' x 12'), 10HP Submersible Pump , 20 KVA Regulator, 20 KVA 3 Ø Dynamo + 33 Hp Engine with Start mortor ) လျှပ်စစ်မီး တပ်ဆင်ခြင်းအပါအဝင်

(lot-3) (၁)ထပ် အားကစားလေ့ကျင့်ရေးခန်းမ(၁)လုံး ဆောက်လုပ်ခြင်းလုပ်ငန်း (၈၀' x ၃၈' x ၁၆')(၃၂၄၀ စ/ပေ) RCC (ပြင်ပရေရရှိရေးနှင့် ပြင်ပမီး ဆက်သွယ်တပ်ဆင်ခြင်းအပါအဝင်)

(lot-4) တင်းနစ်ကွင်း(၂)ကွင်းတည်ဆောက်ခြင်းလုပ်ငန်း (ကျား/မ)

(lot-5) (၂)ခန်းတွဲ (၁)ထပ် စားသောက်ဆိုင် (၃)လုံး ဆောက်လုပ်ခြင်း လုပ်ငန်း(၄၀'x ၃၅')RCC (ရေမီး အပါအဝင်)

(lot-6) အုတ်တံတိုင်းဖြင့် ခြံစည်းရိုးကာရံခြင်း(၇၁၀၀' x ၆')

(lot-7) 315 KVA Transformer (၁)လုံး တပ်ဆင်ခြင်း 11KVA မီးလိုင်း (340)၊ သွယ်တန်းခြင်း (0.4)KV မီးလိုင်း (1400)၊ သွယ်တန်းဆင်း အပါအဝင်

(lot-8) ၁၆၀ ဦးဆံ့ ကျောင်းသား/သူအိပ်ဆောင်(၂)ထပ်၊(၁)လုံး ဆောက်လုပ်ခြင်း(၃၁၀၈၀ စ/ပေ)RCC နှင့် အိပ်ဆောင် ၂၄၆၈၀ စ/ပ ) ထမင်းစားဆောင် ၆၄၀၀ စ/ပေ)(ရေမီး အပါအဝင်) ကွန်ကရစ်လမ်း(၉၀၀' x ၁၄') ၄ '' ရေတွင်း ၊ ဂါလန် ၁၅၀၀ ဆံ့ ရေလှောင်ကန် ၊ ဂါလန် (၁၀၀၀၀)ဆံ့ ကွန်ကရစ်ရေစင် ၊ ခြံစည်းရိုး (၁၅၀၀' x ၇') ပြင်ပ လျှပ်စစ်သွယ်တန်းခြင်းလုပ်ငန်း။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂-၁၀-၂၀၂၀ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၃-၁၁-၂၀၂၀ ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ တင်ဒါများ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ် အချက်အလက်များကို ဖုန်း-၀၉-၂၅၇၃၄၉၁၇၁ နှင့် ၀၉-၄၂၈၁၈၅၅၈၁ တို့တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**ကလေးတက္ကသိုလ်**

## အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် နောက်ဆုံးနေ့ရက်နှင့် အချိန်အား ပြင်ဆင်သတ်မှတ်ခြင်း

၂-၉-၂၀၂၀ ရက်နှင့် ၄-၉-၂၀၂၀ရက်ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံ သတင်းစာများတွင် ထည့်သွင်းကြော်ငြာခဲ့သည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း တည်ဆောက်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် နောက်ဆုံးနေ့ရက်နှင့် အချိန်အား အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်လိုက်သည်-

(၁) **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် နောက်ဆုံးနေ့ရက်/အချိန်** - ၂-၁၀-၂၀၂၀ရက် (သောကြာနေ့) မွန်းလွဲ ၁၅:၀၀နာရီ

(၂) **ပြင်ဆင်သတ်မှတ်သည့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် နောက်ဆုံးနေ့ရက်/အချိန်** - ၅-၁၁-၂၀၂၀ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁၅:၀၀ နာရီ

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ရန်ကုန်တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး၊ ရန်ကုန်မြို့**

## ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁၆) ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ တင်ဒါအမှတ်(၁/၂၀၂၀-၂၀၂၁)

၁။ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁၆)မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဧရတ်ကောင်း-ဂေါ်ရန်ဂျီကျွန်း လမ်းပေါ်ရှိ ချောင်း၀ တံတားတည်ဆောက်ခြင်းလုပ်ငန်းအတွက် လိုအပ်သောလုပ်ငန်း သုံးပစ္စည်းများဖြစ်သော ဘိလပ်မြေ၊ ခွဲကျောက်နှင့် ဒီဇယ်ဆီများအား လုပ်ငန်းခွင်အရောက် မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါ၍ လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါလျှောက်လွှာများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁-၁၀-၂၀၂၀ရက် မှ ၂၆-၁၀-၂၀၂၀ရက်အထိ

၃။ **တင်ဒါပုံစံ ပိတ်မည့်ရက်/အချိန်** - ၂၇-၁၀-၂၀၂၀ ရက် (၁၆:၀၀)နာရီ

၄။ **တင်ဒါရွေးချယ်မည့်ရက်/အချိန်** - ၂၈-၁၀-၂၀၂၀ရက်၊ နံနက် ၁၀ နာရီ

၅။ **တင်ဒါပုံစံရောင်းချမည့်နေရာ** ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး တံတားအထူးအဖွဲ့(၁၆)၊ ပုသိမ်မြို့ (ပုသိမ်ကြိုးတံတားအနီး)

၆။ **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး တံတားအထူးအဖွဲ့(၁၆)၊ ပုသိမ်မြို့ (ပုသိမ်ကြိုးတံတားအနီး)

၇။ တင်ဒါလျှောက်လွှာပုံစံ ၊ လုပ်ငန်းသုံးပစ္စည်း၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ် အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း- ၀၉-၄၂၄၅၂၃၃၈၊ ၀၉-၄၂၀၀၈၃၈၉၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တိုင်းဒေသကြီး တင်ဒါကော်မတီ**
**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**တံတားအထူးအဖွဲ့(၁၆)**
ဖုန်း- ၀၉- ၄၂၄၅၂၃၃၈၊ ၀၉- ၄၂၀၀၈၃၈၉၅

